


ဘောဂိုလင်း

အောင်ရဲလင်း

ချစ်သူမျက်နှာ ဝက်ပါဒက်ဝိုင်း

# သိုင်းသံသရာ

(ဇာတ်သိမ်းပိုင်း)

## ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးအမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများ အား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကျုံးစန်းလျှိုမှ မိတ်ဆုံစားပွဲ

ချင်ရှီသည် နတ်မိမယ်တမျှ လှပချောမောသည့် ပြစ်မျိုး မှည့်မထင် နှင်းပွင့်မယ် ထီစင်လှမ်အား မမျှော်လင့်ဘဲအသက် ဘေးအန္တရာယ်ကို ကယ်တင်မိခဲ့ပြီးသူမ၏အလှတွင် နစ်မျော လုလုဖြစ်ခဲ့ရသော်လည်း သူ့၌ ဆက်လက် ဆောင်ရွက်ရမည့် တာဝန်များကြောင့် ဦးပေကွဲခွာပြီးလျက် ခရီးဆက်ခဲ့ရလေ သည်။

တကယ်တော့ ဤဒေသကိုသူရောက်ရှိလာခဲ့ခြင်းမှာ သူ၏ မိတ်နှစ်ပါးအား မန်ချူးများ ဖမ်းဆီးခြင်းကို ခံရအောင် ပြုလုပ်ခဲ့သည့် မန်ချူးအလိုတော်ရှိ 'သံခြေထောက်ရှောင်ရိ' ထံ လိုက်လာခဲ့ခြင်းသာ ဖြစ်၏။

မန်ချူးနယ်ချဲ့ခေတ်၌ အလိုတော်ရိဖြစ်ခဲ့သူကျန်းရှောင်ရိသည် ယခု တရုတ်ဘုရင်ကောရာဇ် သြဇာအာဏာ ပြန်လည်ရရှိလာသောကာလတွင် အန်ဟွီးနယ်မှ ထွက်ခွာလာလျက် ကျုံးစန်းလျှိုဝယ် ဂိုဏ်းသစ်တစ်ဂိုဏ်း ထူထောင်နေခဲ့သည်ဟု စုံစမ်းသိရှိသောကြောင့် ဖြစ်သည်။

ဤဒေသ၌ ရှိသည်ဟု အတိအကျ သိရှိထားသော်လည်း ကျုံးစန်းလျှိုသို့ မည်သို့ သွားရောက်ရမည်ဟု မသိနိုင်ဘဲ ရှိ၏။

ထို့ကြောင့် မြို့တစ်မြို့ရှိ ရွာတစ်ရွာကိုရောက်လျှင် စုံစမ်းမေးမြန်းမည်ဟု စိတ်ကူးလျက် ဆက်သက် ခရီးဆက်ခဲ့လေသည်။

သို့ဖြင့် မြို့လေးတစ်မြို့သို့ သူရောက်ရှိခဲ့လေသည်။လို့ကျန်ဟု အမည်ရှိသော မြို့လေးဖြစ်သည်။

စားသောက်ဆိုင် တစ်ဆိုင်သို့ ဝင်ရောက် စားသောက်လျက် ကျုံးစန်းလျှိုအား မေးမြန်းမည်ဟု ဆုံးဖြတ်ပြီး 'ဆာလျှင်လာပါ ပါတာပေးပါ' အမည်ရှိ ဆိုင်သို့ ဝင်ခဲ့လေသည်။

ဆိုင်၏ လွတ်နေသော စားပွဲတစ်လုံး၌ဝင်ရောက်ထိုင်ပြီး ခေါက်ဆွဲတစ်ပွဲ မှာကြားလိုက်ကာ စားပွဲထိုးအား ခပ်ကျယ်ကျယ်အသံဖြင့် မေးမြန်းလိုက်၏။





'ကျုံးစန်းလျှိုကို ဘယ်လိုသွားရသလဲဗျ'

'ဪ....ဆရာလေးက ကျုံးစန်းကို သွားမလို့လား၊ ခုတစ်လော အဲဒီလျှိုကိုညှော်သည်တွေ အတော်များများလာတယ်၊ မေးမြန်းတဲ့လူတွေလဲ မကြာခဏပဲဗျာ'

ထိုစဉ်ခိုက် တစ်ဖက်စားပွဲမှ သိုင်းသမားတစ်ဦး ကကြားသွားလျက် ချင်ရိ၏စားပွဲဆီသို့ ကူးလာပြီး–

'ဒီက မိတ်ဆွေရဲ့နာမည်က ဘယ်လို ခေါ်ပါသလဲ ခင်ဗျာ'

'ကျုပ်နာမည် ချင်....'

ချင်ရိ၏ ပြောကြားသည့် စကားက မဆုံးသေးမီ ထိုသိုင်းသမားက လျှင်မြန်စွာ ဝင်ရောက်ပြောကြား လာသဖြင့် ချင်ရိမှာ နာမည်ကို တစ်ပိုင်းတစ်စနှင့် ရပ်လိုက်ရလေတော့သည်။

'ဪ....ဟုတ်ကဲ့ ကျေးလက်သိုင်းသမား ချင်ဝှက်ကို ကျွန်တော်တို့ စောင့်ကြိုနေတာပဲ ဖြစ်ပါတယ်၊ ကျုံးစန်းကို ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါခင်ဗျာ'

ချင်ရိက ငြင်းရန် ပါးစပ် ဟလိုက်ပြီးမှ အကြံတစ်ခုရကာ–

'ကျုပ်က မိတ်ဆွေတစ်ဦးကို ဒီက စောင့်နေရဦးမယ်၊ ခင်ဗျားတို့တာသာ သွားနှင့်ကြပါ၊ ကျုပ်နဲ့ကျုပ်မိတ်ဆွေ လိုက်လာခဲ့ပါ့မယ်'

ဟု ပြန်လည်ဖြေကြားလိုက်သဖြင့် သိုင်းသမားသည် သူ့လူနှစ်ဦးဘက်သို့ လှည့်လျက်–

'ဘယ့်နှယ်လဲ တို့များ သွားနှင့်ကြမလားကွ'

ထိုသိုင်းသမားများကလည်း ခေါင်းများ ပြိုင်တူညိတ်၍ ချင်ရိဘက် လှည့်ပြီး–

'ဒါဆိုလဲ ကျွန်တော်တို့သွားနှင့်ကြမယ်မိတ်ဆွေ၊ ဟောဒီ လိကျွန်ရဲ့ အရှေ့စူးစူးကို ထွက်သွားပါ၊ တောင်ခြေတစ်ခုကို ရောက်လိမ့်မယ်၊ တောင်ခြေရောက်ရင် ယာဘက်ကိုလိုက်ပါ၊ အဲဒီဘောလမ်း အဆုံးမှာ ကျွန်တော်တို့ဂိုဏ်းသားတွေ ရှိနေလိမ့်မယ်ခင်ဗျ၊ အဲဒါ–ကျုံစန်းလျှိုရဲ့ အဝင်ဝပါပဲ'

'ကောင်းပြီလေ ကျုပ်တို့လိုက်လာပါ့မယ်'

သိုင်းသမား သုံးဦးမှာ ပျာယီးပျာယာနှင့် 'ဆာ့လျှင်လာပါ ပါတာပေးပါ' ဆိုင်မှ ထွက်ခွာ သွားကြလေတော့သည်။





သည့်နောက်မှ ချင်ရိသည် စားပွဲထိုးလာရောက်ချပေးသော ခေါက်ဆွဲကို ဆာလောင်နေပြီဖြစ်၍ သူက ပလုပ်ပလောင်းနှင့် စားနေလိုက်သည်။

ထိုစဉ်ခိုက် သူ့ရှေ့တွင် လူတစ်ဦး လာရောက် ရပ်သည်။

လယ်သမားတစ်ဦး ဝတ်စုံကို ဝတ်ဆင်လျက် မြက်ဦးထုပ်ဝိုင်းကြီးကို ခပ်အုပ်အုပ် ဆောင်းထားသည်။

ဓားတစ်လက်အား ကျောခွ၍ လွယ်ထား၏။

'မင်းဘယ်သူလဲ'

'ဗျာ–'

အေးစက်တိုးညင်းစွာ မေးလာသော ထိုသူ၏ အမေးကြောင့် ချင်ရိ ခေါက်ဆွဲစားနေရင်းမှ မေးကြည့် လိုက်မိသည်။

'ဘာကြောင့် ငါ့နာမည်ကို အလွဲသုံးစား လုပ်ရတာလဲကွ'

နောက်ဆက်တွဲစကားကြောင့် ချက်ချင်းပင် ချင်ရိ ရိပ်မိလိုက်တော့သည်။

'ကျေးလက် သိုင်းသမား ထင်တယ်'

'ဟုတ်တယ်'

ကျေးလက်သိုင်းသမား ချင်ဝှက်ဆိုသူက တိုပြတ်စွာဖြေလိုက်သည်။

ချင်ရိက ဖော်ရွေသောအပြုံးအားပြုံးလျက် မေးလိုက်သော်လည်း ထိုသိုင်းသမားကမူ အေးစက်တင်းမာသောမျက်နှာပေးနှင့် သူ့အား ငုံ့ကြည့်နေခဲ့သည်။

'ကျုပ်–ခင်ဗျားကို စောင့်နေတာပါ'

ချင်ရိစကား ကြားရတော့ကျေးလက်သိုင်းသမားအံ့အားသင့်သွားသည်။

'ဘာကိစ္စ ရှိလို့လဲ'

'သူတို့က ကျုပ်ကို ခင်ဗျားအမှတ်နဲ့ ပြောဆိုသွားကြတာပဲ၊ ဒါကြောင့် ခင်ဗျားရောက်လာတဲ့အထိ ကျုပ်က စောင့်ရမယ့်တာဝန်ရှိလို့ပေါ့'

'ကျုပ်....ခင်ဗျားတို့ ပြောဆိုနေတာကို အားလုံးကြားနေရတယ်၊ သူတို့ထင်မှတ်တာကို ခင်ဗျားက ဘာဖြစ်လို့မငြင်းဘဲနေတာလဲ'

'ကျုပ် ငြင်းမလို့ပါပဲ၊ ဒါပေမယ့် – သူတို့ ပြောချင်ရာပြောဆိုသွားကြတော့ ကျုပ်လဲ ဘာမှ မပြောလိုက်မိတော့ဘူး၊ ခင်ဗျားတော့ ရောက်လာမှာပဲထင်ပြီး စောင့်နေတာ၊





ခင်ဗျားရောက်လာမှ သူတို့ ပြောဆိုခဲ့တာတွေကို ပြန်ပြောမလို့ပါ၊ ခင်ဗျားအထင်မလွဲပါနဲ့'

ချင်ရိက ပြေလည်အောင် ရှင်းပြသော်လည်း ထိုကျေးလက်သိုင်းသမားကား ကျေနပ်ပုံဟန် မတူချေ။

ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ ကျုပ်အယောင်ဆောင်လိုက်တာတော့ ငြင်းမရပါဘူးဗျာ'

'ကျုပ်ဟာ ကျေးလက်သိုင်းသမား ချင်ဝှက်ပါလို့ မပြောခဲ့မိပါဘူး'

'အဲဒီလို ပြောခဲ့ရရင်လဲ ကျုပ်က ခင်ဗျားကို ခု လိုစကားပြောခွင့်မပေးတော့ပါဘူး'

ချင်ရိက သူကအထင်သေးစွာ ငုံ့ကြည့်လျက် ကြိမ်းဝါးလိုက်သည်။

'ကျုပ်တောင်းပန်ပါတယ် မိတ်ဆွေ'

'တောင်းပန်တိုင်း ကျေရမှာလားဗျ'

'ကျေခြင်းမကျေခြင်းဆိုတာ ခင်ဗျားအပိုင်းပါပဲ၊ ကျုပ်ဖက်ကတော့ တာဝန်ကျေပါပြီ'

'ဝုန်း'

ကျေးလက်သိုင်းသမားက ချင်ရီ၏စားပွဲအား လက်ဝါးနှင့် ရိုက်ချလိုက်သည်။

ချင်ရီက ထိုလက်အား တူနှစ်ချောင်းနှင့် ညှပ်ဖမ်းလိုက်၏။

ကျေးလက်သိုင်းသမားက ရုန်းကန်သည်၊ သို့ရာတွင် သူ၏လက်မှာ လွတ်ထွက်သွားချေ။

ထို့ကြောင့် အခြားလက်တစ်ဘက်က ကျောတွင်လွယ်ထားသောဓားကို ထုတ်လိုက်ပြန်သည်။

'ရှပ်'

သူတို့နှစ်ယောက်စလုံး အသံရှင်ဘက် လှည့်ကြည့်လိုက်မိကြသည်။

'ဟင် ထိစင်လွမ်'

'ဟာ ထိစင်လွမ်'

သူတို့နှစ်ဦး ပြိုင်တူခေါ်လိုက်မိကြသည်။

ပြီးတော့ တစ်ဦးကိုတစ်ဦး စိုက်ကြည့်မိကြသည်။

ထိစင့်လွမ်က သူတို့အနီးသို့ လျှောက်လှမ်းလာသည်။

ကျေးလက်သိုင်းသမားက မေးမြန်းလိုက်၏။





'နှင်းပွင့်မယ် သူ့ကိုသိလား'

ပြစ်မျိုးမှီည့်မထင် နှင်းပွင့်မယ် ထိစင့်လွမ်က ခေါင်းညိတ်ပြလိုက်သဖြင့် ကျေးလက်သိုင်းသမားက ဓားကို ပြန်ရုပ်လိုက်၏။

'နှင်းပွင့်မယ်နဲ့ သိတယ်ဆိုလို့ ကျုပ် သည်းခံလိုက်တယ်၊ နောက်တစ်ကြိမ်ဆိုရင်တော့ ကျုပ် သည်းမခံနိုင်တော့ဘူး'

'သူက ရှင့်ကို ဘာဘွေများ စော်ကားမိလို့လဲ'

'ကျုပ် အယောင်ဆောင်ပြီး ကျုံးစန်းကလူတွေကို ပြောဆိုနေတယ်'

နှင်းပွင့်မယ် ထိစင်လွမ်က ချင်ရီအား လှမ်းကြည့်သည်။

'ကျုပ်မပြောမိပါဘူး၊ သူတို့ ထင်သွားကြတာပါ၊ ဒါပေမယ့် ကျုပ်တောင်းပန်ပြီးပါပြီ'

'ဟုတ်သားပဲ၊ အစ်ကိုချင်ဝှက်ရယ်၊ သူ့ဘက်က တောင်းပန်သားပဲဟာ ကျေနပ်လိုက်ပါတော့'

ကျေးလက်သိုင်းသမားက ခေါင်းညိတ်ပြပြီး—

'ဒါတွေ ထားလိုက်ပါ၊ ဒါနဲ့နှင်းပွင့်မယ် ဘယ်ကို လာတာလဲ ကျုံးခန်းကိုပဲလား၊ ဒါဆိုရင် ကျုပ်နဲ့အတူသွားကြတာပေါ့'

'ဟင့်အင်း အစ်ကိုချင်ဝှက်၊ ကျွန်မမှာ တခြားကိစ္စရှိပါတယ်'

'ကောင်းပြီလေ၊ ဒါဖြင့် ကျုပ်သွားဦးမယ်'

ကျေးလက်သိုင်းသမား ချင်ဝှက်သည် နှင်းပွင့်မယ်ထိစင့်လွမ်အား လေးစားသော အမူအရာနှင့် နှုတ်ဆက်လေသည်။

ချင်ရိကိုလည်း တစ်ချက်စူးပြီးကြည့်ရှုသွားခဲ့၏။

ထို့နောက် ဆိုင်ထဲမှ လျင်မြန်စွာ ထွက်ခွာသွားလေသည်။

'ကျေးဇူးပါပဲ နှင်းပွင့်မယ်'

'ရှင်က ဘာဖြစ်လို့ ဟန်ဆောင်တာလဲရှင့်'

နှင်းပွင့်မယ် ထိစင့်လွမ်က သူ့အား မယုံသင်္ကာဟန်နှင့် မေးမြန်း၏။

ချင်ရိက ခေါင်းကိုရမ်းခါလိုက်ပြီး အဖြစ်မှန်များကို ပြောပြလိုက်သည်။



သူမက မျက်မှောင်လေးကြုတ်လျက် သေချာစွာ နားထောင်နေ၏။

ထို့နောက် သူမက ပြောသည်။

'အဲဒီကျေးလက်သိုင်းသမားက ခေါ်စွမ်း အလွန်ထက်တယ်ရှင့်၊ ခုတောင် ကျွန်မ အချိန်မီ ရောက်လာလို့ ရှင်သက်သာသွားတာမှတ်'

ချင်ရိကမူ ပြုံးရုံသာပြုံးပြလိုက်သည်။

'ဒါနဲ့ ရှင်ကဘယ်သွားမလို့လဲ'

သူမက ရုတ်တရက် မေးလိုက်ရာ ချင်ရိသည် မည်သို့ပြန်လည် ဖြေရမှန်းမသိအောင် ဖြစ်သွားရလေသည်။

ထို့ကြောင့် ခပ်လွယ်လွယ် ပြောချလိုက်ရသည်။

'ခြေဦးတည့်ရာပါပဲ'

နှင်းပွင့်မယ် ထိစင်လွမ်ကမူ သူ၏အဖြေအား မယုံသလို ပြုံးလျက်–

'အင်း ခြေဦးတည့်ရာသွားတဲ့လူက ဟိုမေး ဒီမေး မေးနေရသလားရှင့်'

ချင်ရိက မည်သူ့မှ ပြန်လည်မတုန့်ပြန်ဘဲ တိတ်ဆိတ်နေလိုက်ပြီး–

'ကဲ နှင်းပွင့်မယ် ကျုပ်ကို သွားခွင့်ပြုပါဦး'

'ခြေဦးတည့်ရာပဲလား'

'အင်း'

ချင်ရိုက ချာခနဲလှည့်ကာ ဆိုင်မှထွက်ခွာသွား၏။

နှင်းပွင့်မယ် ထိစင်လွမ်ကမူ ချင်ရို၏ကျောပြင်ကို မကျေမချမ်း ကြည့်ရှုရင်း နှုတ်ခမ်းလေးကို ကိုက်လိုက်သည်။

သူမအား ဥပေက္ခာပြု၍ ဒုတိယအကြိမ် ထွက်ခွာသွားခဲ့သော ချင်ရိုအား မကျေမနပ်ဖြစ်လျက် ကျန်ရစ်ခဲ့လေသည်။

'ရှင်ဘယ်အထိ ခြေဦးတည့်ရာသွားနိုင်မလဲ ကြည့်ရသေးတာပေါ့'

ရှင့်နောက်က ကျွန်မ အရိပ်လို လိုက်နေမယ်ဆိုတာ ရှင်မှတ်ထားပါ'

သူမက စိတ်ထဲမှ ကြိမ်းဝါးလိုက်ကာ အရှေ့စူးစူးသို့ လိုက်ပါသွား၏။

* * *



ချင်ရိုသည် သိုင်းသမားများ ညွှန်ခဲ့သည့်အတိုင်း အရှေ့စူးစူးအရပ်သို့ ထွက်ခွာခဲ့သည်။

တောင်ခြေကို တွေ့ရပြီး ယာဘက်တောအုပ် လမ်းလေးအတိုင်း လိုက်လာခဲ့ရာ လမ်းဆုံးသောအခါ သိုင်းသမားနှစ်ဦးက သစ်ပင်များပေါ်မှ သူ၏ရှေ့သို့ ဆတ်ခနဲ ခုန်ချလာကြ၏။

'ဘယ်ကိုသွားမလို့လဲ မိတ်ဆွေ'

သူတို့က ဓားကိုယ်စီနှင့် ဖြစ်ကြ၏။

'ဟဲ–ဟဲ–ကျုပ်လား၊ ခင်ဗျားတို့ဂိုဏ်းချုပ်ကြီး သံခြေကျင်း ကျင်းရှောင်ရှိန့် ရှင်းစရာရှိလို့ လာခဲ့တာပဲ'

'ဘာဗျ'

သိုင်းသမားနှစ်ဦးမှာ သူတို့၏ဂိုဏ်းချုပ် သံခြေထောက်ကျင်းရှောင်ရိအား လှောင်ပြောင်လျက် 'သံခြေကျင်း' ဟု ခေါ်လိုက်သဖြင့် ဓားများကို ရှပ်ခနဲ ထုတ်လိုက်ကြလေသည်။

သို့သော် သူတို့ ဓားထုတ်လိုက်သောအချိန်သည် ချင်ရိုအဖို့အလွန်မှ နှေးကွေးသည်ဟု ထင်မှတ်ရသည်။

အဘယ်ကြောင့်ဆိုသော် ချင်ရိုက လက်နှစ်ဖက်ကို တစ်ပြိုင်နက်လှုပ်ရှားပြီး သူတို့၏ လည်မျိုရင်းရှိ သွေးကြောအား ပိတ်လိုက်နိုင်ပြီးသောကြောင့် ဖြစ်၏။

ထို့ကြောင့် သူတို့ခမျာ ဓားထုတ်ရင်း တန်းလန်းနှင့်ပင် မလှုပ်မရှားနိုင် ဖြစ်သွားကြသည်။

မျက်လုံးကြီးများ ပြူးလျက် ချင်ရိုကို အံ့အားသင့်စွာ ကြည့်နေကြတော့သည်။

ချင်ရိုကမူ အေးဆေးစွာပင် လျှိုထဲသို့ ဝင်ရောက်သွားခဲ့သည်။

မကြာမီ အချိန်လေး လျှိုထဲရောက်သွားသောအခါ-

'ဟော့....ရပ်လိုက်'

ကျယ်လောင်သည့် အသံတစ်သံကို ချင်ရို ကြားလိုက်ရလေသည်။

ချင်ရိုက ဆက်လျှောက်မြဲ လျှောက်သွားသည်။ ထိုအခါ အမိန့်ပေးသံက ထပ်မံထွက်ပေါ်လာပြန်သည်။

'ဟိတ်....နားမပါဘူးလားကွ၊ ခုချက်ချင်း ရပ်လိုက်စမ်း'



ချင်ရိုသည် ဆက်လျှောက်သွားရင်း ပြန်လည်အော်ပြောလိုက်သည်။

'ဟော့-ပုန်းနေတဲ့ကောင်တွေ၊ကျုပ်ဆီမှာ နားလဲပါတယ်၊ ဓားလဲပါတယ်၊ အမိန့်ပေးတိုင်း နာခံတဲ့လူ မဟုတ်ဘူးကွ၊ အမိန့်ပေးတယ်ဆိုတာ မျက်နှာချင်းဆိုင် လာပြီးပေးရဲရတယ်၊ သတ္တိရှိရင် ထွက်ခဲ့ကြပါ'

သို့ရာတွင် ချုံကွယ်များမှ အစောင့်သိုင်းသမားများမှာ သူ့အား မျက်နှာချင်းဆိုင်မလာကြဘဲ သူတို့အစား အရာဝတ္ထုအချို့ကို ပစ်လွှတ်လိုက်ကြသည်။

'ဝှစ်-ဝှစ်-ဝှစ်'

'ချွမ်-ချွမ်-ချွမ်'

ချင်ရိုက လျင်မြန်စွာ ဓားကိုထုတ်လျက် ရိုက်ခတ်ထုတ်လိုက်ရသည်။

သေးငယ်လှသော လက်နက်ပုန်းများမှာ သစ်ပင်များအားလည်းကောင်း၊ ချုံများထဲသို့ လည်းကောင်း အသီးသီး လွင့်စင်စိုက်ဝင်သွားကြတော့သည်။

ရန်သူများ၏ လက်နက်ပုန်းလေးများသည် ချင်ရို၏ဝှေ့ယမ်းကာကွယ်ထားသော ဓားချက်အား မကျော်လွန်နိုင်ဘဲ

ရှိကြသဖြင့် အစောင့်သိုင်းသမားများသည်ပုန်းကွယ်နေရာမှ အသီးသီး အပြင်သို့ ခုန်ထွက်လာကြသည်။

စုစုပေါင်း လေးယောက်ဖြစ်သည်။ အနီရောင်တူညီဝတ်စုံများနှင့်လည်း ဖြစ်ကြသည်။ လက်နက် ကိုယ်စီကိုလည်း ကိုင်ဆောင်ထားကြသည်။

သူတို့က ချင်ရိအား ဝိုင်းဝန်းတိုက်ခိုက်ကြသည်။

သို့ရာတွင် ချင်ရိနှင့်ယှဉ်ကြရာ၌ အဆင့်ခြင်း အလွန်ကွာလှသဖြင့် ချင်ရိ၏ သိုင်းကွက် သုံးလေးကွက် အတွင်းမှာပင် ထိုအစောင့်များမှာ အသီးသီး လဲပြိုကျသွားခဲ့တော့သည်။

ချင်ရိသည် ထိုဝတ်စုံနီများ ဒဏ်ရာရ လဲကျသွားသည်နှင့် တစ်ပြိုင်နက် လှိုဏ်အတွင်းသို့ ဆက်လက် ပြေးလွှားသွားပြန်လေသည်။

မကြာမီ လှိုဏ်ကြီးအလယ်၌ အဆောက်အဦး အချို့ကို တွေ့ရှိရလေသည်။

ထိုနေရာဝယ် သိုင်းသမားအချို့လည်း ဝင်လိုက် ထွက်လိုက် သွားလာလိုက်နှင့်ဥဒဟိုသွားလာလှုပ်ရှားနေသည်အား တွေ့ရှိရလေသည်။



ချင်ရိမှာ သစ်ပင်များပေါ်သို့ တက်ရောက်လျက် ထို အဆောက်အဦးများအား တိတ်ဆိတ်စွာ လေ့လာအကဲခတ်လျက် ရှိသည်။

အနီရောင်ဝတ်စုံများကို ဝတ်ဆင်ထားသည့် သိုင်းသမားများနှင့် ညှို့သည့် သိုင်းသမားများကို တွေ့ရှိ နေခဲ့ရလေသည်။

အနီရောင်ဝတ်စုံများမှာ သံခြေထောက် ကျဲင်းရှောင်ရိ၏ သိုင်းသမားများ ဖြစ်ဟန်တူကြသည်။

သမ်းတွင်လည်း ထိုဂိုဏ်းသားများကို ချင်ရိ တိုက်ခိုက် တွေ့ဆုံခဲ့ပြီး ဖြစ်သည်။

အခြား ညှို့သည့်သိုင်းသမားများကား အရောင်သွေးစုံ ဝတ်စုံများကို ဝတ်ဆင်ထားကြသည်။

လှိုဏ်ကြီးတစ်ခုအတွင်း၌ သည်ကဲ့သို့သော အဆောက်အဦးများ ရှိလိမ့်မည်ဟု မည်သူမှ ထင်မည်မဟုတ်ချေ။

ကြီးမားသောသစ်ပင်ကြီးများ၏အောက်၌ တည်ဆောက်ထားကြခြင်း ဖြစ်သည်။

အဆောက်အဦးမှာသုံးလုံးဖြစ်သည်။

ထိုသုံးလုံးအနက် အလယ်ခေါင်မှ အဆောက်အဦးကား ပို၍ကြီးမားသည်ကို တွေ့ရသည်။

ထိုအဆောက်အဦးရှေ့ဝယ် ညှို့သည့်သိုင်းသမားများကို တွေ့ရသဖြင့် ထိုအထဲ၌ တစ်စုံတစ်ခု ပြုလုပ်နေသည်မှာ သေချာသည်ဟု ချင်ရိစဉ်းစားမိသည်။

ထို့ကြောင့် အလယ်ဆောင်မှ အဆောက်အဦးကြီးနှင့် အနီးကပ်ဆုံး သစ်ပင်ကြီးဆီသို့ ကူးသန်းသွားခါ အတွင်းသို့ မြင်နိုင်လောက်သည့် ပြတင်းပေါက်ရှိရာ အနီးမှ သစ်ကိုင်းတစ်ကိုင်းပေါ်တွင် ထိုင်လျက် စောင့်ကြည့် အကဲခတ်နေမိသည်။

အဆောက်အဦးထဲ၌ ညှို့သည့်သိုင်းသမားများအတော်လေးစုံလင်အောင် ရောက်ရှိနေကြသည်။

ခန်းမကြီး၏ထိပ်ဝယ် အနီရောင်ပိတ်သားပေါ်၌ရွှေရောင်များဖြင့် ရေးခြယ်ထားသော စာလုံးကြီးများကို ထင်းနေအောင် တွေ့နေရသည်။

'ကျုံးစန်းဂိုဏ်းချုပ်ကြီး သံခြေထောက် ကျင်းရှောင်ရိ၏ သိုင်းလောကမှ သိုင်းထိပ်သီး အကျော်အမော် သိုင်းသမားများအား ဂုဏ်ပြုညှိုခံ မိတ်ဆုံစားပွဲကြီး'





ချင်ရိသည် ယင်းစာတန်းကြီးအား ဖတ်ရှုလိုက်မိပြီး နှုတ်မှ ရေရွတ်လိုက်မိသည်။

'ဟင်း....အင်မတန်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီး သိုင်းလောကမှ သိုင်းသမားကြီးတွေ ရှေ့မှောက်မှာ အရှက် ကွဲစေရမယ်'

ညှို့သည်သိုင်းသမားကြီး များသည် ကိုယ့်အစုနှင့်ကိုယ် စကားပြောဆိုနေကြသည်ကို တွေ့ရသည်။

လူမစုံသေးသဖြင့် အခမ်းအနားမစတင်သေးသည်လား၊ သို့မဟုတ် သတ်မှတ်ထားသော အချိန်မရောက်သေး၍ မစတင်ကြသေးသည်လား မသိ၊

အခန်းတွင်းမှ ညှို့သည်သိုင်းသမားများ၏ စကားသံတို့က အပြင်သို့တိုင်အောင် လျှံထွက် ကြားသိနေရလေသည်။

ထိုစဉ် ခန်းမထိပ် စင်မြင့် စာတန်းအောက်မှ အဘိုးအိုတစ်ဦးထွက်ပေါ်လာသဖြင့် ညှို့သည်များမှာ မီးကို ရေနှင့်ငြိမ်းသတ်လိုက်သည့်အလား တိတ်ဆိတ်သွားကြသည်။

အတိုးအိုမှာ အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ဧည့်သည်သိုင်းသမားများအား လက်နှစ်ဖက် ယှက်လျက် အရိုအသေပြုလိုက်သည်။

'ဧည့်သည်တော်ကြီးများခင်ဗျား၊ အခုလို သိုင်းလောကမှ ထိပ်သီး အကျော်အမော်များကို စုံစုံညီညီ တွေ့မြင်ရတော့ ကျုံးစန်းသိုင်းဂိုဏ်းချုပ်ကြီးရဲ့ကိုယ်စား ကျုပ်လက်ထောက်ဂိုဏ်းချုပ် မီးနဂါး 'ဝေါင်စန်ချောက်' က ဂုဏ်ယူစွာ နှုတ်ခွန်းဆက်သပါတယ် ခင်ဗျာ၊ မကြာမီအချိန်အတွင်းမှာ ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ကြွရောက်လာပါလိမ့်မယ်....

'ဂိုဏ်းချုပ်ကြီး ကျင်းရှောင်ရိုဟာ သူကိုယ်တိုင် တီထွင်လေ့ကျင့်ခဲ့တဲ့ သိုင်းကွက် အချို့ကိုလဲ ဧည့်သည်တော်များကို ထုတ်ဖော်ပြသပါလိမ့်မယ်၊ ဂိုဏ်းချုပ်ကြီး မကြွလာမီမှာတော့ ကျုပ်တို့ ကျုံးစန်းဂိုဏ်းရဲ့သိုင်းစွမ်းကိုသိရှိနိုင်အောင် ဧည့်သည်တော်များထဲမှ မည်သူမဆိုတက်ရောက်စမ်းသပ်ယှဉ်ပြိုင်ဖို့ ဖိတ်ခေါ်အပ်ပါတယ်၊ ကျုပ်တို့ဂိုဏ်းမှ လက်ရွေးစင် သိုင်းသမားတစ်ဦးဖြစ်တဲ့သိုင်းဝိဇ္ဇာလျူချူစီးက စောင့်ကြိုနေပါတယ်'

သိုင်းဝိဇ္ဇာလျူချူစီးဆိုသူက စင်မြင့် အလယ်ကောင်သို့ ဓလျှာက်လှမ်းလာသည်ကို တွေ့ရှိရလေသည်။



ထွားကျိုင်းလှသော ကိုယ်ခန္ဓာနှင့် အနီရောင် ဝတ်စုံကို ဝတ်ဆင်ထားသည်မှာ ဘီလူးကြီးတစ်ကောင်နှင့် တူလှပေသည်။

'ကျုပ်....ယှဉ်ပြိုင်မယ်'

ဧည့်သည်ထဲမှ သိုင်းသမားတစ်ဦးက မတ်တတ်ရပ်လျက် အော်ပြောလိုက်သည်။

အပြာရောင်ဝတ်စုံကိုဝတ်ဆင်ထားလျက် ကြံ့တစ်ကောင်၏ ကြံ့ခိုင်တောင့်တင်းဟန်နှင့် လူရွယ် သိုင်းသမားတစ်ဦးဖြစ်သည်။

'စင်မြင့်ထက်ကို ကြွရောက်ခဲ့ပါခင်ဗျာ'

လက်ထောက်ဂိုဏ်းချုပ် မီးနဂါး ဝေါင်စန်းချောက်က ဖိတ်ခေါ်လိုက်သဖြင့် ထိုအပြာရောင်သိုင်းသမားက စင်ပေါ်တက်ရောက်သွားခဲ့သည်။

'ဘယ်ဂိုဏ်းကပါလဲ မိတ်ဆွေ'

'ပင့်ကူနက်ဂိုဏ်းချုပ် မိုးကြိုးလက်သီး ခုပိန်းဝှာပါ'

ထိုအပြာရောင် သိုင်းသမားက ဖြေကြားလိုက်သဖြင့်....

'ဟုတ်ကဲ့....ပင့်ကူနက် ဂိုဏ်းချုပ်ကြီး' 'မိုးကြိုးလက်သီး ခုပိန်းဝှာက ကျုံးစန်းဂိုဏ်းရဲ့ လက်ရွေးစင် သိုင်းသမားသိုင်းဝိဇ္ဇာလျှူချူစီးကို ယှဉ်ပြိုင်ပါမယ်ခင်ဗျာ၊ ရှုစားကြပါစေ့သည်တော်ကြီးများခင်ဗျား'

သို့ဖြင့် စင်မြင့်ပေါ်တွင် ကျုံးစန်းဂိုဏ်းမှ သိုင်းဝိဇ္ဇာ လျှူချူးစီးနှင့် ပင့်ကူနက်ဂိုဏ်းချုပ် မိုးကြိုးလက် သီး ခုပိန်းဝှာတို့ ရင်ဆိုင်မိကြသည်။

အဘိုးအို မီးနဂါး ဝေါင်စန်းချောက်က အလယ်မှနေ လျက် တိုက်ပွဲကို စတင်ရန် အချက်ပေးလိုက်သည်။

'ကဲ....စတင် တိုက်နိုင်ကြပါပြီ'

ဝေါင်စန်းချောက်က အလယ်ခေါင်မှ အချက်ပေးလိုက်သည်နှင့် သိုင်းသမားကြီးနှစ်ဦးမှာ ပြင်းထန်စွာ တိုက်ခိုက်ကြတော့သည်။

'ဂုန်း'

မိုးကြိုးလက်သီးခုပိန်းဝှာက သူ၏ပြင်းထန်သော မိုးကြိုးလက်သီးအား အရှိန်ပြင်းစွာ လျှပ်တစ်ပြက်လွှတ်လိုက်သဖြင့် သိုင်းဝိဇ္ဇာလျှူချူစီးက လျင်မြန်စွာ ခုန်ဆုတ် ရှောင်လိုက်ရင်း....



လျှူချူစီးကလည်း ခုပိန်းဝှာ၏ လည်မျိုသို့ လက်ဝါးရိုက်ချက်တစ်ချက် တွန့်ပြန် ရိုက်ထည့်လိုက်သည်။

'ဝုန်း'

ခုပိန်းဝှာက ဂိုဏ်းချုပ်တစ်ဦး ပီသစွာ လူချူစီး၏ရိုက်ချက်ကို ပွတ်ကာသီကာ ရှောင်တိမ်းသွားနိုင်ခဲ့သည်။

သိုင်းကွက်(၅)ကွက်ခန့် တိုက်ခိုက်ပြီးသောအခါ သိုင်းဝိဇ္ဇာ လူချူစီးက ပင့်ကူနက်ဂိုဏ်းချုပ် မိုးကြိုးလက်သီး ခုပိန်းဝှာအား အနိုင်တိုက်နိုင်ကြောင်းကို ပြသနိုင်ခဲ့လေသည်။

သူက သိုင်းဝိဇ္ဇာ သိုင်းကွက်များထဲမှ 'အရိပ်ပမာ'သိုင်းကွက်နှင့် မိုးကြိုးလက်သီး ခုပိန်ဝှာအား အနိုင်ယူသွားခဲ့လေသည်။

သိုင်းဝိဇ္ဇာ၏ အရိပ်ပမာ တိုက်ကွက်မှာ ရန်သူအဖို့ သိပ်ကြာရှည်စွာ မခုခံနိုင်သောသိုင်းကွက်မျိုး ဖြင့်၏။

သူက ခုပိန်းဝှာ၏လက်သီးချက်ကို လက်ဝါးနှင့်ကာလျက် ထိုလက်ဝါး၌ အတွင်းအား အပြည့်အဝတားပြီး ဖိတွန်းလိုက်ရာ ခုပိန်းဝှာခမျာ နောက်သို့ လွင့်စင်တွက်ပြီး ရှုံးသွားရရှာတော့သည်။

ပင့်ကူနက်၏ဂိုဏ်းချုပ် ခုပိန်ဝှာ ရှုံးသွားသောကြောင့် လက်ထောက်ဂိုဏ်းချုပ် ဝေါင်စန်ချောက်က ပြုံးရွှင်စွာဖြင့် ဖိတ်ခေါ်ပြန်သည်။

'ကဲ....ကဲ၊ ဧည့်သည်တော်များထဲမှ ကျုံးစန်းရဲ့ သိုင်းသမားကြီး သိုင်းဝိဇ္ဇာ လူချူစီးနဲ့ ယှဉ်ပြိုင်မဲ့သူ ရှိရင် ထွက်လာနိုင်ပါတယ်'

ခန်းမတစ်ခုလုံး မည်သူမှ တုတ်တုတ်မလှုပ်ကြချေ။

သို့ရာတွင် လူတစ်ဦး၏အသံကိုတော့ ပီပီသသကြီး ကြားလိုက်ရသည်။

'ကျုပ် ယှဉ်ပြိုင်မယ်ဗျို့'

ဝေါင်စိန်ချောက်က အသံကို ကြားလိုက်ရသဖြင့်-

'ယှဉ်ပြိုင်မယ်ဆိုရင် စင်ပေါ်ကြွလှမ်းခဲ့ပါခင်ဗျာ'

သူက ခန်းမကြီး ဝေ့ဝဲကြည့်ရှုရင်း ဖိတ်ခေါ်လိုက်ပြန်ပါသည်။

ထိုအခါ ခန်းမပြတင်းတံခါးမှ ခုန်ချလာသည့် အသက် (၂၀) ခန့်ရှိ လူငယ်တစ်ဦးအား တွေ့ရှိသွားသောအခါ အံ့အားသင့်သွားကြသည်။





ချင်ရိက တည်ငြိမ်စွာ စင်ပေါ်သို့ တက်ရောက်သွားလေသည်။

ဧည့်သည်တော်များမှာ အပြင်သစ်ပင်ထက်မှ အခန်းထဲ တွင်းသို့ ခုန်ဝင်လာသောချင်ရိအား အံ့ဩသော မျက်နှာထားများဖြင့် ကြည့်ရှုနေခဲ့ကြလေသည်။

ခန်းမထဲရှိ ကျေးလက်သိုင်းသမား ချင်ဝှက်မှာ ရုတ်တရက် မတိတတ်ထလိုက်မိ၏။

'ကျုပ် ဒီလူနဲ့ယှဉ်ပြိုင်ပါရစေ ဂိုဏ်းချုပ်ကြီး'

ဝေါင်စန်ချောက်က လက်ကာပြသည်။

'နေပါဦးမိတ်ဆွေ ခုပွဲဟာ ကျုံးဇန်းရဲ့သိုင်းသမားတွေ သိုင်းစွမ်းပြတဲ့ပွဲပဲဖြစ်ပါတယ်၊ တကယ်လို့ နိုင်တဲ့လူနဲ့ယှဉ်ပြိုင်ချင်ပါတယ်ဆိုရင် ယှဉ်ပြိုင်ခွင့်ရှိပါတယ်၊ ခေတ္တစောင့်လိုက်ပါဦးခင်ဗျာ'

ကျေးလက်သိုင်းသမား ချင်ဝှက်မှာ မကျေမနပ်ဖြင့် ပြန်လည် ထိုင်လိုက်ရတော့သည်။ ထို့နောက် ချင်ရိနှင့် သိုင်းဝိဇ္ဇာ လူချူစီးတို့၏ ပြိုင်ပွဲကို ကြည့်ရှုနေရတော့၏။ သူက မည်သည့်နည်းနှင့်မှ ချင်ရိဆိုသော သိုင်းသမားကို တိုက်ရတော့မည်ဟု မထင်မှတ်ချေ။ အဘယ်ကြောင့်ဆိုသော်

ချင်ရိသည် သိုင်းဝိဇ္ဇာရန်အား ရှုံးရန် သေချာသော လူတစ်ဦး ဖြစ်သည်ဟု ထင်မှတ်ထားသော ကြောင့်ဖြစ်၏။

သို့ရာတွင် သိုင်းဝိဇ္ဇာအား ပထမသိုင်းကွက်နှင့်ပင် ချင်ရိက အနိုင်ယူလိုက်သောအခါ ကျေးလက်သိုင်းသမားမှာ အလွန်အံ့ဩသွားလေတော့သည်။

ချင်ရိက လူအများရှေ့မှောက်ဝယ် ကျုံးစန်း သိုင်းသမားကြီးသိုင်းဝိဇ္ဇာအားသိုင်းမိစ္ဆာသိုင်းကွက်တစ်ကွက်နှင့်ပင် အနိုင်ယူပြလိုက်၏။

သူ့အား အထင်သေးစွာ ရိုက်ချလာသော ရိုက်ချက်အား ချင်ရိ လုံးဝမရှောင်ဘဲ သူ၏လက်ဝါးနှင့်သာ တည်ငြိမ်စွာ ခုခံကာကွယ်တားဆီးလိုက်၏။

'ဝုန်း'

'ဖတ်'

ထို့နောက် နှစ်ဦးစလုံး လက်ဝါးချင်းထိစပ်ကာ တွန်းနေခဲ့ကြ၏။ သိုင်းဝိဇ္ဇာမှာ သူ၏လက်ဝါးရိုက်ချက်အား တားဆီးလိုက်သော လူငယ်သိုင်းသမား၏ အတွင်းအားကို လက်ချင်းထိဆက်လိုက်သည်နှင့်သိရှိပြီးဖြစ်သည်။ ထို့ကြောင့် သူက ရှိသမျှအတွင်းအားကို လက်ဝါးဝယ် အပြည့်အဝ တည့်လျက် ချင်ရိအား တွန်းထုတ်သည်။



သို့ရာတွင် သူ၏အတွင်းအားမှာ ချင်ရိအား မယှဉ်သာသည့် အနေအထားမှာ ရှိသည်ကို သိလိုက်ပြီး ဖြစ်သည်။

သူ၏ တစ်ကိုယ်လုံးမှာ ဆောက်တည်ရာ မရအောင် တုန်ရင်နေခဲ့သည်။ ချွေးသီးချွေးပေါက်များလည်း စို့ထွက်လာခဲ့တော့သည်။

အတန်ကြာတော့ သူ၏အတွင်းအားမှာ မခံရပ်နိုင်အောင် ဖြစ်လာခဲ့၏။

တစ်ကိုယ်လုံး အေးစက် တောင့်တင်းလာသောကြောင့် ဖြစ်သည်။

ထို့ကြောင့် သူ၏တောင့်ခံထားသော အတွင်းအားကို လျှော့လိုက်လေရာ ချက်ချင်းပင် အဝေးသို့ လွင့်စင်သွားလေတော့သည်။

'ဝုန်း'

'ဟာ'

'ဟင်'

ကျုံးစန်း လက်တောက်ဂိုဏ်းချုပ် ဝေါင်စန်ချောက် အပါအဝင် ညှိသည်တော်သိုင်းသမားများမှာ ထိုအဖြစ်ကြောင့် အံ့ဩမင်သက်သွားကြ၏။

လူဘီလူးကြီး တစ်ဦးကဲ့သို့ ထွားကျိုင်းသန်မာလှသော ကျုံးစန်းသိုင်းသမားကြီး သိုင်းဝိဇ္ဇာလျူချူစီးအား သည် လူငယ်သိုင်းသမားက မည်သို့မျှ အနိုင်ရလိမ့်မည်ဟု မထင်မှတ်ခဲ့ကြပေ။

သို့ရာတွင် ထိုလူငယ်က ပထမသိုင်းကွက်တစ်ကွက်နှင့်ပင် အနိုင်ရသွားသောကြောင့် အံ့ဩ ထိတ်လန့် သွား ကြတော့သည်။

ကျေးလက်သိုင်းသမား ချင်ဝှက်မှာလည်း မျက်လုံးပြူးကျယ်သွားခဲ့၏။ လီကျွန်မှ ‘ဆာလျှင်လာပါ၊ ပါတာ ပေးပါ’ ဆိုင်အတွင်း သူနှင့် ထိုသိုင်းသမားတို့ ရင်ဆိုင်ကြသော အဖြစ်ကို သတိရ၏။

သူ၏ လက်ကို တူနှင့်ညှပ်ဖမ်းထားခြင်း ခံရသည်အား မြင်ယောင်မိသည်။

‘ကဲ....ဧည့်သည်တော်များထဲမှ ဟောဒီလူငယ်နဲ့ သိုင်းယှဉ်ပြိုင်မယ်ဆိုတဲ့ သိုင်းသမား စင်မြင့်ပေါ် ကြွခဲ့ပါခင်ဗျာ’

ဝေါင်စန်ချောက်၏ ဖိတ်ခေါ်သံကြောင့် ကျေးလက်သိုင်းသမား ချင်ဝှက်မှာ ရှေ့သို့ထွက်လာခဲ့ရလေသည်။



ချင်ရီက သူ့အား ပြုံးလျက် စောင့်ကြိုနေလေသည်။

‘ဘာနဲ့တိုက်မှာလဲ မောင်ရင်’

‘ဓားနဲ့တိုက်မယ်’

ကျေးလက် သိုင်းသမားက ချင်ရီအား လက်နက်မဲ့ယှဉ်လျှင်အနိုင်ရစရာ အကြောင်းမမြင်၊ ဓားနှင့် တိုက်မည်ဟု ပြောလိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် သူက သူအားကိုးသောဓားကို ကျောမှ ထုတ်ယူလိုက်လေသည်။

‘ရှပ်’

သူက ဓားကိုရှေ့သို့ ဆန့်ထုတ် လိုက်လေသည်။

ချင်ရီကမူ ဓားကိုမထုတ်ဘဲနေသဖြင့် ဝေါင်စန်ချောက်က သတိပေးလိုက်ပြန်သည်။

‘ဟိုဘက်ကသူငယ် ဓားထုတ် နိုင်တယ်နော်’

‘ကိစ္စ မရှိပါဘူးအဘိုး၊ သူ့ကို ကျွန်တော် လက်နက်မကိုင်ဘဲ အနိုင်ယူပြပါမယ်’

‘ဝှစ်’

စကား ဆုံးသည်နှင့် ဓားချက်က သူ့ထံသို့ ရောက်ရှိလာသည်။

ကျေးလက်ဓားသမား၏ ဓားချက်မှာ အလွန်ပြင်းထန်လျင်မြန်လှသည်။

သို့သော် ချင်ရိက သူ့ထက်ပို၍ မြန်ဆန်သည်။ ခြေတစ်လှမ်းစာ နောက်သို့ ဆုတ်ပေးလိုက်သဖြင့် ပွတ်ကာ သီကာလွတ်သွားသည်။

ချင်ရိက သူသည် ဓားချက်အားတည်ငြိမ်စွာရှောင်တိမ်းနိုင်လိုက်သည်ကို တွေ့ဆုံ ရသောအခါ ကျေးလက် သိုင်းသမားချင်ဝှက်မှာ ပို၍ ဒေါသထွက်သွားသည်။

'ဟိတ် ဝှစ် ဝှစ်'

'ဖောင်း'

ချင်ဝှက်၏ ဓားချက် နှစ်ချက်က ဆက်တိုက်တိုးဝင်လာသဖြင့် ချင်ရိခြေကွက်များအား ဘယ်ညာ ရွေ့ပြောင်းပြီးရှောင်လိုက်ခါ လတ်ဝါးရိုက်ချက် တစ်ချက် ရိုက်ထုတ်လိုက်ရာ ချင်ဝှက်မှာ လွင့်စင်သွားသည်။





ချင်ရိက ထိုလက်ဝါးကို အတွင်းအား လျှော့ရိုက်လိုက်ခြင်းဖြစ်ရာ ချင်ဝှက်ခမျာ အသက်ချမ်းသာရာ ရရှိသွားခြင်းဖြစ်သည်။

သူကသည့်လိုပညာစမ်းပွဲဝယ် သေလောက်အောင်တစ်ဦးနှင့် တစ်ဦး မဖြစ်ပွားလိုပေ။

ထို့ကြောင့်ရိုက်ချက်အား 'ဖွရိုက်' လိုက်ခြင်း ဖြစ်သည်။

ထိုသို့ရိုက် လိုက်ခြင်းကပင် ကျေးလက် သိုင်းသမားအားကျားနာတစ်ကောင်လို ဖြစ်သွားစေခဲ့သည်။

ချင်ဝှက်အား သိုင်းသမားများအလယ် လူစိမ်းလူငယ်သိုင်းသမား တစ်ဦး၏ ရိုက်ချက်ကို ခံလိုက်ရသည်ကြောင့် အလွန်ရှက်သွားခဲ့သည်။

ထို့ပြင် သူက တိုက်ပွဲကို သိုင်းပညာပြိုင်ပွဲ အသွင်မှ ရန်ငြိုးရန်စဖြင့် သူသေ၊ ကိုယ်သေ တိုက်ပွဲအသွင်သို့ ကူးပြောင်း လိုက်တော့သည်။

သူကလဲ နေရာမှ ခုန်ဆလိုက်ကာ ချင်ရိအားဒေါသတကြီးဖြင့် တရကြမ်း ဝင်ရောက်တိုက်ခိုက်တော့သည်။

'ဝှစ်–ဝှင်–ဝှစ်–ဝှမ်'

ချင်ရိုက ပေါ့ပါးသွက်လက်စွာ လေနှင်ရွက်ဝါခြေကွက်များဖြင့် ရွေ့ပြောင်း ရှောင်တိမ်းသွားလေရာ လိပ်ပြာတစ်ကောင်ကဲ့သို့ အလွန်လှပ နေသောကြောင့် ညွှန့်သည်တော်သိုင်းသမား များမှာ ချင်ရို သိုင်းစွမ်းအားကို အံဩစွာ ငေးမော ကြည့်ရှုနေမိသည်။

ထိုစဉ် ချင်ရို လက်ဝါးနှစ်ဖက်က ဆန့်ထုတ် လိုက်ရာ ကျေးလက် သိုင်းသမား ချင်ဝှက်ခမျှာ ခပ်ဝေးဝေးသို့ လွင့်စင်သွားခဲ့ပြန်သည်။

'ဝုန်း'

သည်တစ်ကြိမ်တော့ ချင်ရိုက ပထမတစ်ကြိမ်ထက် ပိုမိုပြင်းထန်သော လက်ဝါးတွန်းထုတ်မှုကို အတွင်းအား ထည့်လိုက်သည်။

ချင်ဝှက်တစ်ယောက် သူနှင့်တိုက်ပွဲကို ဆက်လက် မယှဉ်ပြိုင်နိုင်အောင်အတွင်းအားထည့်လိုက်ခြင်းသာ ဖြစ်သည်။

ချင်ဝှက်မှာ ချင်ရိုအား အလွန်အံ့ဩသော မျက်လုံးဖြင့်မော့ကြည့်လျက် လဲကျသွားခဲ့သည်။ သူက ချင်ရိုအားဤမျှ အဆင့်မြင့်သော အတွင်းအား ရှိနေလိမ့်မည်ဟု လုံးဝမထင်ထားခဲ့ပေ။ အသက်အရွယ်အားဖြင့်လည်း အလွန်ငယ်သော



သူ တစ်ဦးဖြစ်ရာ မည်သည့်နည်းနှင့်မျှ သည့်နှယ် အဆင့်မြင့် သိုင်းသမားတစ်ဦးကဲ့သို့ ပညာအဆင့်ရှိလိမ့်မည် မထင်မှတ်ခဲ့ပေ။

သူပင်လျှင် အသက် (၄၀) ကျော် အရွယ်ရောက်နေပြီဖြစ်သော်လည်း ဓားစွမ်းသာလျှင် သိုင်းလောက၌ ဝင်ဆန့်နာမည်ရခဲ့သူဖြစ်သည်။

သည့်နှယ်လက်နက်မဲ့ သိုင်းပညာတွင် ထူးချွန်ထက်မြက်သူ တစ်ဦးမဟုတ်ခဲ့။

ထို့ကြောင့် သိုင်းလောက၌ မထင်ရှားသော လူငယ်သိုင်းသမားတစ်ဦး တိုက်ခိုက်မှုကြောင့် သူကဲ့သို့ နာမည်ရကျေးလက်သိုင်းသမားတစ်ဦးက ရှုံးနိမ့်ရခြင်းကို အရှက်ကြီးရှက်သွားတော့သည်။

သည်သိုင်းသမား ကြည့်ရသည်မှာလည်းသူနှင့် တိုက်ခိုက်နေသည်ကိုက အစွမ်းကုန် ပညာကုန် ထုတ်သုံးပုံ မရခဲ့။ အတွင်းအားနှင့် သိုင်းပညာများကို အချို့သည် တိုက်ခိုက်နေပုံရသည်။ သူကသာလျှင်လူငယ်အား အသေအလဲ အပြင်းအထန် တိုက်ခိုက်နေခြင်းဖြစ်သည်။

ပြန်လည်မတိုက်ခိုက်နိုင်သောအခြေအနေ၌ အရှုံးပေးရန်နှင့် အသေခံရန် နှစ်လမ်းပဲရှိသည်။ မည်သည့် လမ်းအားရွေးချယ်ရန် သူဆုံးဖြတ်ရမည်ဖြစ်သည်။

ဆင်းစာဇေ

တကယ်တော့ သူက သိုင်းသမားကောင်းတစ်ဦး အဖြစ် သိုင်းလောကတွင် ရပ်တည်လိုခဲ့သူသာဖြစ်သည်။

ထို့ကြောင့် သူက လက်၌ကိုင်ဆောင်ထားသော ဓားကို ရင်ဝယ်ထိုးစိုက် ချလိုက်သည်။ သို့ရာတွင် ဓားသွားသည် သူ၏ရင်ဝသို့ စိုက်မဝင်သွားခဲ့။

'ဖျောင်း'
'အ-အ'
'ချွမ်-ချွမ်'

ချင်ရိသည် ခြေဖျားခတ်ချက်သည် အလွန်လျင်မြန်သော အရှိန်အဟုန်နှင့် ချင်ဝှက် ဓားကိုင်လက်အားတိုက်ရိုက်ထိမှန် သွားခဲ့လေတော့သည်။ ဓားမှာလည်း အဝေးသို့ လွင့်စင် သွားခဲ့သည်။

'ဟာ'

'ဟင်'

ညွှဲသည်တော် သိုင်းသမားများမှာ အံ့ဩသွားခဲ့သည်။

ထို့အတူ လက်ထောက်ဂိုဏ်းချုပ်မီးနဂါး ဝေါင်စန် ချောက်မှာလည်း ပါးစပ်ကြီး အဟောင်းသား ဖြစ်သွား ရတော့သည်။ ဤထူးဆန်းသော သိုင်းသမားလူငယ်အား မေးမြန်း စစ်ဆေးမှ ဖြစ်မည်ဟု ဆုံးဖြတ်လိုက်ကာ–





'မင်းဘယ်သူလဲကွယ့်'

'ကျုပ်နာမည် ချင်ရိ'

'ဘာကိစ္စနဲ့ တို့များရဲ့ မိတ်ဆုံစားပွဲကို မဖိတ်ဘဲနဲ့ ရောက် လာရတာလဲ'

'ကျုပ်...ခင်ဗျားတို့ရဲ့ မိတ်ဆုံစားပွဲကို စိတ်မဝင်စားဘူး ကျုပ်ဒီကိုရောက်လာတာ ကျုံးစန်း ဂိုဏ်းချုပ်ကြီး သံခြေ ကျင်း ကျိုင်းရှောင်ရိနဲ့ စာရင်းရှင်းမလို့ဗျ'

'ဟေ....'

ချင်ရိ၏ မာကျောတုန့်ပြန်စကားကြောင့် လက်ထောက် ဂိုဏ်းချုပ် မီးနဂါး ဝေါင်စန်ချောက်မှာ မျက်လုံးကြီး နီရဲသွားလေသည်။

သူတို့၏ ဂိုဏ်းချုပ်ကြီးကိုလည်း သံခြေကျင်း ကျိုင်း ရှောင်ရိဟူ၍ ပျက်ရယ်ပြုခြင်းခံရသဖြင့် အလွန်ဒေါပွသွား ခဲ့လေသည်။

ညွှဲသည်တော်သိုင်းသမားများမှာ အဆင့်မြင့် သိုင်း သမားတစ်ဦးအဖြစ် ချင်ရိအား သတ်မှတ်လိုက်ပြီဖြစ်၍ မည် သူမှဝင်မစွက်စံ့ဘဲ စိတ်ဝင်စားစွာဖြင့် နားထောင်နေကြ လေသည်။

လက်ထောက်ဂိုဏ်းချုပ် မီးနဂါး ဝေါင်စန်ချောက် အတိုးအိုမှာ ချင်ရိအား သူကိုယ်တိုင် တိုက်ခိုက်ရမည်လား၊ သို့မဟုတ် ဂိုဏ်းချုပ်ကြီးထံကိုပဲသည်အကြောင်းသွားရောက် သတင်းပို့ရမည်လား ဝေခွဲမရအောင်ရှိနေစဉ် ချင်ရိကသူ့အားခြိမ်းခြောက်လိုက်သည်။

'ဒီမှာ အတိုးကြီး၊ ကျုပ်ကိုယ်တိုင်ခင်ဗျားတို့ဂိုဏ်းချုပ် ရှိတဲ့နေရာလိုက်သွားရမလား၊ ခင်ဗျားတို့က သွားခေါ်ပေးမလားပြောပါ'

'ခဏလေးစောင့်ပါသူငယ်၊ ဂိုဏ်းချုပ်ကြီးလာပါတော့မယ်'

ထိုစဉ် ဂိုဏ်းသားတစ်ဦး၏ ကျယ်လောင်လှသော အော်ဟစ်သံကြီးက ပေါ်ထွက်လာခဲ့သည်။

'ကျုံးစန်းဂိုဏ်းချုပ်ကြီး ကြွရောက်လာပါပြီ အားလုံးမတ်တတ်ရပ်ကြပါခင်ဗျာ'

ဧည့်သည် သိုင်းသမားများက မတ်တတ်ရပ်လိုက်ကြလေသည်၊

ချင်ရိကမူ စင်မြင့်ရှိ ကုလားထိုင်တစ်လုံး၌ ဝင်ရောက်ထိုင်ချလိုက်သည်။





ခန်းမကြီးဝင်ပေါက်မှ အဝါရောင်ပိုးအင်္ကျီဝတ်စုံကိုဝတ်ဆင်လျက် အနီရောင် ခြုံလွှာရဲရဲကြီးကို ခြုံလွှားထားသော ဂိုဏ်းချုပ်ကြီး ဝင်ရောက်လာသည်။

အရပ်မှာ မြင့်မားလှပြီး ကောက်ကျစ်သောမျက်လုံးအစုံရှိသူဟု ချင်ရိက မှတ်ချက်ချမိသည်။

သည်ပုဂ္ဂိုလ်ကြီးသည် တစ်ချိန်က သူ၏မိဘနှစ်ပါးအား မန်ချူးစစ်သည်များထံ အဖမ်းခံရအောင်ကြံစည်အားထုတ်ခဲ့သူဟူ၍ တွေး၍နေမိပြီး နာကြည်းသည့်စိတ်များ တစ်ဖွားဖွား ပေါ်ပေါက်လျက်ရှိသည်။

သည်မန်ချူးအလိုတော်ရိကြောင့် သူတို့မိသားစုမှာအကွဲကွဲအပြားပြားနှင့် ဘဝတွေ ပျက်ယွင်းခဲ့ရလေသည်။

ကျုံးစန်းဂိုဏ်းချုပ်ကြီးမှာ ခန်းမစင်မြင့်ပေါ်ဝယ်လဲကျနေသည့် သူ၏ဂိုဏ်းသား သိုင်းဝိဇ္ဇာ လျူချူစီးနှင့် ကျေးလက်သိုင်းသမား ချင်ဝှက်တို့အား မြင်တွေ့သွားလျက် မျက်မှောင်ကြီးကြုတ်သွားသည်။

လက်ထောက်ဂိုဏ်းချုပ် ဝေါင်စန်ချောက်မှာသည်းမျက်နှာပျက်ကာ....

'ဟောဟို မဖိတ်ဘဲရောက်လာတဲ့ သိုင်းသမားလေးရဲ့လက်ချက်ပဲဖြစ်ပါတယ် ဂိုဏ်းချုပ်ကြီး'

ကိုလားထိုင်ပေါ်၌ အကျအန ထိုင်လျက်ရှိသော ချင်ရို သံခြေထောက်ကျင်းရှောင်ရိုက မီးဝင်းဝင်း တောက်သည့် မျက်လုံးဖြင့်လှမ်းကြည့်လိုက်သည်။

'ဒီသူငယ်ကို လူချုပ်စီးက ရှုံးသလား'

'ဟုတ်ကဲ့....ရှုံးသွားပါတယ် ဂိုဏ်းချုပ်ကြီး'

'ထွီ....'

ဂိုဏ်းချုပ်ကြီး သံခြေထောက် ကျင်းရှောင်ရိုသည် လဲနေသောလူချုပ်စီး၏ရင်ဝအား ခြေဦးနှင့် ဆတ်ခနဲထိုးလိုက်ရာ လူချုပ်စီး၏ရင်ဘတ်မှ သွေးများ ဖျန်းခနဲ ပန်းထွက်လာလေသည်။

မကြာမီ လူချုပ်စီးမှာငြိမ်သက်သွားတော့သည်။

လက်ထောက်ဂိုဏ်းချုပ် ဝေါင်စန်ချောက်မှာ မျက်နှာ၌ သွေးများမရှိအောင် ဖြူလျော်သွားသည်။

'ခင်ဗျားက ဘာလုပ်နေလဲ မီးနဂါးရဲ့'

'ကျုပ်....ကျုပ်....ဒီသူငယ်ကို ဆုံးမလို့ပါပဲ ဂိုဏ်းချုပ်ကြီး၊ ဟောဟို ကျေးလက်သိုင်းသမားက သူတိုက်ပါရစေ



ဆိုပြီး မေတ္တာရပ်ခံတာနဲ့ ညော့သည်ကိုအခွင့်အရေးပေးလိုက်မိပါတယ်ခင်ဗျာ'

လက်ထောက်ဂိုဏ်းချုပ်ကြီး မီးနဂါးအဘိုးအိုမှာ သူ့ထံသို့ အမှုပတ်လာမည်စိုးသဖြင့် မျက်စိပျက် မျက်နှာပျက်ဖြစ်နေလေသည်။

ချင်ရိုက မနေနိုင်လေတော့ စတင်ပြီးစကားပြောရလေတော့သည်။

'ကျုပ်....ဒီလျှိုထဲကိုလာတာ တခြား သိုင်းသမားတွေနဲ့ တိုက်ဖို့မဟုတ်ဘူး၊ ခင်ဗျားနဲ့ စာရင်းရှင်းချင်လို့ပဲ သံခြေကျင်း....'

သူ့အား သံခြေကျင်းဟု ညော့သည်များအရှေ့၌ ခေါ်ဝေါ်လိုက်သဖြင့် ကျုံးစန်းဂိုဏ်းချုပ်ကြီး ကျင်းရှောင်ရိုမှာ မျက်လုံးကြီးများ ပြူးကျယ်သွားသည်အထိ စိတ်ဆိုးသွားခဲ့သည်၊

သို့ရာတွင် အိန္ဒြေအား ပြန်ဆည်လိုက်ကာ တည်ငြိမ်စွာမေးမြန်းလိုက်ပြန်သည်။

'မင်းက ငါနဲ့ဘာများ ရှင်းစရာရှိလို့လဲကွ ပြောစမ်းပါဦး'

'ခင်ဗျားကတော့ ဘယ်သတိရတော့မှာလဲ၊ ကျုပ်တို့က ခံရတဲ့သူတွေပဲ ဘယ်သက်မမေ့ဘူးဗျ'

'ဟဲ....ဟဲ....ဟုတ်ပါပြီ၊ အဲဒီမမေ့တဲ့အကြောင်းကိုပဲပြော ပါဦးကွာ'

ကျင်းရှောင်ရိက မထိမဲ့မြင် အမူအရာနဲ့ ထပ်မံမေး မြန်းပြန်သည်။

'မန်ချူးကေရာင်ခေတ်က အန်ဟွီနယ်မှာ ဘော်လှန် ရေးသိုင်းသမားဇနီးမောင်နှံဖြစ်တဲ့ကျုပ်မိဘတွေကိုမန်ချူး တွေထံမှာ အဖမ်းခံရအောင်လုပ်ခဲ့တာ ဘယ်သူလဲ'

ထိုစကားကို ကြားရသောအခါ သံခြေထောက် ကျင်း ရှောင်ရိမှာ အနည်းငယ်တုန်လှုပ်သွားဟန်ရှိသည်။

သို့သော် သူက အမူရာမပျက် နေလိုက်ပြီး အေးဆေး သောအသံဖြင့် မေးပြန်သည်။

'မင်းမိဘတွေက ဘယ်သူတွေတုန်းကွ'

'သေးလက်ဝါးချင်ဖုန်းနဲ့ ချွေးရိမေ'

'ဟော–'





ကျုံးစန်းဂိုဏ်းချုပ်ကြီး ကျင်းရှောင်ရိမှာ ပါးစပ်မှအာ မေဍိတ်သံ တစ်သံ ထွက်ပေါ်သွားသည်။

ထို့အတူ ညှော်သည်တော်များ၏ နေရာမှ သိုင်းသမား တစ်ဦးကလည်း ဂိုဏ်းချုပ်ကြီးကဲ့သို့ အာမေဍိတ်သံ 'ဟင်' ဆိုသည်အား ထွက်ပေါ်သွားအောင် အံ့အား သင့်သွားခဲ့ လေသည်။

ထိုသိုင်းသမားမှာ ဝတ်စုံအစိမ်းရောင်ကိုဝတ်ဆင်ထားပြီး အသက်မှာ လေးဆယ်ကျော် ငါးဆယ် နီးပါးခန့် ရှိလေ သည်။

သူက ချင်ရိကို မျက်တောင်မခတ်တဲ စူးစိုက်ကြည့်ရှုနေ ခဲ့သည်။

ညှော်သည်တော်သိုင်းသမားများမှာ ကျုံးစန်းဂိုဏ်းချုပ် ကြီး ကျင်းရှောင်ရိသည် တစ်ချိန်ကမန်ချူးစစ်သည်များနှင့် အဆက်အသွယ်ရှိသည်ကို သိရှိသွားခဲ့ကြသည်။

ထို့ကြောင့် မကျေမနပ်ဖြင့် ပွစိပွစိလုပ်နေကြလေတော့ သည်။

'ကောင်းပြီလေ၊ မင်းရှင်းမယ့်စာရင်းကို ငါလက်ခံပါတယ်၊ ဒါပေမယ့် ငါ့မှာ ညွှန့်သည်တွေကို ညွှန့်ခံဖို့တာဝန်ရှိသေးတယ်၊ ဒီမိတ်ဆုံစားပွဲပြီးမှပဲ သတ်မှတ်ကြတာပေါ့'

ထိုစဉ်ခိုက် ညွှန့်သည်သိုင်းသမားများမှာ အချို့ဂထချ အော်ဟစ်ကြလေသည်။

'ကျုပ်ပဲ့ မန်ချူးအလိုတော်ရိတစ်ဦးနဲ့ မိတ်ဆုံမစားနိုင်ဘူးဗျို့'

'ဟုတ်တယ်....ကျင်းရှောင်ရိဟာ မန်ချူးလူ ဖြစ်ခဲ့သေးတာပဲ၊ ဒီအတိုင်းဆိုရင် ကျုပ်တို့လဲ သူ့ရဲ့ညွှန့်ခံပွဲကို မတက်ရောက်နိုင်ဘူးဗျို့'

တစ်ယောက်တစ်ပေါက်နှင့် ကျုံးစန်း ဂိုဏ်းချုပ်အား မကြည်ညိုစိတ်များ ပေါ်လာခဲ့သည်။

ကျုံးစန်းဂိုဏ်းချုပ် ကျင်းရှောင်ရိ၏ မျက်နှာမှာ မည်းလျက်ရှိသည်။

သူက ချင်ရိအား စားတော့ ဝါးတော့မတတ်အမူအရာနှင့် စိုက်ကြည့်နေခဲ့သည်။

ထိုအားနည်းချက်ကို ချင်ရိက ရအောင် ယူလိုက်ပြန်လေသည်။



'သိုင်းလောကမှ သိုင်းထိပ်သီး ပညာရှင်များ ခင်ဗျာ၊ ဟောဒီကျုံးစန်းဂိုဏ်းချုပ်ကြီးဟာ တစ်ချိန်က ကျုပ်ရဲ့ တော်လှန်ရေးမိသားစုပါးကို မန်ချူးလက်တွင်း သက်ဆင်းရအောင် သတင်းပေးမျက်နှာလုပ်ခဲ့သူ ဖြစ်ပါတယ်၊ သူ့ကြောင့် တော်လှန်ရေးသမားများဟာ အဖမ်းခံရ၊အသတ်ခံရခဲ့ပါတယ်၊ တကယ်တော့ သူဟာမန်ချူးခေတ်ကအမျိုးသားသစ္စာဖောက်တစ်ဦးပဲ ဖြစ်ပါတယ်ခင်ဗျာ'

'ဝုန်း'

ကျုံးစန်းဂိုဏ်းချုပ်ကြီး ကျင်းရှောင်ရိမှာ သူ့အားလှုပ်ရှားအလယ်မှာ အရှက်ခွဲ သိက္ခာချလိုက်သော ချင်ရိအား လျှပ်တစ်ပြက်ဝင်ရောက်တိုက်ခိုက်တော့သည်။

သူက သံခြေထောက်ကြီးဖြင့် ခုန်ဝင်ကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ချင်ရိက သတိရှိသူဖြစ်ကာ နောက်ဖက်မှရုတ်တရက် သံခြေထောက်ကန်ချက်နှင့် တိုက်လာခဲ့သော ကျင်းရှောင်ရိ၏ တိုက်ကွက်အား လျင်မြန်စွာ ရှောင်တိမ်း လိုက်နိုင်သဖြင့် သူ့အံ့အားသင့်သွားသည်။

အဘယ်ကြောင့်ဆိုသော် ချင်ရိ ရှောင်တိမ်းသွားဟန်မှာ ရှေ့တည့်တည့် မျက်နှာချင်းဆိုင်မှ တိုက်လာသည့် ရန်သူ

အား ရှောင်တိမ်းသွားနိုင်သည့်သို့ ဖြစ်ရာ သူ့တွက်ချက် တိုက်ကွက်မှာ လုံးဝချွတ်ချော် တိမ်းစောင်းသွားသဖြင့်ပို၍ ရှုက်သွားလေသည်။

ကျောင်းရှောင်ရိက လက်ဝါးနှစ်ဖက်ကို စက်ဝိုင်းသဏ္ဍာန် ရွှေ့လျားပြီး ချင်ရိအား အနိုင်တိုက်ရန်အလစ်ချောင်းလျက် ခြေကွက်ကိုရွှေ့ပြောင်းနေလေသည်။

ထိုစဉ်ချင်ရိက ရှဘ်တရက်ခုန်ဝင်လျက် အဆိပ်လက်ဝါး ရိုက်ချက်ဖြင့် ရိုက်ချလိုက်သည်။

'ဝုန်း'

'ဟင်–'

သံခြေထောက် ကျောင်းရှောင်ရိမှာ ထိတ်လန့် အံ့သြသွားသည့် မျက်နှာဖြင့် ချင်ရိအား မော့ကြည့်သည်။ ထို့နောက် မထိမ့်မြင်ဟန်နှင့် လှောင်လိုက်သည်။

'ခြော်....အဆိပ်လက်ဝါး ရိုက်ချက်ကို မင်း ရထားပါလားကွ ဟေ'

'ကျုပ်ဆရာက အဆိပ်လက်ဝါး စုံရှင်းဖုပဲဗျ'



'ဘာ....မင်းဆရာက အဆိပ်လက်ဝါး စုံရှင်းဖုဟုတ်လား'

'ဟုတ်တယ်'

သံခြေထောက် ကျောင်းရှောင်ရိ၏ မျက်နှာမှာ ဝင်းထိန်သွားခဲ့သည်။

ထို့နောက် သူက ညှို့သည် သိုင်းသမားများဘက်သို့ လှည့်ပြီး....

'ဟေ့....ဒီမှာ အဆိပ်လက်ဝါး စုံရှင်းဖုရဲ့ တပည့်တဲ့ကွ'

ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်လေသည်။

'ဟာ....'

'ဟေ....အဆိပ်လက်ဝါး စုံရှင်းဖုတပည့်တဲ့ ဟုတ်လား'

'ဟင်–အဆိပ်လက်ဝါး တပည့်ဆိုရင် သူနဲ့ရှင်းလို့ ရတာပေါ့'

ညှို့သည်သိုင်းသမားများထံမှ မကျေမနပ်သော အသံမျိုးစုံတို့ ထွက်ပေါ်လာကြလေသည်။

'စုံရှင်းဖုဟာ မန်ချူးကေရာဇ်ရဲ့ သိုင်းသမားပဲကွ၊ သူ့ကြောင့် တော်လှန်ရေး သိုင်းသမားတွေ အစုလိုက်အပြုံလိုက် သေခဲ့ကြရတာ'

အချို့ကလည်း မကျေမနပ်နှင့် အတိတ်ဖြစ်ရပ်များကို ပြန်ပြောနေခဲ့ကြသည်။

ထိုအချိန်၌ သံခြေထောက် ကျင်းရှောင်ရီနှင့် ချင်ရိတို့မှာလည်း အပြင်းအထန် တိုက်ခိုက်နေကြသည်။

သံခြေထောက် ကျင်းရှောင်ရီက သူ တီထွင်ကြံဆထားသော သိုင်းကွက်အချို့နှင့် ချင်ရိအား တိုက်ခိုက်သည်။

သူက သူ၏သံခြေထောက်ပေါ်တွင်သာ အခြေပြု၍သိုင်းကွက်များ ဖော်ထုတ်ထားခဲ့ခြင်းဖြစ်သည်။

ဆည်ဝဝယ် ငါးများကိုစောင့်သော ဗျိုင်းကဲ့သို့ ခြေတစ်ဖက်ဆောက်လျက် သံခြေထောက်က လေထဲဝယ်ဝေ့ဝဲကာ ဘယ်ညာလွဲယမ်းခြင်း၊ စက်ဝိုင်းကဲ့သို့ ပတ်ချာလည်လှည့်ခြင်း၊ လေထက်ကန်ချက်များကို လေးငါးချက် ဆင့်ကန်နိုင်ခြင်းစသည့် ခြေထောက်တိုက်ကွက်များသာလျှင်ဖြစ်လေသည်။

ထို့ပြင် သူ၏သံခြေထောက်၌ တပ်ဆင်ထားသောခြေဦးစူးချွန်၊ ခြေဖနောင့်စူးချွန်၊ ခြေဖဝါးစူးချွန်၊ ခြေခုံစူးချွန်၊ ခြေမျက်စိစူးချွန်စသည့် သံဆူးများကလည်း အထိပ်လုံးထားသော သံချွန်များသာ ဖြစ်ကြသည်။



သို့ဖြင့် သံခြေထောက် ကျင်းရှောင်ရီ၏ခြေကန်ချက်များမှာ လေဝယ် အဆက်မပြတ် ဝေ့ဝဲနေကြ၍ ချင်ရိ၏သိုင်းကွက်များမှာ ကျေပျက်လျက်ရှိသည်။

ထို့ကြောင့် ချင်ရိသည် 'မိုးအဆုံး-မြေအဆုံး' သိုင်းကွက်ကို ထုတ်သုံးရတော့သည်။

အနောက်ကျွန်း သိုင်းဘုရင်၏နံရံပေါ်မှသိုင်းကွက်များအနက် အကောင်းမွန်ဆုံးသော တိုက်ကွက်လည်း ဖြစ်သည်။

ခြေတစ်ချောင်းကို ထောက်လျက် သံခြေထောက်အားလေမှာ ဝေ့ဝဲလျက် အပေါ်စီးတိုက်ကွက်ကို အသာစီးယူထားသော ကျင်းရှောင်ရီအား ချင်ရိသည် ခန္ဓာကို ငါးတစ်လုံးကဲ့သို့ လိမ့်လျက် ကြမ်းပြင်ပေါ်မှာ အရှိန်ပြင်းစွာဖြင့် ထောက်ထားသော သူ၏ခြေထောက်အားတိုက်ချသွားခဲ့သည်။

'ဝုန်း'

'အ...အ'

ကျင်းရှောင်ရီမှာ မမျှော်လင့်ပဲ ကြမ်းပြင်မှ ငါးတစ်လုံးကဲ့သို့ အရှိန်ပြင်းစွာ လိမ့်ကျလာသည့်ချင်ရိ၏ကိုယ်ခန္ဓာအား မရှောင်တိမ်းနိုင်တော့ဘဲ ခြေထောက်ကိုထိမှန် တွန်းလှဲခြင်းခံရလေတော့သည်။

ကျင်းရှောင်ရီခမျာ ခြေပစ်လက်ပစ် အရုပ်တစ်ရုပ်နှယ် စင်မြင့်ထက်မှ ပြုတ်ကျသွားတော့သည်။

ပြန်ထမလာနိုင်သော ကျင်းရှောင်ရီသည် သူ၏လူများကို တပြိုင်နက် ဝိုင်းတိုက်ရန် ကျယ်လောင်စွာ အော်ဟစ်အမိန့်ပေးလိုက်၏။

'အားလုံး ဝိုင်းတိုက်ကြစမ်း'

အဆောက်အဦးအတွင်းရှိ အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် ကျုံးစန်းဂိုဏ်းသားများသည် ဂိုဏ်းချုပ်ကြီး၏ အမိန့်ကြားလိုက်သည်နှင့် တစ်ရှိန်ထိုး သူ့ထံ ဝိုင်းဝန်းလာကြတော့သည်။

ပို၍ဆိုးသည်ကား သိုင်းထိပ်သီး သိုင်းသမားအချို့ပင် သူ့အား တိုက်ခိုက်ရန် စင်မြင့်အထက်သို့တက်ရောက်လာကြခြင်းပင် ဖြစ်သည်။

ထိုစဉ်ခိုက် အပြင်ဘက်မှ ဂိုဏ်းသားတစ်ဦး၏စူးရှကျယ်လောင်စွာအော်ဟစ်လိုက်သောအသံကြောင့် ချင်ရီအားတိုက်ခိုက်ရန် ကြိုးစားနေကြသော အနီရောင်ဝတ်စုံဝတ် ကျုံးစန်းဂိုဏ်းသားများမှာ ငေးကြောင်သွားကြတော့သည်။

'မီး....မီး....မီးလောင်နေပြီ ဂိုဏ်းချုပ်ကြီး'



မီးများမှာ အဆောက်အဦးတစ်ခုလုံးကို စတင်လောင်ကျွမ်းနေသည့်ပြင် သူတို့ရှိနေသည့် အလယ်ခေါင်အဆောက်အဦးများပင် မီးစွဲနေခဲ့ပြီ ဖြစ်သည်။

ချင်ရီလည်း ရရှိသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ ခန်းမ၏ ပြတင်းပေါက်မှတစ်ဆင့် သစ်ပင်ထက်သို့ ခုန်တက်ကူးပြောင်း ထွက်ခွာခဲ့သည်။

မီးများကား လှိုအတွင်းရှိ ကျုံးစန်းဂိုဏ်း၏အဆောက်အဦးများအား အရှိန်ပြင်းစွာ လောင်ကျွမ်း နေလေသည်။ ဂိုဏ်းသားများကား မီးကို ဝိုင်းဝန်းပြီး ငြိမ်းသတ် နေကြလေသည်။

ချင်ရီသည် လှိုအတွင်းမှ ကိုယ်ဖော့ပညာကို သုံးလျက် အမြန်ဆုံး ပြေးထွက်လာခဲ့သည်။

လှိုဝသို့ ရောက်ရှိသွားသောအခါ သူ၏နောက်တော်မှ ပြေးလိုက်လာသည့် ခြေသံကို ကြားလိုက်သဖြင့် သစ်ပင်အကွယ်တစ်နေရာ၌ ဝင်ရောက်ပုန်းကွယ်နေလိုက်သည်။

ထိုအခါ နောက်မှ ပြေးလာသူကိုတွေ့လိုက်ရလျှင် အံ့ဩသွားရသည်။

သူမကား ပြစ်မျိုးမှည့်မထင် နှင်းပွင့်မယ် ထိစင်လွမ်းင်ဖြစ်သည်။

သူမသည် ဒဏ်ရာရနေသည့်အသွင် ပေါ်နေသဖြင့် ချင်ရီ သေချာစွာ စိုက်ကြည့်နေမိသည်။

ထိစင်လွှမ်မှာ သူပုန်းကွယ်နေသော သစ်ပင်နှင့် ခပ်လှမ်းလှမ်းအရောက်ဝယ် လဲကျသွားသည်။

ချင်ရီသည် ပုန်းကွယ်နေရာမှ ခုန်ထွက်ခဲ့ရ တော့သည်။ သူမ၏ဒဏ်ရာအား စစ်ဆေးကြည့်ရှုလိုက်သောအခါ အတွင်းဒဏ်ရာ ရရှိလာသည်ကို သိရ၏။

ထိစင်လွှမ်၏ ရင်ညွန့်တွင် ညိုမည်းနေသည့် လက်ဝါးရိုက်ချက်ရာတစ်ခုကို တွေ့ရသည်။

ချင်ရီသည် ဤနေရာမှ အမြန်ဆုံးထွက်ခွာမှ ဖြစ်မည်ဟု ဆုံးဖြတ်ခါ သူမ၏ခန္ဓာလေးအား ပခုံးပေါ်သို့ ထမ်းတင်လိုက်သည်။

ထိုအခိုက် အစိမ်းရောင် ဝတ်ထားသည့် လူတစ်ယောက် ချုံကွယ်မှ ဘွားခနဲပေါ်လာသဖြင့် ရန်သူထင်မှတ်ပြီး ထိစင်လွှမ်အား မြေပြင်၌ ပြန်လည်ချလျက် ရင်ဆိုင်ရန်ပြင်လိုက်လေသည်။

'ကျုပ်....ရန်သူမဟုတ်ပါဘူးဗျာ၊ ခင်ဗျားရဲ့ မိတ်ဆွေပါ၊ ကူညီရအောင် လိုက်လာခဲ့တာပါ'





ချင်ရီသည် ထိုသူအား မည်သူသည်ဝါဒမေးစမ်းရန်အချိန်မရတော့ဘဲ ထိစင်လွှမ်အား ပခုံး၌ထမ်းလျက်–

ကဲ....ဒါဖြင့် ကျုပ်တို့ ဒီနယ်က လွတ်အောင် ပြေးမှဖြစ်မယ်'

သို့ဖြင့် ချင်ရီလည်း သူ၏ ပိတ်ဆွေတစ်ဦးပါဟု ဆိုသူနှင့်အတူ ထိစင်လွှမ်အား ထမ်းလျက် ပြေးနှင်ကြလေတော့သည်၊

* * *

အစိမ်းရောင်ဝတ် သိုင်းသမားနှင့် သူ ထိစင်လွှမ်ကို တစ်ယောက်တစ်လှည့် ထမ်းခါ ခရီးပြင်း နှင်လာကြရာ လမ်းတွင် လှိုဏ်ဂူတစ်ခုအား တွေ့ရှိရသဖြင့် ထိုနေရာ၌ နားနေကြရန် ဆုံးဖြတ်လိုက်ကြလေသည်။

နှင်းပွင့်မယ်ကား ယခုထိ သတိမရဘဲ ရှိနေခဲ့၏။

ချင်ရီသည် သူမ၏ အတွင်းဒဏ်ရာ သက်သာအောင် သူမခန္ဓာရှိ အကြောများကို ပြုပြင်နှိပ်နယ်ပေးလိုက်သည်။

အစိမ်းရောင်ဝတ်ကလည်း သူ၌ပါလာသည့် ဆေးများကို တိုက်ကျွေး၏။

မကြာခဏ နှင်းပွင့်မယ် သတိရလာလျက် လူးလွန့်လာလေသည်။

မျက်လုံးနက်ကလေးများကိုလည်း ဖျပ်ခနဲ ဖွင့်လျက် ဘေးဆီသို့ ကြည့်လိုက်မိ၏။

ထိုအခါ ချင်ရီနှင့် အခြားမျက်နှာစိမ်းယောကျ်ား တစ်ဦးကို မြင်လိုက်သဖြင့် ရှက်ရွံ့သည့် အမူအရာ ဖြစ်ပေါ်သွားခဲ့သည်၊

ရင်ညွန့်တွင် ပွင့်ဟနေသော အင်္ကျီစကိုလည်း ဆွဲစေ့လျက် ဆတ်ခနဲ ထထိုင်၏။

ချင်ရီကတော့ သူမ သတိရလာသည်နှင့် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိသည်။

သူမက သတိပြုမိ၏။

'ဘာဖြစ်တာလဲရှင့်'

'ပါးရိုက်ခံရမှာ စိုးလို့ပေါ့'

'ကျွန်မ အသက်ကို ရှင် ကယ်ပြန်ပြီလား'

'ကျုပ် ကယ်တာ မဟုတ်ပါဘူး၊ ဟောဒီက မိတ်ဆွေ ကယ်တာပါ၊ ဒီတစ်ခါရိုက်ရင် သူ့အလှည့်'





ထိစင်လွှမ်က လူစိမ်းသိုင်းသမားကို လှမ်းကြည့်၏။ ထိုသူက ထိစင်လွှမ်၏ လှပသောမျက်နှာလေးကို ငေးကြည့်လျက် ချင်ရီနှင့် အပြန်အလှန် ပြောဆိုနေကြသည်ကို နားထောင်နေ၏။

ထိစင်လွှမ်က ပြုံးလိုက်ပြီး မက်တပ်ရပ်လိုက်သည်။

'မရိုက်ပါဘူးရှင် နှစ်ဦးစလုံးကို ကျေးဇူးတင်ပါတယ်'

'ဒါနဲ့ ဒီက အစ်ကို့နာမည်က ဘယ်သူလဲဟင်'

သည်တော့မှ ချင်ရီလည်း သတိရလျက် မေးမြန်းမိတော့သည်။

'အော်....ဟုတ်သားပဲ၊ ကျုပ်တို့ချင်း ခုထိ နာမည်မသိကြသေးဘူး'

'ကျွန်တော် နာမည် လေဟွာမင်းပါ၊ လေနီကြမ်းလေဟွာမင်းလို့ ခေါ်ကြတယ်'

'ကျုပ်နာမည်ကတော့ ချင်ရီ၊ သူက ဖြစ်မျိုး မှည့်မထင် နှင်းပွင့်မယ် ထိစင်လွှမ်ပါ'

'ဟုတ်ကဲ့၊ ကျွန်တော်သိထားပါတယ်'

သူတို့သုံးဦးမှာ တစ်ဦးကိုတစ်ဦး အပြုံးများနှင့် ခင်မင်ရင်းနှီးမှုခြင်း ဖလှယ်လိုက်ကြ၏။

'ဒါနဲ့....နှင်းပွင့်မယ်ကို ဘယ်သူတိုက်လိုက်တာလဲ'

ချင်ရိက မေးမြန်းလိုက်၏။

'မသိဘူး၊ အရပ်ရှည်ရှည်နဲ့အဘိုးကြီးတစ်ဦးပဲ အနီရောင်ဝတ်စုံဝတ်ဆင်ထားတယ်၊ အဝါရောင်အင်္ကျီဝတ်လို့ အနီရောင်ခြုံလွှာကြီးခြုံထားတဲ့ ဒဏ်ရာရထားတဲ့လူကြီးတစ်ဦးကို တွဲခေါ်လာတုန်း ကျွန်မနဲ့တွေ့တာပဲ ကျွန်မရဲ့လက်ထဲမှာ မီးဒုတ်နဲ့ဆိုတော့ အဆောက်အဦးတွေကို မီးရှို့တာ ကျွန်မမှန်းသိသွားပြီး ချက်ချင်းစင်လိုက်တာပဲရှင့် အဘိုးကြီးက သိုင်းစွမ်းအတော်ထက်တာပဲ၊ ကျွန်မလဲ ပြန်တိုက်ပါသေးတယ် သူ့လက်ဝါးရိုက်ချက် ထိမှန်လိုက်တော့ မခံနိုင်တာနဲ့ ထွက်ပြေးခဲ့ရတာပါ'

'မင်းက ဘာလို့သူတို့ ကျုံးစန်းဂိုဏ်းကို မီးရှို့ရတာလဲ'

'ရှင့်ကို ကယ်တာပေါ့။ ရှင်ဟာ ကျွန်မ ကျေးဇူးရှင်တစ်ဦးပဲ မဟုတ်ဘူးလား၊ ရှင်ခန်းမထဲမှာ သူတို့တစ်ဂိုဏ်းလုံးနဲ့တိုက်ရတော့မှာ မဟုတ်လား'





'ဟင်....သူတို့ဂိုဏ်းတင် မဟုတ်ဘူး ညှို့သည်သိုင်းသမားတွေရဲ့ တိုက်ခိုက်မှုပါ ခံရတော့မလို့'

'ဟုတ်တယ်....အားလုံးပဲ ချင်ရိကို ဝိုင်းတိုက်ဖို့ စုရုံးနေကြပြီဗျ'

အစိမ်းရောင်လူရှည် သိုင်းသမား လေဟွာမင်းကလည်း ဝင်ပြောမြန်သည်။

'အဲဒါကို ကျွန်မထင်တယ်၊ ဒါကြောင့် ဘယ်သူမှမရှိတုန်း အဆောက်အဦးတစ်ခုလုံးကို မီးတင်ရှို့လိုက်တာပဲ၊ နောက်ပြီး မိတ်ဆုံစားပွဲလုပ်နေတဲ့ အဆောက်အဦးကြီးကို မီးရှို့ပေးလိုက်တာရှင့်'

ချင်ရိက သူမ၏ ပြောပြချက်များကို သေသေချာချာ နားထောင်နေခဲ့သည်။

'အင်း....ကျုပ်ကို နှင်းပွင့်မယ် ကယ်လိုက်တာကိုး'

သူမက ပြုံးနေလေသည်။

'နှင်းပွင့်မယ်နှင့် ဆုံတဲ့သူတွေက ဂိုဏ်းချုပ်ကြီး ကျင်းရှောင်ရိရဲ့ သူ့လက်ထောက် မီးနဂါး ဝေါင်စန်ချောက်ပဲကွ၊ နှင်းပွင့်မယ်ရခဲ့တဲ့ ဒဏ်ရာကလဲ ဝေါင်စန်ချောက်ရဲ့မီးနဂါးရိုက်ချက် ဖြစ်လိမ့်မယ်'

'ဟုတ်လိမ့်မယ်ရှင့်၊ ကျွန်မ လွှတ်မြောက်သွားလို့ ဂိုဏ်းချုပ်ကြီးရဲ့ အော်ဟစ်နေသံကို ကြားလိုက်ရသေးတယ်'

'ဒီအတိုင်းဆိုရင်တော့ ကျုံးစန်ဂိုဏ်းရဲ့ အန္တရာယ်က မပြီးသေးဘူးထင်တယ်၊ သူတို့လိုက်လာကြလိမ့်မယ်'

လေနီကြမ်း လေဟွာမင်းက သူ၏ ထင်မြင်ချက်အား ဝင်ပြောလေသည်။

'အေးလေ....ဒါဆိုလဲ ကျုပ်တို့ ဒီကပဲလမ်းခွဲကြတာပေါ့၊ ကျုပ်မှာ လုပ်စရာထာဝန်တွေ ကျန်သေးတယ်'

ချင်ရိက ထိုသို့ပြောလိုက်ရာ နှင်းပွင့်မယ် ထိစင်လွှမ်နှင့် လေနီကြမ်း လေဟွာမင်းတို့မှာ စိတ်မကောင်းဖြစ်သွားသည့် အမူအရာများ ပေါ်သွားကြ၏။

ကျုပ် ချင်ရိနဲ့ လိုက်ပရစေ'

'ဗျာ....'

လေဟွာမင်းထံမှ မမျှော်လင့်သောစကားကို ကြားလိုက်သဖြင့် ချင်ရိ အံ့အားသင့်သွားလေသည်။

'ဟာ....မဖြစ်ဘူးထင်တယ် လေဟွာမင်းရဲ့၊ ခင်ဗျားလဲ သိတဲ့အတိုင်း ကျုပ်ဆီမှာ အန္တရာယ်တွေက ဝိုင်းစိုင်းလည်နေတာပဲ'





လေနီကြမ်း လေဟွာမင်းက ပြုံးလိုက်၏။ ထို့နောက် ပြောလိုက်သည်။

'အဲဒါကြောင့် ကျွန်တော် လိုက်ခဲ့ချင်တာပါဗျာ၊ အန္တရာယ်တွေတာမျိုးက သိုင်းသမားတွေအတွက် မဆန်းပါဘူး ချင်ရိရယ်'

'ဟုတ်တယ် အစ်ကိုချင်ရိ ကျွန်မလဲ အစ်ကိုချင်ရိနောက် လိုက်ခဲ့မယ်၊ ကျွန်မတို့ပါတော့ အစ်ကိုချင်ရိ အန္တရာယ်ကို တစ်ဖက်တစ်လမ်းက ဝင်ရောက်ကူညီနိုင်ကြတာပေါ့'

နှင်းပွင့်မယ် ထိစင်လွှမ်ကလည်း ဝင်ရောက် ပြောနေပြန်သောကြောင့် ချင်ရိမှာ မငြင်းသာတော့ဘဲ ခေါင်းညိတ်လိုက်ရတော့သည်။

သို့ဖြင့် သူတို့သုံးဦးသားမှာ လှိုင်ဂူထဲမှ ထွက်ခွာလာကြတော့၏။

* * *

## ထူးဆန်းသောသိုင်းသမား လေနီကြမ်းလေဟဒ္ဒာမင်း

ချင်ရိ လေနီကြမ်း လေဟဒ္ဒာမင်းနှင့် နှင်းပွင့်မယ် ထိစင်လွမ်တို့သည် မြို့လေးတစ်မြို့သို့ ရောက်ရှိလာကြ၏။ ဝေဖန်းမြို့ဟု ခေါ်သည်၊ ယင်းမြို့ရှိ တည်းခိုခန်းတစ်ခုဝယ် သူတို့ ဝင်ရောက်တည်းခိုကြ၏။

ချင်ရိနှင့် လေဟဒ္ဒာမင်းတို့သည် ထိစင့်လွမ်အား အခန်းတွင် အနားယူ အိပ်စက်စေပြီး သူတို့က ဝေဖန်းမြို့လေးအား လှည့်ပတ်ကြည့်ရှုကြသည်။

မြို့ပြင်တစ်နေရာရောက်သော် လေဟဒ္ဒာမင်းက ချင်ရိအား ထူးဆန်းသော စကားအချို့ကို စတင်ပြော၏။

'ဒီမှာ ချင်ရိ....ကျွန်တော် ခင်ဗျားနောက်လိုက်လာတာ အကြောင်းရှိပါတယ်၊ ဟို—နှင်းပွင့်မယ်ရှေ့မှာ မပြောချင်

ချစ်သူမျက်နှာ ဝက်ပါစက်ဝိုင်း သို့ :သံသာရ (ဇာတ်သိမ်း) ၃၅၁ လို့ ခုလို နှစ်ယောက်တည်း ပြောရအောင် ခေါ်လာခဲ့တာပဲဗျ'

'ဘာများလဲ လေဟဒ္ဒာမင်း'

ချင်ရိက သူ၏မျက်နှာကို အကဲခတ်ရင်း မေးသည်။

ထိုအခါ လေဟဒ္ဒာမင်းကလည်း တီးတိုးပြောကြားလိုက်လေသည်။

'ကျွန်တော်ဟာ တာဝန်တစ်ခုနဲ့ လာခဲ့တာပါ၊ သိုင်းဆရာကြီးတစ်ဦးထံ သိုင်းကျမ်းတစ်စောင် လာရောက်အပ်နှံရတဲ့တာဝန်ပါ၊ ခု....ကျွန်တော့်ဆီမှာ အဲဒီသိုင်းကျမ်းပါလာခဲ့တယ်ဗျ'

သိုင်းကျမ်းဟု ဆိုလိုက်သဖြင့် ချင်ရိမှာ ကိုယ်ကိုမတ်သွားမိတော့သည်။

သူက သိုင်းပညာမှန်သမျှကို စိတ်ဝင်စားသူ ဖြစ်လေသည်။

'ဘယ်....ဘယ်လိုသိုင်းကျမ်းလဲ လေဟဒ္ဒာမင်း'

'သိုင်းကျမ်းပိုင်ရှင်ကတော့ ကျွန်တော့် သိုင်းဆရာမကြီး ပါပဲ၊ ဒါပေမယ့် သူက သိုင်းဆရာကြီး တစ်ဦးထံ ဒီသိုင်းကျမ်းကို ရှာဖွေပြီး ပို့ပေးပါဆိုတဲ့ တာဝန်ကိုကျွန်တော့် ပေးခဲ့ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီသိုင်းကျမ်းကိုဆက်ခံထိုက်တဲ့ ရင်သွေးဟာ အဲဒီသိုင်းဆရာကြီးနဲ့ဟိုငယ်စဉ်ကလေး သာဝကတည်းက ပါသွားခဲ့တယ်လို့ဆိုတယ်၊ ဒါပေမယ့် ကျွန်တော့် ရည်ရွယ်ချက်က ကျုံးစန်းမိတ်ဆုံပွဲမှာ ချင်ရီကို တွေ့မြင်လိုက်ရတာနဲ့ ပြောင်းလဲသွားခဲ့ရပါတယ်'

'ဗျာ....ကျုပ်ကိုမြင်တွေ့လို့ ဟုတ်လား'

'ဟုတ်ပါတယ်ချင်ရီ၊ ကျုပ်သူ့ကို သိုင်းကျမ်း ပေးဖို့ ချိန်းဆိုထားခဲ့ပြီးပါပြီ၊ ဒါပေမယ့် ကျုပ်မပေးတော့ဘူးလို့ ဆုံးဖြတ်လိုက်မိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ သိုင်းကျမ်းမရထိုက်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်လို့ပါပဲ၊ အဲဒီအစား သိုင်းစွမ်းထက်မြက်တဲ့ ပါရမီခံရှိတဲ့ ချင်ရီကိုပေးအပ်ခဲ့မယ် ဆိုတဲ့ ဆုံးဖြတ်မှုပါပဲ'

'ဟင်....ကျုပ်ကို ပေးခဲ့မယ် ဟုတ်လား လေဟွာမင်း'

'ဟုတ်ပါတယ်၊ ဟောဒီမှာပါ ချင်ရီ'

လေနီကြမ်း လေဟွာမင်းက သူ၏အိတ်ထဲမှာ သိုင်းကျမ်းကိုနှိုက်ယူလျက် ချင်ရီအား ပေးသည်။ ကျောက်စိမ်းပြားလေး တစ်ချပ်ပင်။



ချင်ရီက လက်ဝါးပေါ်တွင် တင်ကြည့်လိုက်သည်။

ကျောက်စိမ်းပြားလေး၌ အလွန်သေးငယ်သော ရုပ်ပုံလေးများ ပါရှိ၏။ သိုင်းကွက်များပင် ဖြစ်၏။

'နာမည် ဘယ်လိုခေါ်လဲ လေဟွာမင်း'

'ကျောက်စိမ်း သိုင်းကျမ်းလို့ ခေါ်ပါတယ်'

ချင်ရီမှာ အသစ်သစ်သော သိုင်းကျမ်းများအား စိတ်ဝင်စားတတ်သူဖြစ်ရာ၊ ထိုကျောက်စိမ်း သိုင်းကျမ်းရရှိသဖြင့် ဝမ်းသာ ပျော်ရွှင်သွားသည်။

'ကျုပ်ဒီမှာ အဲဒီသိုင်းဆရာကြီးနဲ့ သွားတွေ့ရမယ်ဗျ၊ လက္ခဏာနဲ့ ဟောဟိုမှာ ခပ်ရေးရေးမြင်နေရတဲ့ တောင်ပေါ်မှာပဲချင်ရီ'

'အဲဒါ ဘာတောင်လဲ'

'လဘွက်မြင် လဝင်ပျောက် တောင်လို့ခေါ်တယ်'

'ဘယ်လိုပါလိမ့်ဗျာ'

'တောင်က မည်းနက်နေတော့ ညဆိုရင်လထွက်မှမြင်တွေ့ရတယ်၊ လဝင်တာနဲ့ တောင်လဲ ပျောက်သွားရော၊ ဘာမှ မမြင်ရတော့ဘူး၊ တစ်ချို့ကလဲ တောင်မည်းချိတ်လို့ ခေါ်ကြသေးတယ်'

'အြော်....ဒါနဲ့ ဒီညလထွက်မှာလား'

'လတောင် ပြည့်တော့မယ်ဗျ'

တစ်ဖြည်းဖြည်း မှောင်ရီပျိုးလာသဖြင့် လေဟွာမင်းက နှုတ်ဆက်လိုက်သည်။

'ကျုပ်သွားမယ်ချင်ရိ၊ တည်းခိုခန်းပြန်လိုက်ပါဦး ဟိုမှာ နှင်းပွင့်မယ်တစ်ဦးတည်း ဖြစ်နေတယ်'

'စိတ်ချပါ လေဟွာမင်း'

ထို့နောက် လေနိုကြမ်း လေဟွာမင်းနှင့် ချင်ရိတို့ကျော ခိုင်းလိုက်ကြသည်။

လေဟွာမင်းက 'လထွက်မြင် လဝင်ပျောက်' သို့မဟုတ် 'တောင်မည်းချိတ်' ဘက်သို့ ဦးတည်ရွေ့ရှသွားသကဲ့သို့ ချင်ရိကလည်း ဝေဖန်းမြို့သို့ ခြေဦးလှည့်ပြီး ထွက်ခွာသွားကြလေတော့သည်။





သို့ရာတွင် အဝေးကြမ်းလေ ကြာမြင့်သောအခါ ချင်ရိသည် လေဟွာမင်းနောက် မလှမ်းမကမ်းမှ နောက်ယောင်ခံ လိုက်ပါနေခဲ့တော့သည်။

* * *

ကောင်းကင်ယံ၌ လမင်းကြီး တထိန်ထိန်သာလျက် ရှိနေလေသည်။

လေနိုကြမ်း လေဟွာမင်းသည်လထွက်မြင် လဝင်ပျောက် တောင်ပေါ်သို့ တရွေ့ရွေ့ တက်ရောက်နေလေသည်။

တောင်ပေါ်လေက တဟူးဟူး တိုက်ခတ်နေ၏။

ချင်ရိမှာ လေနှင်ရွက်ဝါ ခြေကွက်များနှင့် လိုက်ပါလာခဲ့သည်ဖြစ်ရာ မည်သည့် ခြေသံမှ မကြားနိုင်ခဲ့ပေ။

လေဟွာမင်း၏ လှုပ်ရှားနေဟန်မှာ စက်ရုပ် တစ်ရုပ်လှုပ်ရှားနေသည့်နှယ် တာဝန်ဝတ္တရား၊ သို့မဟုတ် ကတိစကား တစ်ခုကြောင့် သွားနေပုံမျိုး ဖြစ်သည်။

စိတ်ခေါ်တက်ကြွနေဟန်မှုဟုတ်။ စိတ်ခေါ် ပျက်ပြားနေသည့်ပမာ တရွေ့ရွေ့နှင့် သူသည် တောင်ပေါ်သို့ ရောက်ရှိသွားသည်။

တောင်ပေါ်၌ မည်သူ့ကိုမှ မတွေ့ရပေ။ လရောင်များ ဖြာကျနေသဖြင့် တောင်ထွတ်၌ လင်းထင်းနေကာ မြင်ကွင်းများကို ထင်ရှားစွာ မြင်တွေ့နေရ၏။

လေဟာ့မင်းသည် ကျောက်တုံး တစ်တုံးပေါ်တွင် ထိုင်ချလျက် လမင်းကြီးကို မော့ကြည့်နေသည်။

'အင်း....ငါ့အတွက် လမင်းကိုမြင်တွေ့ရတာ နောက်ဆုံးညပဲ ထင်တယ်'

သူ၏နှုတ်မှ တိုးသက်စွာ ရေရွတ်လိုက်သံကို ကြားလိုက်ရသည်။

သိပ်မှန်တာပေါ့ လေနီကြမ်းရယ်၊ မင်းတာဝန်ပျက်ကွက်ခဲ့လို့ပေါ့ကွာ ဟား....ဟား....ဟား'

လေနီကြမ်း လေဟာ့မင်းမှာ ဆတ်ခနဲ နောက်သို့ လှည့်ကြည့်လိုက်မိ၏။ အသံရှင် ပုဂ္ဂိုလ်ကြီးက သူ၏ စကားအားသူ့သာသာ သဘောကျလျက် တဟားဟားနှင့် ရယ်မောနေ၏။



'ဟာ....ဆ....ဆ....ဆရာကြီး'

ကျောက်ထုံးကွယ်နောက်မှ စောင့်ကြည့်နေသည့် ချင်ရီ၏ နှုတ်မှ အံ့ဩလွန်းစွာ ထွက်ပေါ်သွားခြင်းဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် သေဆုံးသွားပြီးဖြစ်သည့် သူ၏ ဆရာ 'အဆိပ်လက်ဝါး စုံရှင်းဖုံ'အား လရောင်အောက်၌ ထင်ထင်ရှားရှား ပီပီပြင်ပြင် မြင်နေရသောကြောင့် ဖြစ်၏။

သူကိုယ်တိုင် ကျောက်တစ်လုံးတောင်ပေါ်ရှိ မျက်မမြင်ဂူထဲဝယ် ဆရာဖြစ်သူ၏ အလောင်းအား ကျောက်ထုံးကြီးဖြင့် ပိတ်လျက် သင်္ဂြိုဟ်ခဲ့ပြီးဖြစ်သည်။

ယခု သည် 'လထွက်မြင် လဝင်ပျောက်' တောင်ပေါ်ဝယ် ပြန်လည်မြင်တွေ့ရသောအခါ အံ့အားသင့်လျက် မယုံနိုင်အောင် ဖြစ်နေခဲ့ရလေသည်။

ဆရာကြီးမှ ဆရာကြီးအစစ်ပင် ရုပ်ရောအသံရော အတူတူပင်....။

'ဘယ်မှာလဲကွ သိုင်းကျမ်း'

'မရှိတော့ပါဘူးခင်ဗျာ'

'ဘာကွ'

ဓင်းစာဖေ

ဆရာကြီးထံမှ အသံက ကျယ်လောင်စွာ ထွက်ပေါ်သွားသည်ကို ကြားလိုက်ရသည်။ လရောင်အောက်၌ ဆရာကြီး၏ မျက်နှာမှာ ဒေါသများဖြင့် ခက်ထန်နေ၏။

'ဘာဖြစ်လို့ ငါ့ကို မင်းချိန်းဆိုခဲ့သလဲ'

'ပထမတော့ ကျွန်တော် ဆရာကြီးထံ အပ်နှံဖို့ပါပဲ ဒါပေမယ့် ဒီကျောက်စိမ်းသိုင်းကျမ်းဟာ ဆရာကြီးထံ မရောက်သင့်ဘူးလို့ ထင်ခဲ့မိဘာမို့ ကျွန်တော် ထိုက်တန်သူကို ပေးအပ်လိုက်ပါပြီခင်ဗျာ'

'ဟော....'

ဆရာကြီးမှာ စိတ်ဆိုးစွာဖြင့် လေနီကြမ်း လေဟွာမင်းအား လျှပ်တစ်ပြက် ရိုက်ချလိုက်၏။ လေနီကြမ်း လေဟွာမင်းကလည်း ထိုရိုက်ချက်ကို မျှော်လင့်နေသည် ထင်၏။ လေပြင်းတစ်သုတ်တိုက်သည်သို့ ရှက်ခနဲ ရွှေ့ပြောင်းရှောင်တိမ်းသွားခဲ့သည်။

အဆိပ်လက်ဝါးစုံရှင်းဖိုမှာ အလွန်ဒေါသထွက်သွားပြီး–

'ဟေ့....လေနီကြမ်း မင်း ဘယ်သူ့ကို ပေးလိုက်တာလဲ ပြောစမ်း'





'မပြောနိုင်ပါဘူးခင်ဗျာ'

'ကဲကွာ....'

'ဝုန်း....'

သည်တစ်ကြိမ်တော့ လေနီကြမ်း လေဟွာမင်းခင်မျာ ရှောင်တိမ်းနိုင်ခြင်းမရှိတော့ပေ။

ဆရာကြီးက သူထက်ပါးနပ်၏။ လျင်မြန်မှု၌ လေနီကြမ်းမှာ သူ့ထက် မြန်ကြောင်း သိရှိ ရိပ်မိပြီး ဖြစ်သောကြောင့် အဆိပ်လက်ဝါး စုံရှင်ဖုသည် ယာဘက်နှင့် ရိုက်ဟန်ပြ၍ ဘယ်ဘက်ကရိုက်ချလိုက်ရာ လေဟွာမင်းမှာ အဆိပ်လက်ဝါး ဒဏ်ခံလိုက်ရတော့သည်။

'ဝုန်း'

'အ....'

လေဟွာမင်းခမျာ တောင်အောက်သို့ လွင့်စင်ကျရောက်သွားတော့သည်။

ချင်ရိက ပုန်နေရာမှ ခုန်ထွက်လာ၏။ သူ့အားမြင်လိုက်ရသော အဆိပ်လက်ဝါး စုရှင်းဖုံမှာ တစ္ဆေသူရဲတဦးအား မြင်တွေ့လိုက်ရသကဲ့သို့ ဖြစ်သွားတော့သည်။

'မင်း....မင်းချင်ရိ'

'ဟုတ်ပါတယ်ခင်ဗျာ'

ဆရာကြီး အဆိပ်လက်ဝါး စုံရှင်းဖုအား ချင်ရိ နားမလည်နိုင်အောင် ဖြစ်ခဲ့ရလေသည်။

ဆရာနှင့်တပည့်ကွဲကွာခဲ့ရသည်မှာ ကြာမြင့်လှပြီဖြစ်သည်။

သေပြီဟု ထင်မှတ်ထားရာမှ မသေဘဲ ပြန်တွေ့ခဲ့ရာ၌ တစ်ဦးနှင့်တစ်ဦး ဝမ်းသာပျော်ရွှင်ဖွယ် ရှိရမည်ဖြစ်၏။

ဆရာကြီးအား ယခုတော့ သူ့အား တွေ့မြင်ရခြင်းကို ဝမ်းသာဟန်မပြ၊ အံ့ဩထိတ်လန့်သည့် အမူအရာများနှင့်သာ လှမ်းကြည့်နေခဲ့သည်။

မည်သို့ဖြစ်စေ သူကမူ ဆရာသည် ဆရာပဲဖြစ်သည်ဟု ခံယူ၏။

ထို့ကြောင့် လက်နှစ်ဖက်ကို ယှက်လျက် ရင်တတ်တွင် စုကာ ကိုယ်ကိုညွှတ်ပြီး အရိုအသေပေးလိုက်သည်။





'ကျွန်တော်က ဆရာကြီး သေဆုံးသွားပြီလို့ ထင်ခဲ့တယ်'

'အေးအေ....ခု မသေလို့ ပြန်တွေ့ရတာပဲ မဆန်းပါဘူး တပည့်ရယ်'

ချင်ရိက ဝမ်းသာအားရပင် ပျော်ရွှင်နေမိခဲ့သည်။

သို့ရာတွင် ဆရာကြီးသည် လေနီကြမ်း လေဟွာမင်းအား တိုက်ခိုက်လိုက်သည့်အတွက် စိတ်မကောင်း ဖြစ်နေမိခဲ့သည်။

'ဆရာကြီး လေနီကြမ်း လေဟွာမင်းကို ဘာဖြစ်လို့ တိုက်ခဲ့ပါသလဲခင်ဗျာ'

'ဒီကောင်က ကတိမတည်ဘူးကွ၊ ငါ့ကို အရူးလုပ်ချင်တဲ့ကောင်၊ ဒါကြောင့် ငါဒီကောင့်ကို တိုက်ခဲ့ရတာပဲ'

'ဘယ်လိုများ အရူးလုပ်ခဲ့လို့လဲခင်ဗျာ'

ချင်ရိမှာ လေနီကြမ်းနှင့် ဆရာကြီးတို့ ပြောဆိုခဲ့ကြသည်များကို ကြားသိပြီးဖြစ်၏။ သို့ရာတွင် တမင်မေးမြန်းနေခဲ့မိသည်။

'ငါ့ကို သိုင်းကျမ်းတစ်စောင်ပေးမယ်ဆိုပြီး ကတိပျက်ခဲ့တယ်လေ၊ တခြားလူတစ်ယောက်ကို ပေးပစ်လိုက်တယ်တဲ့'

'အဲဒီလူဟာ ကျွန်တော်ပါပဲဆရာကြီး'

'ဘယ်....ဘယ်လိုကွ'

'လေနီကြမ်း လေဟုန်မင်းဟာ ကျွန်တော့်ကို ကျောက်စိမ်းသိုင်းကျမ်း ပေးခဲ့ပါတယ် ဆရာကြီး'

'ဟေ....ဟုတ်လားကွယ့်၊ ငါ့....ငါ့ကိုပြေးစမ်းကွယ့်'

ဆရာကြီးမှာ အိုခြေမဆည်နိုင်အောင် သိုင်းကျမ်းအား တောင်းဆိုတော့သည်။

ချင်ရိက သူ့၌ပါလာသော ကျောက်စိမ်း သိုင်းကျမ်းကို ထုတ်မပေးတော့ရန် ဆုံးဖြတ်လိုက်၏။

'ခု....မပါလာဘူး ဆရာကြီး'

ဆရာကြီး၏မျက်နှာမှာ တွေသွားခဲ့သည်။

ချင်ရိက ဆရာကြီးအား သေချာစွာ အကဲခတ်ကြည့်ရှုနေခဲ့မိသည်။

တစ်ချိန်က ဆရာကြီး ပြောဆိုခဲ့သည့် စကားများကို ကြားယောင်လာ၏။





သူ့အား သေးကြောပိတ်ခဲ့ပြီး ထင်းစန်းတောင်ပေါ်၌ သူ့ဟန်ဆောင်လျက် သိုင်းလောကမှ သိုင်းကိုက်းချုပ်များ၊ သိုင်းပညာရှင်များကို ယမ်းဗုံး ဖောက်ခွဲပြီး သတ်ဖြတ်ခဲ့လေသည်။

ထို့ကြောင့် ထိုစဉ်ကပင် အဆိပ်လက်ဝါး စုံရှင်းဖွဲ့အတု ရှိနေခဲ့သည်။

ယခု သူတွေ့ဆုံရသည့် လူမှာလည်း အတုအစ်ယောက် ဖြစ်သည်ဟု မပြောနိုင်။

ထို့ကြောင့် အစစ်အတု ကွဲကွဲပြားပြား မခွဲခြားနိုင်မီ သိုင်းကျမ်းအား မပေးအပ်လို၍ ရှောင်လွှဲပြီး ပြောလိုက်ခြင်း ဖြစ်သည်။

'အေးလေ....ဒါဆိုလဲ လပြည့်နေ့ကျရင်ကိုယ်ပျောက်လျှိုမှာ ငါ့ကို သိုင်းကျမ်း လာပေးလှည့်ကွာ၊ ဟုတ်လား ချင်ရိ'

'စိတ်ချပါ ဆရာကြီး'

ထို့နောက် ဆရာကြီးအဆိပ်လက်ဝါး စုံရှင်းဖွဲ့သည် လတွက်မြင် လဝင်ပျောက် တောင်ပေါ်မှ ဆင်းသွားလေတော့သည်။

ချင်ရိသာလျှင် ငေးငိုင်ပြီး တောင်ပေါ်မှ ကျန်ရစ်ခဲ့လေသည်။

သူ၏စိတ်ထဲ၌ ဆရာကြီးအစစ်သာဖြစ်နေခဲ့ပါက အလွန်မှပင် အားနာစရာကောင်းမည်ဟု တွေးနေမိသည်။

အတုနှင့် အစစ်ကို ခွဲခြားရန် တစ်နည်းပဲရှိသည်။

လပြည့်နေ့ မရောက်မီ ကျောက်တစ်လုံးတောင်သို့သွား၍ မျက်မမြင်ဂူမှာ ဆရာကြီး၏ အလောင်းအား စစ်ဆေးကြည့်ရှုရန်ပင် ဖြစ်သည်။

ထို့ပြင် သူ့မျက်စိထဲ၌ ဆရာကြီး၏ ရိုက်ချက်ကြောင့် တောင်အောက်သို့ ကျရောက်သွားခဲ့သည်။

လေနီကြမ်း လေဟွာမင်းဆိုသည့် ထူးဆန်းသည့် သိုင်းသမားကိုလည်း မြင်ယောင်နေမိသည်။

ထိုသူကား ကျောက်စိမ်းသိုင်းကျမ်းအား ဆရာကြီးလက်ထဲ မအပ်နှံလိုသဖြင့် အသေခံ သွားခဲ့သူလည်း ဖြစ်လေသည်။

သူ၏ဆရာမကြီး ဆိုသူမှာ မည်သူနည်း။





ဆရာကြီး၏ထံတွင် ရှိနေခဲ့သည်ဆိုသော ထိုဆရာမကြီး၏ ရှင်သွေးဆိုတာကရော မည်သူနည်း။

ချင်ရိမှာ တောင်ပေါ်၌တစ်ယောက်တည်း အတွေးများက လွင့်ပျံနေခဲ့သည်။

'အင်း....ဝေဖန်းမှာ နှင်းပွင့်မယ် တစ်ယောက်တည်းကျန်နေခဲ့တာပဲ၊ ကျုံးစန်းဗိုဏ်း အန္တရာယ်ကလဲလုံးဝကင်းဆေးတာမဟုတ်ဘူး၊ သူတို့က ဘောက်လျှောက်လိုက်လာရင် လိုက်လာနိုင်တယ်'

နောက်ဆုံးတွင် တည်းခိုခန်းတွင်ကျန်ရစ်ခဲ့သည့် နှင်းပွင့်မယ်ထိစင်လွှမ်းအား စိုးရိမ်ပူပန်ပြီး ဝေဖန်းသို့ ပြန်လာခဲ့ရလေတော့သည်။

* * *

## နှင်းပွင့်မယ် ပျောက်ဆုံးခြင်း

ချင်ရီသည် 'လထွက်မြင် လဝင်ပျောက်' တောင်ပေါ်မှ ဝေဖန်းမြို့ရှိ တည်းခိုခန်းသို့ အမြန်ဆုံး ပြန်၍လာခဲ့လေသည်။

သို့ရာတွင် နှင်းပွင့်မယ် ထိစင်လွမ်သည် သူမ၏ အခန်းဝယ် မရှိတော့ပေ။

အခန်း၌လည်း ရှုန်းရင်းဆန်ခတ် တိုက်ခိုက် သွားသည့် အသွင်များ ဖြစ်ပေါ်နေသည်ကိုလည်း တွေ့မြင်ရ၏။

အခြေအနေကြည့်ရသည်တော့ ရန်သူများ၏ဖမ်းဆီးခြင်းကို နှင်းပွင့်မယ်ခမျာ ခံရသည်ဟု ထင်သည်။

သို့ဖြင့် ချင်ရီသည် ဆိုင်ရှင်အား သွားရောက် မေးမြန်းခဲ့လေသည်။



'အင်း....ခင်ဗျားပြောတဲ့ မိန်းကလေးပဲဖြစ်မယ်၊ တောင်တောင်ကိုလှတဲ့ မိန်းကလေးတစ်ယောက် လူတစ်စုအလယ် ပါသွားတာတော့ တွေ့မိတာပဲ'

ဆိုင်ရှင်က စိတ်မကောင်းဟန်နှင့် ပြန်လည် ပြောပြလေသည်။

'အင်း....ဒီအတိုင်းဆိုရင် မိန်းကလေးကို သိုင်းသမားအချို့ ဖမ်းဆီးခေါ်သွားတာ သေချာပါပြီဗျာ'

ထိုစဉ် လူသုံးဦး ဆိုင်ထဲဝင်ရောက်လာသည်ကို တွေ့လိုက်ရသည်။

ထိုသိုင်းသမားများကို မြင်လိုက်ရသောအခါ ဆိုင်ရှင်မှာ အားရဝမ်းသာဖြင့်–

'ဟော....ဟော....မိန်းကလေးနဲ့ အတူတွက်သွားတာ သူတို့လူစုပဲ၊ ဒီသုံးယောက်ထဲက မျက်နှာမှာ အမာရွတ်နဲ့ လူကိုကျုပ်သေသေချာချာ မှတ်မိတယ်ဗျ'

ဆိုင်ရှင်သည် ချင်ရီအား အားတက်သရော ပြောဆိုလေသည်။

ပျောက်ဆုံးနေသော လမ်းစကို ပြန်တွေ့ရှိရသဖြင့် သူဝမ်းသာ သွားခဲ့သည်။

'ကျေးဇူးပါပဲဗျာ'

'သတိနဲ့လဲ နေဦး ဆရာလေးရေ သူ ၇ှိ နှာက လက်နက်ကိုယ်စီနဲ့ သုံးယောက်တောင်နော်'

'စိတ်ချပါဗျာ'

ချင်ရိသည် ထိုသိုင်းသမားသုံးဦးထံ တန်းတန်းမတ်မတ် လျှောက်သွားသည်။

သူ့အား မြင်သည်နှင့် သိုင်းသမားများမှာ ဓနိုးခနဲ ထလိုက်ကြ၏။ ဓားများကိုလည်း အသီးသီး ထုတ်လိုက်ကြသည်။

သူတို့က တစ်ပြိုင်နက် ချင်ရိအား စတင်တိုက်ခိုက်လေသည်။ ကြည့်ရသည်မှာ ကျုံးစန်းဂိုဏ်းသားများ ဖြစ်ဟန်ရှိသည်။

သို့ရာတွင် သူတို့၏သိုင်းစွမ်းမှာ ချင်ရိနှင့်အလွန်ကွာခြားကြလေရာ ဓားချက်များမှာ ချင်ရိအဖို့ အလွယ်တကူ ရှောင်တိမ်းနိုင်ခဲ့သော ဓားချက်များသာ ဖြစ်သည်။

'ဝှစ်–ဝှစ်'

'ဝှစ်–ဝှစ်'



ဓားချက်များမှာ လေကိုသာ ခုတ်မိထစ်မိနေခဲ့ကြသည်။

ချင်ရိက ထိုသိုင်းသမားများအား တစ်ဦးလျှင် သိုင်းကွက်တစ်ကွက်တည်းနှင့် တိုက်ခိုက်ခဲ့ရလေသည်။

ချင်ရိ၏တိုက်ခိုက်မှုကို ဓားသမားများ မရှောင်တိမ်းနိုင်ကြပေ။

ချင်ရိ၏ လက်ဝါးရိုက်ချက်များက သူတို့အား တဒင်္ဂ မေ့မျောသွားစေခဲ့သည်။ တစ်ဦးသော သတိရလာသည့်လူကြောင့် ချင်ရိ မိန်းကလေး ရှိနေသည့်နေရာအား သိရှိခဲ့ရလေသည်။

'ဘယ်မှာလဲကွ မိန်းကလေး၊ မပြောရင်တော့ မင်းလည်ပင်းကို ချိုးပစ်မယ်'

ချင်ရိက သိုင်းသမား၏ လည်မျိုကို လိမ်လျက် မေးမြန်းလိုက်ရာ–

'ပြော....ပြောပါ့မယ်ခင်ဗျ၊ လျှော့....လျှော့ပါဦး'

သို့နှင့် ချင်ရိက လိမ်ထားသောလည်မျိုးကို လျှော့ပေးလိုက်၏။

'ကောင်းပြီ မင်းလိုက်ခဲ့'

ချင်ရိသည် ထိုသိုင်းသမားအား မြို့ပြင်သို့ ခေါ်ဆောင်သွားခဲ့သည်။ တောအုပ်ထဲရောက်သောအခါ သိုင်းသမားက ညွှန်ပြလေ့သည်။

'အဲဟို သစ်လုံးအိမ်ထဲမှာပဲခင်ဗျ'

ချင်ရိက ထိုသိုင်းသမား၏ သွေးကြောကို လက်ညှိုးနှင့် အသာတောက်လိုက်၏။ သိုင်းသမားမှာ မျက်လုံးအစုံပြူး ကျယ်လျက် မလှုပ်မယှက် ဖြစ်သွားသည်။

'မင်းပြောတဲ့အတိုင်းမှန်ရင် သွေးကြောက နေကုန်ရင် အလိုလို ပြန်ပွင့်သွားလိမ့်မယ်၊ မမှန်ရင်တော့ ငါပြန်လာပြီး ဘယ်တော့မှမပွင့်တဲ့ သွေးကြောကို ပိတ်ပစ်မယ် ကြားလား'

သိုင်းသမား သစ်ပင်တစ်ပင်အောက်ဝယ် ထားရစ်ခဲ့ပြီး ထိုသစ်လုံးအိမ်အနီးသို့ ချဉ်းကပ်သွားခဲ့၏။

သူက တံခါးအနီးသို့ ကပ်သွားသည်။ ညည်းညူသံများကို ကြားရ၏။ လျင်မြန်စွာပင် တံခါးအား တွန်းဖွင့်ဝင်သွားခဲ့သောအခါ အနီဋ္ဌာရုံအချို့က အိမ်ထဲမှာ သူ့အား ဆီးကြိုနေခဲ့လေသည်။





ကျုံးစန်းဂိုဏ်းသား အနီရောင်သိုင်းသမားများမှာ အိပ်ခန်းထဲဝယ် အသီးသီး လဲပြိုလျက် ညည်းညူနေခဲ့ကြ၏။

ငါးယောက်အနက် နှစ်ဦးမှာ မသေသေးဘဲလူးလွန့်လျက်ရှိသည်။ တစ်ဦးမှာ မီးနဂါး ဝေါင်စန်ချောက်ဖြစ်နေသောကြောင့် ချင်ရိ အံ့ဩသွား၏။ ကျုံးစန်းဂိုဏ်းလက်ထောက်ဂိုဏ်းချုပ်ကိုယ်တိုင် ရှုံးနိမ့်ပြီး သေလုမျောပါးဖြစ်နေ၍ သူတို့အား တိုက်ခိုက်သည့်သိုင်းသမားမှာ နှယ်နှယ်ရရမဟုတ်မှန်း သိသာလေသည်။

'ခင်ဗျားတို့ကို ဘယ်သူတိုက်သွားတာလဲ၊ မီးနဂါးကြီး'

'ကျေးလက်သိုင်းသမား ချင်ဖုန်းရဲ့ဆရာ လေပြင်းသိုင်းသခင် တန်ချူးကွန်း'

'သူက ခင်ဗျားတို့ကို ဘာလို့တိုက်တာလဲ'

'လေပြင်းသိုင်းသခင်းက မင်းကို သူ့တပည့်အတွက် လက်စားချေဖို့ လိုက်ရှာနေခဲ့တယ်၊ တို့ကလဲ မင်းကို မိဖို့မင်းရဲ့ ကောင်မလေးကို ဖမ်းထားရမယ်၊ ဒါမှ မင်းရောက်လာမယ် မဟုတ်လား၊ သူက ကောင်မလေးကို သူနဲ့ ထည့်လိုက်ဖို့ တောင်းတယ်၊ တို့ကမပေးဘူး၊ ငါနဲ့သူက တိုက်တော့တာပဲ၊ မင်းရဲ့ကောင်မလေးတောင် ဒဏ်ရာရသွားလို့ သူ ထမ်းခေါ်သွားတာပဲ'

'သူက ဘယ်ခေါ်သွားတာလဲ'

'သူနေတဲ့ 'လေဝဲတောင်' ကို ခေါ်သွားမှာပေါ့ကွယ်'

'အဲဒီ လေဝဲတောင်က ဘယ်မှာရှိတာလဲ'

'ရှန်တောင်နယ်'

'ကျေးဇူးပါပဲ မိးနဂါးတိုးတိုးရယ်'

ချင်ရိက ရှန်တောင်နယ်သို့ ချက်ချင်းလိုက်သွားရန် လှည့်ထွက်လိုက်စဉ်–

'ဟေ့.... သူငယ် ငါတို့ကို ဒီ့အတိုင်း မထားခဲ့ပါနဲ့ကွ'

'ဗျာ....ကျွန်တော် ဘာအကူအညီ ပေးရမလဲခင်ဗျာ'

'တို့ကို တစ်ခုခု လုပ်ပေးခဲ့ပါ၊ တို့အသက်ရှင်လို့ မဖြစ်တော့ဘူး၊ ဂိုဏ်းချုပ် ကျင်းရှောင်ရိက ရန်သူကိုရှုံးပြီးပြန်လာတဲ့လူကို လက်မခံဘူး သတ်ပစ်တယ်ကွ၊ နောက်ပြီး လေပြင်းရှဲတိုက်ချက် ထိမှန်ခံရတဲ့သူဟာ အသက်ရှင်ခဲတယ်ကွ၊ အဲဒီတော့ တို့ကို ကျေးဇူးပြုပြီး သတ်ပစ်ခဲ့ပါသူငယ်'

'ဟင်....'



ချင်ရိ စိတ်မကောင်းစွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်မိသည်။

ထိုနောက် ချင်ရိသည် မိးနဂါး နှင့် ပေါင်စန်းချောင်နှင့် အခြားသိုင်းသမားတစ်ဦးအား သွေးကြောများပိတ်လျက် ထားပစ်ခဲ့ရလေတော့သည်။

တစ်နေကုန်လျှင် သွေးများရပ်ဆိုင်းခါ သေဆုံးကြကုန်မည်ဖြစ်သည်။

ချင်ရိမှာ ပြစ်မျိုးမှည့်မထင် နှင်းပွင့်မယ် ထိစင်လွမ်အတွက် စိုးရိမ်ပူပန်လျက်ရှိသဖြင့် ထိုတောအုပ်မှ ရှန်တောင်နယ် လေဝဲတောင်သို့ ကိုယ်ဖော့ပညာဖြင့် အလျင်အမြန်ထွက်ခွာခဲ့လေသည်။

သူ၏မျက်လုံးထဲ၌ ပြစ်မျိုးမှည့်မထင် နှင်းပွင့်မယ် ထိစင်လွမ်၏မျက်နှာက ပေါ်လာသည်။

တကယ်တော့ သူမ တစ်စုံတစ်ခုဖြစ်သွားမှာ စိုးရိမ်နေခြင်းသည်ပင် သူမအပေါ် ထားရှိသည့် သံယောဇဉ်အတိုင်းအတာတစ်ခုပေလား။

* * *

သို့နှင့် ချင်ရိုသည် ရှန်တောင်နယ်ရှိ လေပြင်းသင်နေထိုင်ရာ လေစဲတောင်သို့ ရောက်ရှိသွားခဲ့သည်။

တောင်ပေါ်သို့ မော့ကြည့်လိုက်ရာ တောင်နံရံများမှာ မတ်စောက်လျက်ရှိပြီး ကောင်းကင်ပေါ်သို့ ထိုးတက်နေသည့်အလား ထင်မှတ်ရ၏။

သဘာဝ ပန်းချီကားကြီးတစ်ချပ်သဖွယ် ကြည်နူးစရာ ကောင်းလှသည့် ဒေသတစ်ခုဖြစ်နေ၏။

သို့သော် တောင်၏ အလှပသာဒထက် တောင်ပေါ်သို့ မည်သည့်လမ်းမှ တက်ရမည်မသိအောင် လမ်းစက ပျောက်နေခဲ့သည်။

တောင်ခြေသို့တိုင်အောင်ရောက်ရှိလာပြီး တောင်ပေါ်သို့ ဝက်ရောက်ရန် လမ်းပျောက်နေ၍ အချိန်ကုန်နေလျှင် ထိစင်လွမ်းအတွက် စိုးရိမ်စရာဖြစ်လာနိုင်၏။ ထိုစဉ် တောင်ခြေတစ်နေရာ၌ ထင်းခုတ်သမားဟု ထင်ရသော အဘိုးအိုတစ်ဦးအား တွေ့ရှိရသဖြင့် အလျှင်အမြန် ပြေးသွားလျက် မေးမြန်းစုံစမ်းရသည်။

'တောင်ပေါ်ကိုတက်ချင်လို့ပါဦးရယ်၊ တောင်တက်လမ်းလေး သိရင် ညွှန်ပြပေးပါခင်ဗျာ'





အဘိုးအိုက သူ့အား ခြေဆုံးခေါင်းဆုံး ကြည့်ရှုအကဲခတ်သည်။

'ဒီတောင်မှာ တောင်တက်လမ်းရယ်လို့ တသီးတခြားမရှိပါဘူး၊ ဖြစ်သလိုတက်ကြတာပဲကွယ့်၊ အေး တက်ချင်ရင်တော့ ဟောဟို ခပ်လှမ်းလှမ်းမှာတော့ တောင်ကျရေတံခွန်ရှိတယ်၊ အဲဒီရေကျတဲ့အတိုင်းသာ တက်ပေတော့၊ တောင်ထိပ်ကိုတော့ ရောက်သွားမှာ အမှန်ပဲမောင်ရင်'

'ဟင်း....'

ချင်ရို သက်ပြင်းတစ်ချက်ကိုသာ ချလိုက်တော့သည်။

မည်သို့ တက်ရတက်ရ တက်ရမည်တော့ အမှန်ပင်။

'တောင်ပေါ်ရောက်မှ ပြန်တော့ ခုနမချနဲ့ မောင်ရင် တောင်က အမြင့်ကြီးကွယ့်....ဟဲ....ဟဲ'

'ဘာဖြစ်လို့ပါလဲ ခင်ဗျာ'

'ဟ....တောင်ပေါ်မှာ လေက ဝဲကတော့လို တစ်နေ့လုံး တိုက်နေတာကွယ့်၊ အရပ်ရှစ်မျက်နှာက ဥဒဟို ဝင်ထွက်နေတာလေ'

ထိုနောက် အကိုးအိုအားနှုတ်ဆက်ပြီး ထိုနေရာမှ တောင်ပေါ်ရောက်လာသည့်အတိုင်း ဆန်တက်သွားခဲ့ရာ တောင်ထိပ်သို့ ချင်ရီရောက်ရှိသွားခဲ့တော့သည်။

အတန်ကြာအောင် အမောဖြေပြီးသောအခါ ချင်ရီသည် တောင်အောက်သို့ငုံ့ကြည့်လိုက်ရာ ထိတ်လန့်ပြီး နောက်သို့ ခုန်ဆုတ်လိုက်မိသည်။

တောင်အောက်မှာ သစ်ပင်များအား သေးငယ်စွာ မြင်နေရသောကြောင့်ဖြစ်၏။

အကယ်၍ ခြေချော်လက်ချော် ဖြစ်သွားပါက အရိုးတခြား အသားတခြား ဖြစ်သွားလေမည်မှာ အမှန်ပင်ဖြစ်သည်။

လေများကလည်း သူ့ခန္ဓာအား တောင်အောက်သို့ တွန်းချနေသည့်နှယ် ပတ်ချာလည် တဝီးဝီး တဟူးဟူး အော်မြည်လျက် တိုက်ခတ်နေသည်။

'ဘယ်လို တောင်ထွတ်ကြီးပါလိမ့်မြင့်မားရတဲ့အထဲ လေကလဲ ပတ်ချာလည် တိုက်နေရသေးတယ် ဟင်း'

ချင်ရီက စိတ်ပျက်စွာ ညည်းညူနေလေရာ…

'ဟား ဟား ဟား'





ရယ်မောသံ တစ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ထိုရယ်မောသံက ပတ်ဝန်းကျင်အား ပဲ့တင်ထပ် ရိုက်ခတ်သွားသဖြင့် မဆုံးနိုင်အောင် ဆက်တိုက် ကြားနေရလေသည်။

ချင်ရီလည်း ထိတ်လန့်သွားပြီး ရယ်မောသံလာရာဘက်သို့ ကြည့်လိုက်သည်။

ကျောက်တုံးကွယ်တစ်ခုမှ အဖြူရောင်ဝတ်စုံဝတ်အဘိုးအိုတစ်ဦး ရယ်မောရင်း ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုအဘိုးအိုအား သေချာစွာ ကြည့်ရှုလိုက်သောအခါ သူတောင်တက်လမ်းစ သွားရောက် မေးမြန်းမိသော ထင်းခုတ်အဘိုးအို ဖြစ်နေသည်ကို တွေ့ရှိရ၏။

ထိုအဘိုးအိုကား အသက် ခြောက်ဆယ်ကျော်ခန့် ရှိကာ အိုမင်းနေသော်လည်း သူ့ထက်ကိုယ်ဖော့ပညာ များစွာသာလွန်သောသူတစ်ဦး ဖြစ်ရမည်မှာ သေချာ၏။

ချင်ရီက လက်နှစ်ဖက် အဘိုးအိုအား အရိုအသေ ပေးလိုက်လေသည်။

ထို့နောက် နှုတ်မှုံဖော်ထုတ်ချီးကျူး လိုက်မိလေသည်။

'ဘိုးဘိုးရဲ့ ကိုယ်ဖော့ပညာကတော့ အဆင့်မြင့်လှပါတယ်ခင်ဗျာ၊ တောင်ခြေမှာတုန်းက သိုင်းသမားတစ်ဦးမှန်းလုံးဝမထင်ခဲ့မိဘူး ခင်ဗျာ'

'ဟဲ....ဟဲ....မင်းနာမည် ချင်ရိမဟုတ်လားကွ'

ချင်ရိ မျက်ခုံးနှစ်ဖက် မြင့်တက်သွားအောင်အံ့ဩသွားမိလေသည်။

'ကျွန်တော့်နာမည်ကို ဘိုးဘိုးသိနေတယ် ဟုတ်လား'

'ဒီလိုပေါ့ကွာ၊ အကြောင်းကြောင်းတွေကြောင့် သိရတာပေါ့၊ မင်းက နာမည်ကြီး သိုင်းသမားပဲကွ ဟဲ့-ဟဲ့'

ဘိုးဘိုးက ပြောင်သလို လှောင်သလို အားရသလို ပြောလိုက်သည်။

'ဒါနဲ့....ဘိုးဘိုးနဲ့ပါလာတဲ့ ကျွန်တော့်အဖော် မိန်းကလေးရော ခင်ဗျာ'

အဘိုးအိုက ပြုံးသည်။

'မင်းကောင်မလေးကို ငါကောင်းကောင်းမွန်မွန် ထားပေးပါတယ်ကွာ၊ သူ့ကို လျှို့ဂူထဲမှာ လုံလုံခြုံခြုံ နေရာပေးထားပါတယ်'



'ကျေးဇူးပါပဲဘိုးဘိုးရယ်'

'ကျေးဇူးတင်စရာ မလိုပါဘူးကွာ၊ ဒီလိုပဲပေါ့ သိုင်းသမားတွေရဲ့ ထုံးစံအတိုင်းပဲပေါ့ ဟား ဟား လိုတဲ့အခါ ကူညီလိုက်၊ မလိုတဲ့အခါ တစ်ဦးနဲ့တစ်ဦး တိုက်လိုက် ခိုက်လိုက်ပေါ့ ဟဲ ဟဲ'

'ဘိုးဘိုးက 'လေပြင်းသိုင်း' သခင် တန်ချူကွန်ပါလား ခင်ဗျာ'

'ဟေ....မင်းက ငါ့နာမည်တောင် သိနေ ပါရောလား၊ မင်းလိုအရွယ်ထဲက သိုင်းသမားဆိုရင် ငါ့ကိုဘယ်သူမှသိကြမှာ မဟုတ်ဘူးကွ'

'ဘာဖြစ်လို့ပါလဲ ခင်ဗျာ'

'ငါက ဘယ်သူနဲ့မှ အသွားအလာ မရှိဘူးလေကွာ၊ သိုင်းလောကနဲ့ အဆက်ပြတ်နေတာလဲ အချိန်တွေ ကြာလှပြီကွ'

'ဘိုးဘိုးရဲ့နာမည်ကို ကျွန်တော်တို့ ကြားဖူးခဲ့ပါတယ်ခင်ဗျာ၊ လူကိုတော့ ခုမှမြင်ဖူးခဲ့တာဆိုတော့ ရုတ်တရက်ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါခင်ဗျာ'

ချင်ရီက လက်နှစ်ဖက် ဆုပ်ပြီး ဂါရဝ ပြုလိုက်ပြန်ပါသည်။

'အင်း....မင်းကြည့်ရတာ ဖော်ဖော်ရွှေရွှေရှိတဲ့ သိုင်းသမားပဲကွယ့်'

ထို့နောက် အဘိုးအိုသည် လိုဏ်ဂူရှိရာသို့ ခေါ်ဆောင်သွားလေသည်။

အနည်းငယ် လျှောက်မိကြသောအခါ လိုဏ်ဂူ တစ်ခုကို တွေ့ရှိရလေသည်။

လှိုဏ်ဂူအတွင်း ပရိဘောဂများ အစုံအလင် ရှိနေလေသည်။

စားပွဲ ကုလားထိုင် ကုပ်ပျစ် စသည်ဖြင့် အားလုံးကို ကျောက်ဖြင့် ပြုလုပ်ထားသည်။

နံရံ၌လည်း မီးတုတ်ကို ထွန်းညှိထားသဖြင့် လင်းနေလေသည်။

ချင်ရီက ကွပ်ပျစ်ပေါ်မှ နှင်းပွင့်မယ်ကို တွေ့ရှိလိုက်ရသောအခါ အလွန်ပင် စိုးရိမ်ပူပန်သွားခဲ့သည်။





ဘည်မျှ အေးစိမ့်နေသည့် လိုဏ်ဂူအတွင်း သူမ၏မျက်နှာလေး၌ ချွေးများသီးနေလေသည်။

မျက်နှာလေးက ရဲတွတ်အောင်နီမြန်းနေ၏။

ချင်ရီ သူမ၏ လက်ဖျားလေးများကို ကိုင်ကြည့်လိုက်ရာ ပူခြစ်တောက်နေသည်အား တွေ့ရှိရသည်။

ဒဏ်ရာကို ရှာဖွေကြည့်သောအခါ၌ မည်သည့်ဒဏ်ရာမှ တွေ့ရှိခြင်း မရှိသဖြင့် ချင်ရီလည်း အဘိုးအိုအား မော့ကြည့်လိုက်သည်။

လေပြင်းသခင် တန်ချူကွန်က သူ့အား ပြုံးရယ်ရင်း....

'ဘယ်လိုလဲကွ အံ့သြနေသလား'

'ဟုတ်ပါတယ်ခင်ဗျာ၊ ဘာဒဏ်ရာမှလဲ မတွေ့ရှိရပါဘူး'

'ဘယ်တွေ့ရမှာလဲ၊ သူ့ကို တိုက်ရိုက် ထိမှန် ခဲ့တာမှ မဟုတ်ဘဲ'

ထို့နောက် လေပြင်းသခင် တန်ချူကွန်ကသူနှင့်မီးနဂါးခေါင်စန်ချောက်တို့ ဝိုဏ်းသားများနှင့်တိုက်စဉ် သူ၏လေပြင်းသိုင်းကွက်ကြောင့် မိန်းကလေးမှာ မတော်တဆ ရှပ်မှန်သွားခြင်းဖြစ်ကြောင်း ပြောပြသည်။

'နှလုံးကို လေဟပ်သွားတဲ့အတွက်မေ့မျောနေတာပဲကွယ့်၊ ငါလဲ တတ်သမျှ မှတ်သမျှကုန်ပြီ၊ပြုစုပေးခဲ့တာပဲ ဒါပေမယ့် မရဘူး၊ အဲ့ဒီလို ကြာရှည်မေ့မျောနေတာ မကောင်းဘူးကွ၊ မိန်းကလေးခမျာ သတိရလာရင် ဦးနှောက် ထိခိုက်သွားနိုင်တယ်ကွယ့်၊ မှတ်ဉာဏ်ပါ ပျောက်သွားနိုင်တယ်၊ အဲဒီအခါ သူတတ်ထားတဲ့ ပညာမှန်သမျှဟာလဲ ပျက်ပြယ်သွားမှာပဲကွယ့်....'

လေပြင်းသိုင်းသခင် တန်ချူကွန့် အဘိုးအိုက ပြောပြလိုက်သည်။

မိန်းကလေးအတွက် သူ၏မျက်နှာ၌ စိတ်မကောင်းဟန်များ ပေါ်လွင်နေသည်။

'အဲဒီ ဝေဒနာကို ဘယ်လိုနည်းနဲ့မှ ကုလို့မရတော့ဘူးလားဗျာ'

ချင်ရီ၏မျက်နှာမှာ တုန့်လှုပ်ချောက်ချားသော အသွင်ဖြစ်ပေါ်လာသည်။

ထိစင်လွမ်အတွက် သူက မျှားစွာ ပူပန်စိုးရိမ်လာမိလေသည်။



'ခုလောလောဆယ်တော့ ဆေးတစ်မျိုးတိုက်ထားတယ်၊ ဒါပေမယ့် ဒီဆေးက ပျောက်မှာတော့ မဟုတ်ဘူး၊ မေ့မျောနေရင်း ငခြားရောဂါဝေဒနာ မဝင်လာရုံသက်သက်ကာကွယ်ဆေးတစ်မျိုးပဲကွယ့်'

ချင်ရီအား တန်ချူကွန့်အဘိုးအိုသည် စာနာသော အမူအရာဖြင့် ကြည့်ရင်း....

'အင်း....တစ်နည်းတော့ ရှိတယ်'

'ခင်ဗျာ....ပြောပါ၊ အဲဒီနည်းကိုကျွန်တော်လုပ်ပါ့မယ်'

ချင်ရီက အငန်းမရ မေးမြန်းနေရာ အဘိုးအိုက နားလည်စွာ သူ၏ပခုံးကိုပုတ်ရင်း နှစ်သိမ့်၏။

'ဒါပေမယ့်–မင်းအပင်ပန်းခံမှဖြစ်မယ်'

ချင်ရီက ဝမ်းသာအားရ ခေါင်းညိတ်လိုက်သည်။

'သူ အသက်ရှင်ဖို့ဆိုရင် ကျွန်တော့်အသက်ပဲ စွန့်ရစွန့်ရ ကျွန်တော်အပင်ပန်းခံနိုင်ပါတယ်ခင်ဗျာ'

တန်ချူကွန့်က ကျေနပ်စွာပြုံးရယ်လိုက်သည်။ လူငယ်များ၏ သံယောဇဉ်ကို သိရှိနားလည်ပြီးဖြစ်သည်။

'ကဲ–ဒါဆိုရင် သေသေချာချာနားထောင်ကွယ့် ချင်ရီ'

'ဟုတ်ကဲ့ပါခင်ဗျာ၊ ဘိုးဘိုးပြောပါ'

လေပြင်းသခင် တန်ချူကွန့်သည် လက်ညှိုးနှင့် တစ်နေရာသို့ ညွှန်ပြသည်။

ထိုနေရာကို ကြည့်ရှုလိုက်သော် နှင်းများဖုံးလွှမ်းနေသော တောင်တစ်လုံးကို မြင်တွေ့ရသည်။

ယင်းတောင်ထွတ်သည် နေရောင်နှင့်တောက်ပဝင်းလက်နေသည်။

'အဲဒါ–'မိုးရောက်နတ်တောင်'လို့ ခေါ်တယ်၊ အဲဒီတောင်ပေါ်မှာ ရေခဲပွင့်လို့ ခေါ်တဲ့ အပင်ဘစ်မျိုး ရှိတယ်၊ အရောင်က ရေခဲလိုပဲ၊ ဖန်သားနဲ့ ပြုလုပ်ထားတဲ့ ပစ္စည်းလိုပဲကွယ့်၊ နှင်းခတွေ ဖုံးနေတတ်တယ်၊ အပင်က တစ်တောင်သာရှိတယ်'

'ဟုတ်ကဲ့ဘိုးဘိုး၊ မရ ရအောင် ကျွန်တော်ရှာလာပါမယ်ခင်ဗျာ'

'နောက်ပြီး–ခူးဆွတ်ပြီးရင် သူက ကြာရှည်မခံဘူးကွယ့်နော်၊ အလွန်ဆုံး တစ်ပတ်ပဲခံနိုင်တယ်၊ အရည်ပျော်သွားမယ်'



'စိတ်ချပါ ခင်ဗျာ'

ထို့နောက် ချင်ရိက ဂါရဝပြုလိုက်ရင်း လေပြင်းသခင် တန်ချူကွန့်အား နှုတ်ဆက်ပြီး ထွက်ခွာရန်ပြင်သည်၊

'အင်း....ဒီတောင်က မျက်စိနဲ့သာကြည့်ရင် မြင်နေရတာပဲ၊ တကယ်သွားရင် အနည်းဆုံး ရက်သတ္တနှစ်ပတ်လောက် ကြာနိုင်တယ်'

'ခင်ဗျာ'

ချင်ရိ စိတ်ပျက်သွားမိသည်။ သည်မျှ ကြာမြင့်နေလျှင် နှင်းပွင့်မယ်၏ ဝေဒနာက ခံနိုင်ပါမလား သူစိုးရိမ်နေပြန်လေသည်။

'ဒါပေမယ့်....မပူပါနဲ့ကွာ၊ ငါ့မှာ တောင်ဆိတ်တစ်ကောင်ရှိတယ်၊ တောင်တက် တောင်ဆင်း အင်မတန်ကျွမ်းကျင်တဲ့ တိရစ္ဆာန်ပဲကွ၊ သူနဲ့ မင်းသွားမယ် ဆိုရင်တော့ ရက်သတ္တတစ်ပတ်အတွင်း ရောက်သွားနိုင်တယ်'

'ဟုတ်ကဲ့ ခင်ဗျာ၊ အဲဒီတောင်ဆိတ်နဲ့ပဲ သွားပါမယ် ဘိုးဘိုး'

သို့ဖြင့် တန်ချူကွန့် အဘိုးအိုသည် တောင်ဆိတ် တစ်ကောင်ကို ဆွဲယူလာသည်။

အကောင်က မြင်းတစ်ကောင်အသား ထွားကျိုင်းသော အကောင်ကြီး ဖြစ်သည်။

'ကဲ…ရော့၊ ဒီကောင်ကြီးနဲ့ သွားပေရော့'

တောင်ဆိတ်ကြီးမှာ မုတ်ဆိတ်ရှည်လျားကြီးနှင့် ဖြစ်သည်။ ဦးချိုမှာလည်း ပြောင်လက်နေခဲ့သည်။

ထိုတောင်ဆိတ်ကြီးကို မြင်းတစ်ကောင်ပမာ ချင်ရို့ထိုင်လိုက်သည်။

'ကျွန်တော်သွားမယ် ဘိုးဘိုး'

'အေး အေး ကြည့်လဲစီးဦး၊ ဒီကောင်ကြီးကအကြောက်အလန့်ရှိတဲ့ကောင် မဟုတ်ဘူး၊ တောင်အောက်ကို ခုန်ဆင်းသွားလို့ ဟင်း'

ချင်ရိုမှာ စိတ်စောနေသဖြင့် ဒီတောင်ဆိတ်ကြီးက ခုန်ချသွားလည်း မြန်မြန်ရောက်သေးဟု သဘောပေါက်သူ ဖြစ်လေသည်။

ထို့နောက် လိုဏ်ဂူအား တစ်ချက်ဝေ့ကြည့်ပြီး တောင်ဆိတ်ကို စီးနင်းသွားတော့သည်။

သူ့အား တန်ချူကွန့်အဘိုးအိုသည် ခေါင်းတညိတ်ညိတ်လုပ်ရင်း ကြည့်ရှုကျန်ခဲ့သည်။

* * *

### မိုးရောက် နှင်းတောင်သို့

ချင်ရိုသည် လေဝဲတောင်ပေါ်မှ ဆင်းသက်ကာ တန်ချူကွန့်အဘိုးအိုညွှန်ပြသည့် မိုးရောက်နှင်းတောင်သို့ တောင်ဆိတ်ကြီးကိုစီးနင်းလျက် ခရီးဆက်နေလေသည်။

လေဝဲတောင်ကြီးက အနောက်ဘက် ခပ်ဝေးဝေးတွင် ကျန်ရစ်ခဲ့သည်။

တောင်ဆိတ်ကြီးကား အကြည့်ရဆိုးသော်လည်း လွန်စွာ အသုံးဝင်ခဲ့သည်။

မြင်းတစ်ကောင်ပမာ တောင်တက် တောင်ဆင်း ကျွမ်းကျင်လှသဖြင့် ခရီးတစ်လျှောက် အခက်အခဲမရှိ သွားနိုင်ခဲ့လေသည်။

လမ်း၌ အနည်းငယ်သာနားပြီး ဆက်လက်ခရီးနှင်ခဲ့ရာ ရက်သတ္တတစ်ပတ်မတိုင်မီ ထိုမိုးရောက်နှင်းတောင်သို့ရောက်ရှိသွားတော့သည်။

နှင်းများ ဖုံးလွှမ်းနေသဖြင့် သစ်ပင်များ မရှိသလောက် အောင် ဖြစ်သည်။

ကြည့်လေရာရာ နှင်းများသာလျှင် အုပ်ဆိုင်းနေသည်ကို မြင်တွေ့သဖြင့် ချင်ရီ စိတ်ဓာတ်ကျသွားသည်။

ထိုရေခဲပွင့်ကို မည်သို့ရှာဖွေရမလဲဟု ချင်ရီ အရပ်လေး မျက်နှာသို့ လှည့်လည် အကဲခတ် ကြည့်ရှုသည်။

ထိုစဉ်ခိုက် တစ်နေရာ၌ တိုက်ခိုက် သတ်ပုတ်နေကြသော အသံများကို ကြားနေရသဖြင့် အနီးကပ် သွားကြည့်လိုက် လေသည်။

'ဟင်....'

လူသုံးယောက်ရှေ့၌ တိုက်ခိုက်နေကြသော သိုင်းသမား နှစ်ဦးကို တွေ့ရှိရသည်။

ထိုတိုက်ခိုက်နေသော နှစ်ဦးအနက် တစ်ဦးကိုမြင်လိုက် ရသောချင်ရီမှာ အံ့အားသင့်ပြီး ပါးစပ်အဟောင်းသားဖြစ် သွားရတော့သည်။

အဘယ်ကြောင့်ဆိုသော် ထိုသူမှာ ကျားကြီးဝူးကောင်း စီးဖြစ်နေသောကြောင့်ပင်။



ထို့ကြောင့် ချင်ရီသည် ဝမ်းသာအားရ အော်ဟစ်ခေါ် လိုက်သည်။

'ဗျို့...ကိုကျားကြီး'

သူ၏အသံကြောင့် တိုက်ခိုက်နေသူနှစ်ဦးမှာ ရပ်တန့်သွား ကြသည်။

ကျားကြီး ဝူးကောင်းစီးက ချင်ရီထံသို့ ပြေးလာနေ လေသည်။

'အစ်ကိုချင်ရီ....အစ်ကိုချင်ရီ'

သူလည်း အတော်ပင် ဝမ်းသာ ပျော်ရွှင်သည့် အမူအရာ နှင့် အော်ဟစ်လာသည်။

သူနှင့်တိုက်နေသော လူလေးယောက်မှာ ထူးဆန်းသကဲ့ သို့ ချင်ရီအား ကြည့်ရှုနေကြသည်။

မြင်းတစ်ကောင် မဟုတ်ဘဲ တောင်ဆိတ် တစ်ကောင်ကို စီးနင်းလာသောသူအား ထူးခြားနေသလို ရှိသည်ဟုထင် ကြသောကြောင့် ဖြစ်သည်။

ချင်ရီက ထိုလူများကို တစ်ချက်အကဲခတ်လိုက်ပြီး....

'သူတို့က ဘယ်သူတွေလဲ ကိုကျားကြီး'

ကျားကြီးဝူးကောင်းစီးက မျက်နှာကိုမဲ့လိုက်ကာ....

'သူတို့က 'တောင်ပျော်ညီအစ်ကို လေးဖော်'တဲ့ အစ်ကို ချင်ရီ'

'ဘာဖြစ်နေကြတာလဲ'

'ကျွန်တော်က ဆရာလေးကို ဒီနေရာမှာ ရှိမယ်ဆိုတာ သတင်းရဘာနဲ့ လာရှာတာပါ၊ သူတို့နဲ့ တွေ့ပြီး စကားများ လို့ တိုက်နေကြဘာလေ'

ထိုအခိုက် သူတို့အနီးသို့ ရောက်ရှိလာကြပြီး....

'ဟေ့လူတွေ ဒီနေရာဟာ ခင်ဗျားတို့ စကားပြောရမယ့် နေရာမဟုတ်ဘူး၊ သွား သွား ဒီနေရာက ထွက်သွားကြ'

ချင်ရီဒေါပွသွားပြီး ထိုသူအားစိုက်ကြည့်လိုက်ကာ-

'ခင်ဗျားက ကျုပ်တို့ကိုဘာကြောင့် မောင်းထုတ်နေရ တာလဲ၊ ကျုပ်တို့ မိုးရောက်နှင်းတောင်မှာစည်းကမ်းရှိတယ် ဗျ၊ ခွင့်မတောင်းပဲ ဝင်ရောက်လာသူကို ဖမ်းဆီးအရေးယူရ မယ်ဆိုတဲ့ စည်းကမ်းပါတယ်'





'အဲဒီစည်းကမ်းချက်ကို ကျုပ်တို့ ဂရုမစိုက်ဘူး'

'ဘာကွ'

'မင်းက ငါ့ကို ခံပြောတယ် ဟုတ်လား'

ခါးထောက်ပြီး သူတို့အား စည်းကမ်းချက် ထုတ်နေ သော သူသည် ပေါက်ကွဲသွားလျက် ချင်ရီအား လက်ဝါး တစ်ချက်နှင့် ရိုက်ချ၏။

'ဝုန်း'

ချင်ရီက လွယ်ကူစွာပင် ရှောင်တိမ်းလိုက်နိုင်သဖြင့် ထို သူမှာ ရှက်သွားပုံရ၏။ သို့ဖြင့် သူက ကျန်လူများကို မျက် ရိပ်ပြလိုက်ရာ ထိုသူများကလည်း ချင်ရီအား ဝိုင်းဝန်းလာ ကြ၏။

ထို့နောက် ကျားကြီးနှင့် ချင်ရီကလည်း သူတို့အား ပြန်လည်တိုက်ခိုက်ရန် မျက်နှာချင်းဆိုင်လိုက်၏။

ရုတ်တရက် သူတို့လေးဦးက တစ်ပြိုင်နက် တိုက်ခိုက် လာကြတော့သည်။

သို့သော် ချင်ရီ၏သိုင်းပညာမှာ ထိုနှင်းပျော်ညီအစ်ကို လေးဖော်ထက် များစွာ သာလွန်နေသဖြင့် ထို လေး ယောက်မှာ ချင်ရီတို့အား ထိအောင် မတိုက်နိုင်ခဲ့ကြပေ။

ထို့ကြောင့် အစ်ကိုကြီးဖြစ်ဟန်တူသည့် ခေါင်းကြီးကြီးနှင့်လူက တိုက်ခိုက်ခြင်းကို ရပ်တန့်လိုက်ကာ ချင်ရီအား မေးမြန်းသည်။

'မင်း ချင်ရီဆိုတဲ့ လူလား'

ချင်ရီ အံ့အားသင့်သွားသည်။

'ဟုတ်တယ်'

'ဟိုတစ်လောက ကျုံးစန်းလျှိုကို မီးရှို့သွားတာ မင်း မဟုတ်လား'

'ဟုတ်တယ်'

'ဒါဆို မင်းဟာ အဆိပ်လက်ဝါးစုံရှင်းဖု့ရဲ့တပည့်ပေါ့ ဟုတ်လား'

'ဟုတ်တယ်'

ထိုသူမှာ မီးဝင်းဝင်းတောက်သော မျက်လုံးအစုံဖြင့် ကြည့်ရှုရင်း–

'ဒါဆိုရင် မင်းကိုပဲ လက်စားချေရမှာပဲကွ'

ထိုခေါင်းကြီးကြီးနှင့်လူသည် ဓားကို မြန်လှည် ဆွဲတတ်ကာ ချင်ရီအား တိုက်ပြန်၏။



ကျားကြီးဝူးကောင်းစီးကလည်း ချင်ရီဘက်မှ ဝင်တိုက်၏။

သူတို့၏ ဓားများမှာ စိမ်းပန့်ပန့်နှင့် ဖြစ်ကြ၍ ချင်ရီက ကျားကြီးဝူးကောင်းစီးအား သတိပေးလိုက်သည်။

'သူတို့ဓားတွေမှာ အဆိပ်တွေနဲ့ သတိထား ကိုကျားကြီး'

ကျားကြီးဝူးကောင်းစီးမှာ သည်တော့မှ သူတို့၏ဓားများကို သတိပြုမိ၏။

ထို့ကြောင့် မျက်နှာရှုံ့လိုက်ကာ လက်ညှိုးထိုးလျက် ပြောလိုက်သည်။

'အင်မတန်ယုတ်မာတဲ့ကောင်တွေ ရပ်တွေနဲ့လိုက်တယ်'

ကျားခေါင်းနှင့်ဝူးကောင်းစီးဆိုသူက သူတို့ ညီအစ်ကိုအား ထိုသို့ပြောလိုက်သဖြင့် မခံမရပ်နိုင်အောင် ဖြစ်ကာ ကျားကြီးဝူးကောင်းစီးအား မျက်လုံး (၈)လုံးဟာ တစ်ပြိုင်နက် စိုက်ကြည့်နေကြသည်မှာ မြေခွေး ဝံပုလွေများနှယ် ဖြစ်၏။

သို့ဖြင့် သူတို့အားလုံး တစ်ပြိုင်နက် လက်ကို မြှောက်လိုက်ကြသည်။

သူတို့လက်များကို ပြန်လည် ဖျပ်ခနဲ ချလိုက်သောအခါ၌ ထိုနေရာမှ ခွေးငယ် (၈)လက်တာ ပြေးထွက်လာကြ၏။

'ဝှီး....ဝုစ်....ဝုစ်....ဝုစ်....'

ပျားပိတုံးများသဖွယ် ခွေးများမှာ တန်းစီပျံသန်းလာကြ၏။

ချင်ရိက ခွေးကိုဆွဲလျက် ရိုက်ထုတ်လိုက်ရသည်။ ကျားကြီး ဝူးကောင်းစီးကလည်း ထိုနည်းနှင်နှင် ရိုက်ခတ်ထုတ်လိုက်ကြ၏။

သို့သော် ထိုညီအစ်ကိုများထံမှ နောက်ထပ် (၈)စင်း ထွက်ပေါ်လာပြန်သည်။

ချင်ရိနှင့် ဝူးကောင်းစီးတို့လည်း ခွေးနှင့် ဆက်လက်ရိုက်ချနေရ၏။

'ဗျို-ကိုကျားကြီး သူတို့ဆီမှာ ခွေးတွေရှိဦးမယ် အကာအကွယ်ရှိတဲ့နေရာကို ဆုတ်သွား'

ချင်ရိက သတိပေးလိုက်သည်နှင့် ကျားကြီးဝူးကောင်းစီးမှာ ကျောက်တုံးကွယ် တစ်နေရာသို့ ပြေးဝင်ပုန်းလိုက်၏။

ချင်ရိ ထင်သည့်အတိုင်းပင် ခွေးငယ်များက ဆက်တိုက်ပင် ဝင်လာကြ၏။





သို့ရာတွင် ချင်ရိ ခွေးစကြာကို သူ၏ခန္ဓာကို လွှမ်းခြုံထားသဖြင့် ရန်သူများ၏ ပေါက်ခွေးများမှာ တချွမ်းချွမ်းနှင့် မြည်ညံလျက် ဒေါသူးသို့သာ လွင့်စင်နေခဲ့သည်။

ချင်ရိမှာလည်း ခွေးအား ရဟတ်တစ်ခုနှယ် ခွေးစကြာ သိုင်းကွက်ဖြင့် ဒရစပ်ပြုလုပ်ထားရ၏။

ထို့ကြောင့် သူတို့၏ ပေါက်ခွေးများမှာ တစ်စင်းတစ်လေမှ ချင်ရိထံ ထိုးဖောက်ဝင်ရောက်နိုင်ခြင်း မရှိတော့ပေ။

ခွေးပစ်သူညီအစ်ကိုတစ်စုလည်း လက်ပန်းကျပြီး ရပ်တန့်လိုက်ကြသည်။

သူတို့၏ခွေးပစ်ပညာက ချင်ရိအား မည်သည့်အန္တရာယ်မှ မပေးနိုင်သည်ကို သိရှိသွားကြသောကြောင့် ဖြစ်သည်။

ထိုစဉ် လင်းတတစ်ကောင်နှင့်အတူ လူရိပ်တစ်ရိပ် သူတို့တိုက်ပွဲတွင်းသို့ သက်ဆင်းလာ၏။

'ဟာ နှင်းတောင်ဘိုးဘိုး ရောက်လာပြီ'

'တောင်ပျော်ညီအစ်ကိုလေးဖော်မှာဘေးသို့ ရှဲပေးလိုက်ကြ၏။

အဘိုးအိုတစ်ဦး လင်းတတစ်ကောင် ပခုံးထက်ဝယ် နားလျက် ချင်ရိထံ တန်းတန်းမတ်မတ် လျှောက်လာလေသည်။

အသက်ခြောက်ဆယ်ခန့်ရှိပြီး ဆံပင်များမှာ ဖြူဆွတ်နေလေသည်။ ထို့အတူ မျက်ခုံး နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး စသည်တို့လည်း ဆွတ်ဆွတ်ဖြူနေကြ၏။

မျက်လုံးအစုံကမူ စူးရှတောက်လက်နေဆဲရှိ၏။

သို့ဖြင့် အတွင်းအား သိုင်းပညာရှင်တစ်ဦး ဖြစ်ကြောင်း သိသာနိုင်လေသည်။

ထိုအဘိုးအိုက ချင်ရိရှေ့ ဝါးတစ်ရိုက်ခန့်ဝယ် ရပ်တန့်လိုက်ပြီး....

'ငါနဲ့မပြိုင်ခင် ငါ့လင်းတနဲ့ အရင်ပြိုင်စမ်းပါဦးသူငယ်'

အဘိုးအိုက သူ၏ပခုံးထက်မှ လင်းတကိုယူပြီး ချင်ရိထံ ပစ်ပေါက်လိုက်၏။

'ဂီး ဂီး ဂီး'

လင်းတကား တဂီး ဂီး အော်မြည်လျက် ချင်ရိ၏ မျက်လုံးကို နှုတ်သီးနှင့် ထိုးဆိတ်လိုက်သည်။



ရုတ်တရက်ဖြစ်၍ ချင်ရိမှာ ကြောင်အမ်းအမ်း ဖြစ်နေစဉ် လင်းတ၏ နှုတ်သီးက မျက်လုံးထဲ ဝင်လာသဖြင့် ကမန်းကတန်း ရှောင်တိမ်းလိုက်ရသည်။

'ဂီး....ဂီး....ဂီး....ဂီး'

လင်းတမှာ ချင်ရိ မျက်လုံးအား မထိမှန်သဖြင့် တဂီး ဂီးနှင့် အော်မြည်၏။

ထို့ကြောင့် နောက်တစ်ကြိမ် ဝမ်းဗိုက်ကို ထိုးဖောက်ရန် တရှိန်ထိုး ထိုးဆင်းလာပြန်၏။

'ဂီး....ဂီး'

ချင်ရိက ဓားနှင့်ဝှေ့ရမ်း ချောက်လှန့်လိုက်သော်လည်း ဓားချက်စက်ကွင်းထဲသို့ အတင်း အသေခံ တိုးဝင်တိုက်ခိုက်လာသဖြင့် အံ့အားသင့်သွားရသည်။

သူက အလျင်အမြန် ဓားကို ရုတ်သိမ်းလိုက်ရသည်။ သူ၏ဓားချက်နှင့် ငှက်တစ်ကောင်ကို မသတ်လိုသောကြောင့် ဖြစ်သည်။ သို့သော် လင်းတကား အကြောက်အရွံ့မရှိ မျက်လုံးနှစ်လုံးက နီရဲစူးရှပြီး ချင်ရိကို စိုက်ကြည့်လျက် နှုတ်သီးချွန်ကလည်း တဂီ ဂီးနှင့် အော်မြည်နေသည်။

လက်သည်းရှည်မျာ:ကိုလည်းထုတ်ခါ ချင်ရီအား တိုက်ခိုက်ရန် ဝဲပျံနေခဲ့သည်။

ချင်ရီမှာ သည်လင်းတနှင့် ကြက်သရေမဲ့စွာ မတိုက်ခိုက်လို။ ထို့ကြောင့် သည်တစ်ကြိမ်တွင် လင်းတအား ဆုံးမရတော့မည်ဟု စိတ်ပိုင်းဖြတ်ခါ တရှိန်ထိုး ထိုးဆင်းလာသည့် လင်းတအား အသာရှောင်တိမ်းလျက် လည်မျိုမှ ဆီးဖမ်းထားလိုက်၏။

'ဂီး....ဂီး....ဂီး....ဂီး'

ထို့နောက် အတောင်နှစ်ခုကို ကြိုးတစ်ချောင်းလိမ်သကဲ့သို့ လိမ်ပစ်လိုက်ပြီး တောင်အောက်သို့ ပစ်ချလိုက်တော့သည်။

'ဂီး.... ဂီး....ဂီး....ဂွီး'

လင်းတ တောင်ကျိုးခမျာ ကျယ်လောင်စွာ တဂီးဂီး အော်မြည်လျက် တောင်အောက်သို့ အရှိန်ပြင်းစွာ ကျရောက်သွားလေသည်။

နှင်းတောင်အဘိုးအိုမှာ သူ၏ လင်းတအား အတောင်ချိုးလျက် တောင်အောက်သို့ လွှင့်ပစ်လိုက်သည့် ချင်ရီအား အလွန်စိတ်ဆိုးလျက် မျက်နှာကြီး နီးမြန်းလာလေသည်။



'ဒီတစ်ခါတော့ လည်အချိုးခံရမှာ မင်းအလှည့်ပဲ၊ နားလည်လား'

သူသည် ပြောပြောဆိုဆို လက်ကို ဆန့်ထုတ်လိုက်သည်။ လက်ချောင်းများက လင်းတခြေချောင်းများသို့ ခပ်ကွေးကွေး ချင်ရီအား တိုက်ရန် အဆင့်သင့်အနေအထား–

'ကျွန်တော်တို့ မယှဉ်ပြိုင်ခင် စကာတစ်ခွန်းနှစ်ခွန်းပြောရအောင်ဗျာ'

'ဟော့....ငါက သိပ်အပိုတွေ မပြောတတ်ဘူးကွ'

'ဒါဆိုလဲ မပြောပဲနေပေါ့ခင်ဗျာ ကျွန်တော်ပဲပြောပါ့မယ်၊ ကျွန်တော် ရှုံးရင် ဘိုးဘိုးကြိုက်သလိုလုပ်ပါ အဲ... ကျွန်တော်နိုင်ရင်ရော'

'ငါ့နှင်းတောင်ပေါ် မင်းကြိုက်သလို နေနိုင်ခွင့်ရှိမယ်'

'ကောင်းပါပြီဗျာ စတားသာတည်ပါစေ'

နှင်းတောင်ဘိုးဘိုးသည် ချင်ရီ၏ စကားကြောင့် အလွန်မခံမရပ်နိုင် ဖြစ်သွား၏။

'တောက်....အင်မတန် စကားကြောရှည်တဲ့ သိုင်းသမား'

အဘိုးအိုထံမှ ရေရွတ်လိုက်သံ ကြားရသည်။

ချင်ရီလည်း ဓားကိုဆွဲထုတ်လျက် ရှေ့ကိုဆန့်ထုတ်လိုက်သည်။ ထိုအခါ အဘိုးအိုသည် ချင်ရီကို တစ်ချက်စူးကြည့်၏။ သူ၏လက်ထဲမှဓားကိုလည်း လှမ်းကြည့်သည်။

'ဟေ့ သူငယ် ဒီဓားဟာ အဆိတ်လက်ဝါး စုံရှင်းဖုရဲ့ဓား မဟုတ်လား'

'ဟုတ်တယ်လေ ကျုပ်ကလဲ စုံရှိုင်းဖုရဲ့ တပည့်တစ်ဦးပဲဗျ'

'ဒါဖြင့် မင်းနာမည် ဘယ်သူလဲ'

'ကျုပ်နာမည် ချင်ရီဗျ'

'ဟား....ဟား....ဟား....အတော်ပဲပေါ့၊ ငါက စုံရှင်းဖုနဲ့ တွေ့ချင်နေတာ သူ့တပည့်နဲ့ တွေ့တယ်ဆိုတော့ သူ့အစား မင်းပဲပေါ့ကွာ ဟား....ဟား'

နှင်းတောင်ဘိုးဘိုးမှာ အလွန်ကျေနပ်သွားဟန်နှင့် ပြောကြားလိုက်ပြီး စောစောကထက်ပို၍ စိတ်အားတက်ကြွလာဟန်ရှိသည်။

'ဟိတ်....'



နှင်းတောင်ဘိုးဘိုးသည် သူ၏ လှင်းတလက်သည်း လက်ချောင်းများနှင့် စတင်တိုက်ခိုက်လာခဲ့၏။

သူက ငှက်တစ်ကောင်နှယ် ချင်ရီထံ ခုန်ဝင်လျက် လက်ချောင်းများနှင့် လည်ချောင်းကို ထိုးဖောက်ရန်ကြံရွယ်၏။

ချင်ရီက ခေါင်းကို တိမ်းရှောင်လိုက်ခါ ဓားနှင့်ရိုက်ချလိုက်၏။

'ဝှစ်'

ချွမ်း'

'ဟင်....'

ချင်ရီ အံ့ဩသွားမိသည်။ ဓားနှင့်လက်ချောင်းများ ထိတွေ့သံက 'ချွမ်း' တဲ့။

နှင်းတောင်ဘိုးဘိုး၏ လင်းတလက်ချောင်းများမှာ သံမဏိလက်ချောင်းများသာ ဖြစ်နေ၏။

'ယား'

လင်းတလက်ချောင်းတစ်စုံက အရှိန်ပြင်းစွာနှင့် ချင်ရီ၏ မျက်နှာကို ထိုးဖောက်လာပြန်၏။

'ဝှစ်'

'ချွမ်း....ချွမ်း'

ထိုအချိန်ဝယ် ကျားကြီးဝူးကောင်းစီးမှာလည်း တောင်ပျော်ညီအစ်ကိုလေးဖော်၏ ဝိုင်းဝန်းထိုက်ခိုက်ခြင်းကို ခံနေရပြီဖြစ်သည်။

သို့ဖြင့် ဓားသံများမှာ ထိုပတ်ဝန်းကျင်ဝယ် ဆူညံနေတော့၏။

နှင်းတောင်ဘိုးဘိုး၏ လင်းတလက်သည်း ထိုက်ကွက်မှာ အလွန်ပင်ကြောက်စရာကောင်းလှ၏။

ချင်ရိမှာ ပွတ်ခါသီခါ ရှောင်တိမ်းနေရသည်။ တစ်ချိ တစ်ချိတွင် တောင်ပျော်ညီအစ်ကိုလေးဖော်ကလည်း သူ့ထံ ရောက်ရှိလာခါ ဝင်တိုက်ကြသေးသည်။

ကျားကြီး ဝူးကောင်စီး အခြေအနေကလည်း ရေရှည်ခုခံနိုင်ပုံမပေါ်၊ ထို့ကြောင့် ကျားကြီးကို ဝိုင်းဝန်းတိုက်ခိုက်နေကြသော တောင်ပျော် ညီအစ်ကိုလေးဖော်ကို အရင်ရှင်းမည်ဟု ဆုံးဖြတ်၏။

ထို့ကြောင့် နှင်းတောင်ဘိုးဘိုးနှင့် တိုက်နေရာမှ ထိုကျားကြီးတို့ တိုက်ပွဲသို့ ရုတ်တရက်ခုန်ကူးပြီး အဆိပ်လက်ဝါးရိုက်ချက်နှင့် ရိုက်ချလိုက်၏။



ညီအစ်ကိုလေးဖော်တို့ တပြိုင်နက်လဲပြိုကျကုန်သည်။

နှင်းတောင်ဘိုးဘိုးမှာ သူ့တပည့် လေးဦးစလုံး လဲပြိုကျသွားအောင် ရိုက်ပစ်နိုင်သော ချင်ရိကို ထူးဆန်းစွာ မော့ကြည့်ပြီး–

'မင်း–မင်း–အဆိပ်လက်ဝါးရိုက်ချက်ကို ရိုက်နိုင်တယ် ဟုတ်လား'

ချင်ရိက မည်သို့မျှ ပြန်မတုန့်ပြန်ဘဲ နေလိုက်သည်။

'အဲဒီ အဆိပ်လက်ဝါးရိုက်ချက် ရိုက်နိုင်သူဟာ တစ်နေ့ကျရင် ငါ့လက်ချက်နဲ့ သေရစေ့မယ်ကွ'

'ဟဲ–ဟဲ–ကျုပ်ကိုနိုင်အောင် တိုက်ပါဦး ဘိုးဘိုးရယ်၊ ဘိုးဘိုးနိုင်ရင် ကျုပ်တစ်သက် ဘယ်တော့မှ ဟောဒီ အဆိပ်လက်ဝါးရိုက်ချက်ကို မသုံးဘူး ကတိပေးပါတယ်'

'အေး–ငါလဲ မင်းကို ရှုံးရင် အသေခံလိုက်မယ် သူငယ်ရဲ့'

ပြောပြောဆိုဆိုနှင့် နှင်းတောင်ဘိုးဘိုးကသူ့အားစတင် တိုက်ခိုက်သည်။

သူ၏ ချွန်မြသော လက်ချောင်းများက ကြောက်စရာကောင်းလှသည်။

နှင်းတောင်ဘိုးဘိုး၏ သိုင်းပညာက သူထင်မှတ်ထားသည်ထက် ပိုမိုကောင်းမွန်နေသဖြင့် သူ့အဖို့ မျက်လုံးပြူးမိတော့သည်။

ကိုယ်ဖော့ပညာမှာလည်း အလွန် ကောင်းမွန်လှပေရာ ချင်ရှိသည် သိုင်းကွက် တစ်မျိုးပြီးတစ်မျိုး ပြောင်းလျက် တိုက်ခိုက်နေခဲ့ရသည်။

ကျားကြီးဝူးကောင်းစီးသည်ချင်ရှိနှင့် နှင်းတောင်ဘိုးဘိုးတို့၏ ပြင်းထန်စွာ တိုက်ခိုက်နေခြင်းအား စောင့်ကြည့်နေခဲ့ရာ တစ်ဖြည်းဖြည်း နှင်းတောင်ဘိုးဘိုး၏ တိုက်ခိုက်မှုမှာ ပိုမိုပြင်းထန်လာသည့်ပြင် အပေါ်စီးမှုလည်း အသာရနေသည်ကို သတိထားမိသည်။

ထို့ကြောင့် ကျားကြီးဝူးကောင်းစီးမှာမနေနိုင်တော့ဘဲ ချင်ရှိနှင့် နှင်းတောင်ဘိုးဘိုးတို့၏တိုက်ပွဲအတွင်းသို့ ခုန်ဝင်ရောက်ရှိလာခဲ့လေသည်။

ချင်ရှိမှာ တိုက်ပွဲ၌ ကျားကြီးဝူးကောင်းစီးကို မပါဝင်လာစေချင်ပေ။



အဘယ်ကြောင့်ဆိုသော် နှင်းတောင်ဘိုးဘိုး၏တိုက်ကွက်များမှာ အလွန်ပြင်းထန်ပြီး ရှောင်ရတိမ်းရ ခက်ခဲသော သိုင်းကွက်များဖြစ်သည်။

ထိုအပြင် အမှားအယွင်းလည်းမခံသော တိုက်ပွဲ အခြေအနေ ဖြစ်နေပြန်သည်။

သို့ဖြင့် သူက ကျားကြီး ဝူးကောင်းစီးအား ပြန်လည်မောင်းနှင်ထုတ်သည်။

'အပြင်ထွက်နေစမ်း ကျားကြီး'

သို့ရာတင် သူ၏နှင်ထုတ်မှုမှာ နောက်ကျသွားပြီဖြစ်သည်။

နှင်းတောင်ဘိုးဘိုး၏ ခြေကန်ချက်တစ်ချက်က ကျားကြီး၏ရင်ဘတ်အား ထိမှန်သွားသဖြင့် ဝူးကောင်းစီးခမျာ လွင့်စင်ထွက်သွားရှာသည်။

'ဟာ....'

ကျားကြီးဝူးကောင်းစီးမှာ လဲနေရာမှ ပြန်လည်ထရန် ကြိုးစားလိုက်သည်။

ထိုစဉ် နှင်းတောင်ဘိုးဘိုး၏ လက်တစ်ဖက်က ဝှေ့ယမ်းလိုက်သဖြင့် ဓားငယ်တစ်စင်းက ဝူးကောင်းစီးထံ ပြေးဝင်သွားသည်။

'ကိုကျားကြီး သတိထား'

ကျားကြီးဝူးကောင်းစီးက ရှောင်တိမ်းလိုက်သော်လည်း နလုံးသားလမ်းကြောင်းမှ ပွတ်သီသီရှုံမျှ လွတ်သွားပြီး ပခုံးသို့ သွားရောက်စိုက်၏။

'ဒုတ်'

'အ-အ'

ကျားကြီးဝူးကောင်းစီးမှာ တစ်ဖက်သို့ ရှိုင်ကျသွားလေသည်။

'ဟာ-ကိုကျားကြီး'

ချင်ရိက စိုးရိမ်စွာဖြင့် ကျားကြီးဝူးကောင်းစီးထံရောက်ရှိသွားသည်။

ကျားကြီးဝူးကောင်းစီးအား သူ လျင်မြန်စွာပွေ့လိုက်မိသည်။

ထိုအပြုအမူကပင် သူ့အမှားတစ်ချပ် ဖြစ်တော့သည်။

နှင်းတောင်ဘိုးဘိုးအား သတိလက်လွတ် ဖြစ်သွားပြီး ကိုကျားကြီးထံ သူ၏စိတ်အာရုံက စိုးရိမ်ကြီးစွာ ရောက်ရှိသွားခြင်းမှာ သည်တိုက်ပွဲအတွက် ပထမဆုံးသော သူ၏အမှားအယွင်းပင် ဖြစ်တော့သည်။





ထို့ကြောင့် နှင်းတောင်ဘိုးဘိုး၏ လက်ဝါးသည် သူ၏နောက်ကျောသို့ အရှိန်ပြင်းထန်စွာ ကျရောက်သွားခဲ့လေသည်။

'ဝုန်း'

ချင်ရိသည် ရှေ့သို့ လေးငါးပတ် လိမ့်သွားသည်။

နှင်းတောင်ဘိုးဘိုးကသူ့အားခုန်အုပ်ပြီး လက်ချောင်းများဖြင့် မျက်နှာအား ထိုးစိုက်သည်။

ချင်ရိမှာ ဒဏ်ရာရ၍ မြေပေါ် လဲနေခြင်းဖြစ်ရာ နှင်းတောင်ဘိုးဘိုးက ပေါ့ဆစွာပင် အနိုင်ရရှိပြီဟုထင်ကာ ချင်ရိအား အသေသတ်ရန် ကြိုးပမ်းသည်။

ထို့ကြောင့် လက်ချောင်းချွန်များဖြင့် မျက်လုံးအား ထိုးဖောက်ရန် စိမ်ပြေနပြေ ကြိုးစားမိခြင်း ဖြစ်သည်။

ထိုအချက်သည် နှင်းတောင်ဘိုးဘိုးဘက်က ရန်သူအား အထင်သေးပြီး ပြုမူမိခြင်း အမှားတစ်ရပ်ပင် ဖြစ်ခဲ့လေသည်။

အဘယ်ကြောင့်ဆိုသော် ချင်ရိက ဒဏ်ရာရနေရာမှ ဆတ်ခနဲခုန်ထပြီး နှင်းတောင်ဘိုးဘိုးအား 'မိုးအဆုံး မြေအဆုံး' တိုက်ကွက်နှင့် အတွင်းအား အပြည့်ဖြင့် တွန်းထုတ် လိုက်နိုင်ခြင်းပင် ဖြစ်သည်။

'ဝုန်း'

နှင်းတောင်ဘိုးဘိုး၏ ခန္ဓာသည် လွင့်စင် မြောက်တက်သွားပြီး ကျောက်နံရံနှင့် သွားရောက် ဆောင့်လိုက်မိ၏။

'အာ-အ'

ချင်ရိသည် သူ့ကိုယ်သူ ကောင်းမွန်စွာ ရပ်တည်နိုင်ခြင်းမရှိ၊ အတွင်းဒဏ်ရာကြောင့် ကျောဝယ် ဆိုးရွားလှသော ဝေဒနာကြောင့် ရင်ထဲ၌ အသည်းများ အူများ တစ်စစီဆွဲထုတ်ခံနေရသည့်နှယ် ခံစားနေရသည်။

သို့ရာတွင် နှင်းတောင်ဘိုးဘိုး၏ ရှေ့၌မူ မိမိဒဏ်ရာရရှိခဲ့သည်ကို မသိစေလိုသောကြောင့် ချင်ရိသည် အံကြိတ်ခံရင်း လျှောက်သွားလေသည်။

နှင်းတောင်ဘိုးဘိုးသည်လည်း သူ၏လက်ချက်နှင့် ပို၍ပြင်းထန်သော ဝေဒနာကို ခံစားနေရဟန်တူသည်။

သူ့ထံ လျှောက်လာသော ချင်ရိအား တွေ့ရှိလိုက်ရသော နှင်းတောင်ဘိုးဘိုးသည် အလွန်အံ့သြသွားခဲ့ရသည်။

သူ၏ရိုက်ချက်ကို မိမိရရခံလိုက်ရသော်လည်း သည်သိုင်းသမားလူငယ်မှာ လမ်းလျှောက်နေနိုင်ခဲ့သဖြင့် အတွင်းကိုယ်ခံအား အလွန်ကောင်းမွန်သောသူ တစ်ဦး ဖြစ်မှန်းနားလည်လိုက်ရသည်။

သည်လိုသိုင်းသမားနှင့်ဆိုလျှင် သူ ထပ်မံကိုက်ခိုက်လျှင်လည်း ရှုံးနိမ့်မည်မှာ သေချာသည်။



ထို့ကြောင့် အဘိုးအိုက အံကြိတ်၍ မော့ကြည့်လိုက်သည်။

'မင်း ငါ့ကို သတ်စရာမလိုပါဘူးကွာ၊ ငါ့စကားအတိုင်း ငါ့ကိုယ်ငါ သတ်ပါ့မယ်'

နှင်းတောင်ဘိုးဘိုးက ပြောကြားလိုက်သဖြင့် ချင်ရိ စိတ်မကောင်း ဖြစ်မိသွားသည်။

တကယ်တော့ နှင်းတောင်ဘိုးဘိုးအား ကူညီရန်လာရောက်ခြင်းသာဖြစ်၏။ အဘိုးအိုက သူ့ကိုသတ်ရန်လာသည်ထင်ပြီး ပြောကြားခဲ့ခြင်းဖြစ်သည်။

'ဂိ…ဂိ'

ထိုစဉ် ကောင်းကင်ထက်စယ် လင်းတများ ပျံဝဲရောက်ရှိလာကြသည်။

ချင်ရိ ထိတ်လန့်သွားလေသည်။ ဓားကို ပြန်လည်ထုတ်ယူလိုက်ရင်း အသေခံ တိုးဆိတ်တိုက်ခိုက်တတ်သော လင်းတများသာ တဟုန်ထိုး ထိုးဆင်းလာကြလျှင်တော့ ဓားစကြောကိုသာ အသုံးပြုကာကွယ်ရပေဦးတော့မည်။

'ရှူး…ရှူး'

နှင်းတောင်အဘိုးအိုက လက်ဝါးကိုထောင်ပြပြီး ခါရမ်းလိုက်ရာ ဝဲပျံနေသော လင်းတများမှာ သုတ်ခနဲ သုတ်ခနဲ အုပ်လိုက်ပျံတက် ပြေးထွက်ကုန်ကြတော့သည်။

'ဂီး....ဂီး....ဂီး....ဂီး'

ကောင်းကင်ယံ၌ လင်းတ၏ အော်မြည်သံများမှာလည်း ဆူညံသွားတော့သည်။

ချင်ရိပင်လျှင် လင်းတများ၏ အော်ဟစ်မြည်ကြွေးသံမှာ ကြက်သီးမွေးညှင်း ထဖွယ်ဖြစ်လေသည်။

လင်းတများ၏ အသံတို့ တိတ်ဆိတ်ငြိမ်သက်သွားကြပြီ ဖြစ်သည်။ ကောင်းကင်ယံဝယ် ပကတိတိတ်ဆိတ်မြဲတိတ်ဆိတ်လျက် မူလအတိုင်း ပြန်ဖြစ်သွား၏။

နှင်းတောင်ဘိုးဘိုးက သူ့အားစိုက်ကြည့်လျက်–

'ငါရှုံးသွားပါပြီ မောင်ရင်၊ ဒါကြောင့် ငါ့စကားအတိုင်း ငါဆောင်ရွက်ရမယ်ကွ'

ပြောမပြောဆိုဆို နှင်းတောင်ဘိုးဘိုးသည် သူ၏လက်ဝါးကြီးနှင့် သူ၏ဦးခေါင်းအား ရိုက်ချရန် ရွယ်လိုက်သည်။

'မလုပ်နဲ့'





ချင်ရိက ထိတ်လန့်စိုးရိမ်စွာ အော်လိုက်သကဲ့သို့ တစ်စုံတစ်ဦးကလည်း အော်ဟစ်လိုက်သံ ကြားရသည်။

'ရပ်လိုက်'

စူးရှသော အဘွားအို တစ်ဦး၏အသံ ဖြစ်သည်။

ထိုအသံ ထွက်ပေါ်လာရာသို့ နှင်းတောင်ဘိုးဘိုးရော ချင်ရိပါ လှည့်ကြည့်သည်။

ဦးခေါင်းဖြူဖွေးသော ဆံပင်များနှင့် အဘွားအိုတစ်ဦးသည် နှင်းတောင်ဘိုးဘိုးထံ လျင်မြန်စွာရောက်ရှိလာသည်။

သူနှင့်အတူ အဘိုးအိုတစ်ဦး ပါလာကာ ထိုအဘိုးအိုကမူ အံ့ဩသောအမူအရာနှင့် အခုနအတားကို အကဲခတ်နေခဲ့သည်။ သူမက အဘိုးအိုအား ပွေ့ပိုက်လိုက်သည်။

'ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ အစ်ကိုရယ်....ဟင်'

အဘွားအိုက ကြေကွဲဝမ်းနည်းစွာ မေးမြန်းလိုက်သည်။

တကယ်တော့ အဘွားအိုမှာ နှင်းတောင်အဘိုး အိုချူးပိန်၏ မိန်းမအဆိပ်လက်သည်း လူဝမ်းရင်သာဖြစ်သည်။

သူတို့လင်မယားနှစ်ဦးမှာ တစ်ချိန်ကအဆိပ်လက်ချောင်း ချူးပိန်နှင့် အဆိပ်လက်သည်း လူဝမ်းရင်ဟူ၍ သိုင်းလောက တွင် ထင်ပေါ်ကျော်ကြားခဲ့ကြ၏။

ယခု အသက်အရွယ်ရလာသောအခါ အဆိပ်လက်ချောင်း မှာ သည်မိုးရောက် နှင်းတောင်၌ လာရောက် နေထိုင်ခဲ့ပြီး အဆိပ်လက်သည်း လူဝမ်းရင်ကမူ ငရဲလျှိုကျွင်းထဲဝယ် နေ ထိုင်ကျန်ရစ်သည်။

ယခု မိတ်ဆွေဖြစ်သူ မိစ္ဆာသိုင်းသမားအဘိုးအို ချန်းလန် နှင့် နှင်းတောင်အဘိုးအိုထံ အလည်လာကြရင်း ယခုကဲ့သို့ အဖြစ်ကို ပက်ပင်းရင်ဆိုင်တိုးခဲ့ခြင်းဖြစ်သည်။

မိစ္ဆာအဘိုးအိုချန်းလန်ကလည်း ခေါ်းဒဏ်ရာနှင့် လဲကျနေ သည့် ကျားကြီး ဝူးကောင်းစီးကို တွေ့ရှိသွားသောအခါ အံ့သြထိတ်လန့်သွား၏။

'ဟာ....ကျားကြီး ဝူးကောင်းစီး'

လျင်မြန်စွာပွေ့လိုက်ရင်း မေးမြန်းသည်။ သူ့မျက်လုံး အစုံကမူ ချင်ရိအား အထင်လွဲစွာ မော့ကြည့်နေသည်ကို တွေ့ ရ၏။

'ငါ့တပည့်ကိုတိုက်တာ ဘယ်သူလဲ၊ ဟိုကောင်လား'





မိစ္ဆာအဘိုးအိုသည် ချင်ရိအား မေးငေါ့လျက် မေး၏။

ကျားကြီး ဝူးကောင်းစီးမှာ ရုတ်တရက် ပြန်လည်မဖြေ နိုင်၊ သူ့မှာလည်း ပခုံးတွင် စိုက်ဝင်နေသော ခေါ်းဒဏ်ရာနှင့် နှင်းတောင်ဘိုးဘိုး၏ ကန်ချက်က ရင်ဘတ်တွင် ထိမှန်ထားခဲ့ လေသည်။

'မင်းဘယ်သူလဲ၊ ငါ့တပည့်ကိုတိုက်တာ မင်းမဟုတ်လား'

မိစ္ဆာအဘိုးအိုသည် ချင်ရိအား ရန်ပြုရန် မတ်တပ်ရပ် လိုက်သည်။

'မဟုတ်ပါဘူးခင်ဗျာ'

ချင်ရိက ငြင်းဆိုလိုက်သော်လည်း နှင်းတောင်ဘိုးဘိုးကို ပွေ့ထားသော အဆိပ်လက်သည်း လူဝမ်းရင် အဘွားအိုက–

'ဘာ ခုမှ မဟုတ်ရမှာလဲ၊ ဒီတောင်ပေါ်မှာ လူစိမ်းဆိုလို့ မင်းတစ်ယောက်ပဲရှိတာ၊ မင်းလက်ချက်ပဲ နေမှာပေါ့'

မိစ္ဆာအဘိုးအိုချန်းလန် ချင်ရိနှင့် မျက်နှာချင်းဆိုင်လိုက် သည်။ အဆိပ်လက်သည်း လူဝမ်းရင် အဘွားအိုကလည်း နှင်းတောင် ဘိုးဘိုးအား အသာချထားလိုက်ခါ ထလာ ပြန်သည်။

အတိုးအိုနှင့် အဘွားအို သိုင်းသမားကြီးနှစ်ဦးမှာ ချင်ရိအား ရင်ဆိုင်လိုက်ကြသည်။

ချင်ရိမှာ တကယ်တော့ ဟန်ဆောင်၍သာ နေရသော်လည်း အသည်းဒဏ်ရာက အလွန်ဆိုးရွားစွာ ခံစားနေရပြီဖြစ်သည်။

သည်လိုအခြေနေ၌ သည်သိုင်းသမားကြီး နှစ်ဦးနှင့်သာတိုက်ခိုက်ရပါက ချင်ရိအဖို့ အနိုင်ရရှိဖို့ရန်မှာ မလွယ်ကူပေ။

ထိုအချိန်ဝယ် မီးလောင်ရာလေပင့်လိုက်သူ နှင်းတောင်ဘိုးဘိုး ချူးပိန်ပင်ဖြစ်သည်။ သူက သူတို့နှစ်ဦးအား လှဲနေရာမှ လှမ်းပြောလိုက်၏။

'သူက အဆိပ်လက်ဝါး စုံရှင်းဖုရဲ့ တပည့်တဲ့ကွ'

'ဟင်'

'ဟေ'

မိစ္ဆာသိုင်းသမားကြီး ချန်းလန်နှင့် အဆိပ်လက်သည်းအဘွားအို လူဝမ်းရင်တို့မှာ ချင်ရိအား မုန်းတီးစက်ဆုတ်စွာစိုက်ကြည့်လိုက်သည်။

'ခြော်....သစ္စာဖောက် အဆိပ်လက်ဝါးရဲ့ တပည့်ကိုး'



'ဟား ဟား ဟား'

ချင်ရိက ကမန်းကတန်း ရှင်းပြရလေသည်။

'ဆရာဟာ သစ္စာဖောက်တစ်ဦး မဟုတ်ပါဘူးခင်ဗျာ၊ လွန်ခဲ့တဲ့ (၁၀) နှစ်ကျော်ကျော်က ဆရာ့အစားဟန်ဆောင်ပြီး မသမာသူတစ်ဦးက တော်လှန်ရေး သိုင်းဆရာကြီးတွေကို လုပ်ကြံသွားခဲ့တယ် ခင်ဗျာ၊ ဆရာ့ကိုလဲ အကြောပိတ်ခဲ့တယ် ခင်ဗျ'

သိုင်းအတိုးအိုနှင့် အဘွားအိုမှာ သူ၏စိတ်ကို အကဲခတ်လျက် ရှိကြ၏။

ချင်ရိကလည်း အမှန်အတိုင်း ရှင်းလင်း ပြောဆိုခဲ့ပြန်သည်။

'ကျွန်တော်ကိုယ်တိုင်လဲ အဲဒီကိစ္စကို ဖော်ထုတ်ဖို့ စုံးစမ်းကြိုးစားနေပါတယ်၊ ဆရာမသေမီ ဆရာက အဲဒီတာဝန်ကို ပေးသွားခဲ့တယ် ခင်ဗျ'

'မင်းဆရာက သေပြီလား'

မိစ္ဆာသိုင်း အတိုးအိုက မေးမြန်းလာသဖြင့်....

'ဟုတ်ကဲ့....လွန်ခဲ့တဲ့ နှစ်နှစ်လောက်က သေဆုံးခဲ့ပါပြီ'

'ဘယ်ဒေသမှာ ဆုံးတာလဲ'

'ကျောက်တလုံး တောင်က မျက်မမြင် ဂူသဲမှာပါ ခင်ဗျာ....'

'ကျုပ်တော့ မယုံဘူးရှင့်'

အဆိပ်လက်သည်း လူဝမ်းရင် အဘွားအိုက ကြေညာလိုက်က်ဖြင့် ချင်ရီမှာ မိစ္ဆာသိုင်းအဘိုးအိုကို ကြည့်ရှုလိုက်ပြန်သည်။

ထိုအဘိုးအိုမှာ တွေဝေနေလေသည်။ ထို့နောက်ဝင်ရောက်ပြောလာ၏။

'ကဲ...အဲဒီအဆိပ်လက်ဝါး စုံရှင်းဖုကိုစ္စ ထားလိုက်ဦး၊ ခုလောလောဆယ် ငါ့တပည့်ကို ဘာကြောင့် တိုက်ရတာလဲ ပြော....'

'ဟာ....ကျွန်တော် မဟုတ်ပါဘူးလို့ ပြောပြီးပြီပဲ၊ နှင်းတောင်ဘိုးဘိုးကြောင့် သူ့ဒဏ်ရာ ရထားတာပါခင်ဗျာ'

'အဲဒါ....လိမ်နေတာမိစ္ဆာရဲ့၊ ရှင်အဟုတ်ထင်မနေနဲ့'

ထိုစဉ် ကျားကြီးဝူးကောင်းစီးထံမှ ညည်းညူသံကြားရသဖြင့် မိစ္ဆာသိုင်းသမားကြီး ချန်းလန်မှာ အလျင်အမြန် တပည့်ထံ ပြေးသွား၏။



'ဟော့....ဟော့....ဝူးကောင်းစီး....ဝူးကောင်းစီး'

သူက တပည့်အား ခေါ်နေခဲ့သည်။

'မင်းရဲ့ဆရာလေ၊ ဆရာကြီးချူပိန်းပါ'

'အစ်ကိုချင်ရီ အစ်ကိုချင်ရီ'

ကျားကြီးကမူ နှုတ်မှ ရေရွတ်ခေါ်ဝင်နေသည်က ချင်ရီနာမည်။ ချင်ရီက သူ့ထံလျှောက်သွားလေသည်။

'ကိုကျားကြီး–ကိုကျားကြီး၊ သတိရပလား၊ ဒီမှာ ခင်ဗျားဆရာကြီးလဲ ရောက်နေတယ်ဗျ'

ဝူးကောင်းစီးက မျက်လုံးအစုံကို ဖျပ်ခနဲ ဖွင့်ကြည့်မိသည်။

သူ၏ဆရာကို တွေ့လိုက်ရသောအခါ အလွန်အံ့သြသွားဟန် ဖြစ်ပေါ်သွားလေသည်။

'မင်းကို ဘယ်သူတိုက်တာလဲ ကျားကြီး ဟင်'

'ဟို–နှင်းတောင်က ဘိုးဘိုးပါဆရာကြီး၊ သူ့လူတွေနဲ့ ကျွန်တော့်ကို ဝိုင်းတိုက်လိုက်ကြတာပါ'

'သူက–'

ချင်ရိကို မေးငေါ့လျက် မိစ္ဆာသိုင်းသမားကြီးချိန်းလွန်က တပည့်အားမေးသည်။

'အစ်ကိုချင်ရိက ကျွန်တော့်ရဲ့မိတ်ဆွေ၊ ဆရာလဲ ဆရာ'

'ဟာ-မဟုတ်တာ၊ ကိုကျားကြီးကလဲ ခင်ဗျားမိတ်ဆွေပါဗျာ'

သူ၏ဆရာရှေ့မှောက်ဝယ်၊ သူ့အား ဆရာအဖြစ် ဖော်ထုတ်ဝံ့သော ကျားကြီးဝူးကောင်းစီးအား မချီးကျူးဘဲမနေနိုင်ခဲ့။

တကယ်တော့ ကိုကျားကြီးမှာ ရိုးသားသူ တစ်ဦးသာလျှင် ဖြစ်သည်။

ထိုအချိန်ဝယ် အဆိပ်လက်သည်း အဘွားအိုလူဝမ်းရင်သည် ချင်ရိအား မျက်နှာချင်းဆိုင်လိုက်၏။

'သူ ငါ့ရဲ့အဆိပ်လက်ချောင်းရိုက်ချက် ထိမှန်ထားတယ်ပေါ့—'

နှင်းတောင် အဘိုးအိုက အော်ပြောလိုက်သဖြင့် အဘွားအို၏မျက်နှာ ပြုံးရွှင်သွားလေသည်။

'ဒါဆို....ကျုပ် သူ့ကို အေးအေး ဆေးဆေး တိုက်ရ ပေါ့ရှင်'





အဆိပ်လက်သည်း အဘွားအိုက သူ၏ လက်သည်းချွန်များကို ထောင်လိုက်ခါ တိုက်ရန်ပြင်နေသည်။

'နေပါဦး လူဝမ်းရင်'

'ရှင်က ဘာရှုပ်ဦးမလို့လဲ'

'သူ့မှာ ဒဏ်ရာရထားတယ်မဟုတ်လား၊ ခုချိန်မှာ မင်းသူ့ကိုယှဉ်ပြိုင်ရင် တရားပါ့မလား၊ စဉ်းစားပါဦး'

မိစ္ဆာသိုင်းသမား အဘိုးအို၏စကားကြောင့် အဘွားအို လူဝမ်းရင်မှာ မဲ့ရှုံ့သွားခဲ့သည်။

'တရားတာ မတရားတာ ကျုပ် ဂရုစိုက်မနေနိုင်ဘူး၊ ကျုပ်ရဲ့ယောကျ်ားကို သူတိုက်ထားတယ်၊ အဲဒီအတွက် ကျုပ်က ပြန်ပြီး လက်စားချေရမှာပဲ'

မိစ္ဆာသိုင်းအဘိုးအိုက ရယ်လိုက်သည်။ လှောင်ပြောင်ရယ်မောခြင်းဟု ချင်ရိနားလည်လိုက်သည်။

'ဒါဆို....မင်းရဲ့ယောကျ်ား ချူးပိန်က ငါ့တပည့်ကို တိုက်ထားတာကိုရော မင်းဘာပြောမလဲ လူဝမ်းရင်'

'ဒါက ရှင့်အပိုင်းပဲရှင်'

'ကောင်းပြီ....ဒါဆို ကျုပ်ပြောမယ်၊ မင်း သူတို့ကို အန္တရာယ်မပေးနဲ့၊ ကျုပ်လဲမင်းယောကျ်ားချုပ်နှိပ်ကိုဘာမှ မလုပ်ဘူး'

မိစ္ဆာသိုင်းသမားအဘိုးအို၏စကားကြောင့် အဘွားအို အဆိပ်လက်သည်းမှာ အလွန်ဒေါသ ထွက်သွားလေတော့သည်။

'ဩော်.... ရှင်က ကျုပ်ဟိုလင်မယားကို ပြန်တိုက်မလို့လား'

'မဟာရေးရင်တော့ တိုက်သင့်ရင် တိုက်ရမှာပေါ့ဗျာ'

'ကဲ–ဒါလောက်တောင် တိုက်ချင်တဲ့အဘိုးကြီး–ကဲ'

အဆိပ်လက်သည်း အဘွားအိုက လျှပ်တစ်ပြက် မိစ္ဆာသိုင်းအဘိုးအိုအား ခုန်ရိုက်ချလိုက်ရာ ကြားမှ ချင်ရီက လက်ဝါးဖြင့် ဆီးခံလိုက်ရ၏။

'ဝုန်း'

'ဟင်....'

အဘွားအို လူဝမ်းရင်နှင့် ချင်ရီတို့မှာ လက်ဝါးချင်း ပြင်းထန်စွာ ရိုက်မိသွားကြ၏။



ထို့ကြောင့် နှစ်ဦးစလုံးအရှိန်နှင့် လွင့်စင်သွားကြတော့သည်။ မည်သူမှ မဟန်နိုင်ဘဲ ယိမ်းယိုင်သွားကြလေသည်။

'ဝေါ့'

ချင်ရီ၏ နှုတ်မှ သွေးများအန်ကျလာသည်။

'အစ်ကိုချင်ရီ'

ကျားကြီးဝူးကောင်းစီးက စိုးရိမ်စွာ ခေါ်လိုက်မိ၏။

ချင်ရီ ရှုံးသွားပြီဟု သူက ထင်လိုက်သောကြောင့် ဖြစ်သည်။

သို့ရာတွင် 'ဝုန်း'ကနဲ အသံကြားသဖြင့် ကြည့်ရှုလိုက်ရာ အဆိပ်လက်သည်း အဘွားအိုမှာ အရုပ်တစ်ရုပ်နှယ် ပြုတ်ကျသွားတော့သည်။

ချင်ရီမှာ ဒယိမ်းဒယိုင်ဖြင့် လျှောက်လှမ်းနေခဲ့သည်။

မိစ္ဆာသိုင်းအဘိုးအိုက တပည့်ဖြစ်သူကို ဖေးမထားရင်း ချင်ရီအား စိုးရိမ်စွာ လှမ်းကြည့်နေခဲ့သည်။

'ဂွိန်း'

လက်ရိုက်သံတစ်ချက် ကြားလိုက်သဖြင့် အသံလာရာသို့ ကြည့်ရှုမိကြရာ နှင်းတောင်အဘိုးအို ချုပ်နှိပ်သည် သူ၏

ဦးခေါင်းကို သူ့စကားအတိုင်း ရိုက်ချသွားခဲ့ခြင်းဖြစ်သည်။ ခုတော့ လုံးဝငြိမ်သက်နေခဲ့ပြီဖြစ်သည်။

ထိုစဉ်ခိုက် တောင်ဆိပ်တစ်ကောင် အနီးသို့ရောက်လာသဖြင့် ချင်ရိက သူ၏ကျောပေါ် တက်လိုက်သည်။

'သွားပြီဗျို'

ချင်ရိမှာ ခေါင်းငိုက်စိုက်နှင့် တောင်ဆိပ်၏ ပြေးနှင်ရာနောက်သို့ ပါသွားလေတော့သည်။

မိစ္ဆာအတိုးအိုမှာ ထူးခြားသည့် လူငယ်သိုင်းသမားလေး ချင်ရိအား အံ့သြစွာ ငေးမောကြည့်ရှုကျန်ရစ်ခဲ့လေသည်။

ထို့နောက် တပည့်ဖြစ်သူအား ငုံ့ကြည့်လိုက်ရာ ချင်ရိသွားသည့်ဖက်သို့ ငေးမောကြည့်ရှုရင်း မျက်ရည်ဝဲနေသည်အား တွေ့မြင်လိုက်ရလေသည်။

ယင်းကြောင့် 'မင်း ဒဏ်ရာတွေ ကုရဦးမယ် တပည့်ရယ်' ဟု နှစ်သိမ့်ဖျောင်းဖျလိုက်မိတော့သည်။

* * *

ရေခဲပွင့်

ချင်ရိသည် နှင်းတောင်အတိုးအို ချုပ်နှိပ်၏ အဆိပ်လက်ချောင်းရိုက်ချက်ထိမှန်ပြီး အတွင်းဒဏ်ရာရလျက်တောင်ဆိတ် ပြေးနှင်ရာနောက်သို့ လိုက်ပါသွားခဲ့၏။

တောင်ဆိတ်ကျောပေါ်ဝယ် လိုက်ပါသွားခဲ့သော်လည်း လူကမူ အဆိပ်တက်လျက် ရှိ၏။

ခေါင်းထဲ၌ တရိပ်ရိပ် မူးဝေနောက်ကျိလာသကဲ့သို့ မျက်လုံးအမြင်မှာလည်း ဝေဝါးမှုန်ရီလာခဲ့၏။

သိစိတ်မှာလည်း ရတစ်ချက် မရတစ်ချက်ဖြင့် သတိလစ်လျက်ရှိသည်။

တောင်ဆိတ်မှာ ကျောထက်မှ ဦးဆောင်သည့် သခင်က မလှုပ်သောအခါ တောင်ကြားတစ်လျှောက် ခြေဦးတည့်ရာ ပြေးနှင်နေတော့သည်။

မောပန်းလွန်း၍ ပါးစပ်မှလဲ အမြှုပ်များပင် ထွက်လာသောအခါ တောင်ကျရေအိုင်တစ်အိုင်သို့ရောက်လျှင် တောင်ဆိတ်သည် ရေကိုငုံ့သောက်၏။

ထိုအခါ ကျောထက်၌ သတိလစ်နေသော ချင်ရိမှာ ရှေ့သို့ ဟပ်ထိုးကျသွားခဲ့တော့သည်။

'ဗွမ်း....'

တောင်ဆိတ်မှာလည်း သူ၏ ကျောပေါ်မှ ချင်ရိ၏ ခန္ဓာကြီး ရေအိုင်ထဲသို့ ထိုးကျသွားသဖြင့် ပေါ်ထွက်လာသော အသံကြောင့် ထိတ်လန့်ပြီး ခြေကုန်သုတ်ပြေးလေသည်။

ချင်ရိမှာမူ တောင်ကျရေအိုင်ထဲ မှောက်ခုံကြီးကျရောက်သွားရာမှ ရေစီးနှင့် တဖြေးဖြေး မျောပါသွားလေတော့သည်။

တောင်ကြောတစ်နေရာ၌ ရေချိုးသော မိန်းမပျိုတစ်ဦးသည် ရေစီးနှင့် မျောပါလာသည့် ချင်ရိအား မြင်တွေ့လိုက်ရသောအခါ အထိတ်တလန့်နှင့် ရှတ်တရက် မတ်တတ်ရပ်လိုက်မိ၏။

'အို....'



ချက်ချင်း သူမက ပြန်လည်ထိုင်ချလိုက်မိပြန်သည်။

အဘယ့်ကြောင့်ဆိုသော် သူမ၌မည်သည့်အဝတ်အစားမျှ ရှိမနေသောကြောင့်ဖြစ်၏။

ထိုစဉ် ချင်ရိ၏ ကိုယ်ခန္ဓာမှာ သူမ၏အနီးသို့မြောလျက် ကပ်လာသည်။

ထို့ကြောင့် သူမက ချင်ရိ၏ခန္ဓာအား မရဲတရဲထိကိုင်ကြည့်လိုက်ရာ လှုပ်ရှားခြင်း မရှိသဖြင့် ရဲတင်းသွားပြီး တစ်ကိုယ်လုံး စစ်ဆေးကြည့်ရှုလိုက်မိသည်။

'အသက်ရှိသေးတယ်၊ ကျောဘက်က ဒဏ်ရာကြောင့်သတိမေ့နေရှာပုံပဲ'

မိန်းမပျိုသည် အသက်ရှင်သူ တစ်ဦးတစ်ယောက်မှ မရှိသောကြောင့် ကမ်းပေါ်သို့ ဆွဲတင်လေတော့သည်။

ကမ်းပေါ်ရောက်မှ သူ၏ကျောဘက်မှဒဏ်ရာအား နူတ်ခမ်းနှင့်စုပ်သည်။

ယင်းဒဏ်ရာမှ သွေးညစ်ညစ်ပုပ်ပုပ်များ ထွက်လာသောအခါ သွေးပစ်သည်။

ချင်ရိ အဆိပ်တက်နေမှန်း မိန်းမပျိုက ရိပ်စားမိထားသည်။

ချင်ရိ၏ တစ်ကိုယ်လုံး ပြာနှမ်းလျက်၊ နှုတ်ခမ်းများ ပြာနေခြင်းမှာ အဆိပ်မိထားသော အသွင်ဖြစ်သည်ကို သိရှိလိုက်သည်။

ထို့ကြောင့် ချင်ရိ၏အဆိပ်များ ပြေပျောက်ရန် အလျင်အမြန် ပြုစုရမည်ဟု သဘောပေါက်မိလေသည်။

ထို့နောက် အဆိပ်ပြေဆေးရှက်အားရှာဖွေကာ ချင်ရိ၏ ပါးစပ်ထဲ ညှစ်ထည့်သည်။

ထို့ပြင် အတွင်းဒဏ်ရာများကိုသည်း အကြောများကို နှိပ်နယ်ပြုပြင်ပေးခြင်းဖြင့် သက်သာစေခဲ့သည်။

နောက်တစ်နေ့ ရောက်သောအခါ ချင်ရိမှာ ဝေဒနာ အတော်အတန် သက်သာသွားသည်။ အဆိပ်တက်မှုသည်လည်း ပြေပျောက်လာသည်။

ချင်ရိက မိန်းမပျိုကို အံ့သြစွာဖြင့် မော့ကြည့် နေမိလေသည်။

'ကျေးဇူးပါပဲကွယ်'

မိန်းမပျိုက ပြုံးရုံပြုံးနေခဲ့သည်၊ မည်သို့မျှ တုန့်ပြန် မပြောကြားခဲ့ပေ။



သူ့အား အစားအစာများလည်း ရှာဖွေကျွေးမွေးနေပြန်သည်။

ထိုနေ့တစ်နေ့လုံး သူမက ချင်ရိအား ပြုစုစရာရှိသည်များကို ပြုစုနေခဲ့သည်။ ကျွေးမွေးစရာ ရှိသည်များလည်း ကျွေးမွေးနေခဲ့၏။

နှုတ်မှ စကားတစ်ခွန်းမှ မပြောကြားခဲ့သည်ကို အံ့သြနေမိသည်။

'မင်း စကားမပြောတတ်ဘူးလားကွယ်'

သူမက ပြုံးပြသည်။ ချင်ရိက သူ၏အဖြစ်အပျက်ကို အလွန်သိချင်နေမိသည်။

သည်လိုနေရာသို့ မည်သို့မည်ပုံ ရောက်ရှိလာခြင်းအား သိလိုလှသည်။

'အစ်ကို့ကို တစ်ခုခုပြောပြပါနော်'

သူမက ခေါင်းကိုသာ ခါရမ်းနေသည်။

ထို့နောက် မျက်ရည်များဝဲလာသည်။

ထိုအခါ ချင်ရိက ကမန်းကတန်း ပြန်လည် ပြောကြားရပြန်သည်။

'မင်း ငိုတော့မလို့လားကွယ်၊ ငိုတော့ မငိုပါနဲ့ကွာ၊ မပြောချင်ရင်လဲ နေပါတော့'

ချင်ရီ လက်မြှောက် အရှုံးပေးလိုက်ရတော့သည်။

သည်မိန်းကလေးကို ချင်ရီ အံ့သြနေမိသည်။

ဤတောင်ခြေတွင် တစ်ဦးတည်း နေထိုင်လျက် ရှိသူ၊ သူ့အား စကားတစ်ခွန်းမှ ပြောကြားခြင်း မရှိသေးသူ၊ မိန်းမပျိုမှာ အသက် (၁၈) နှစ်ခန့်သာ ရှိနိုင်သေးသည့် အရွယ်လေး ဖြစ်သည်။

သူမက သူ့အား အရိပ်တကြည့်ကြည့် ရှိနေခဲ့ ရှာလေသည်။

ချင်ရီသည် ထူးဆန်းသော မိန်းမပျိုအား နားမလည်နိုင်အောင် ဖြစ်နေမိသည်။

သည်လိုနှင့် သူသည် ပြန်လည်ထူထူထောင်ထောင် ဖြစ်လာတော့သည်။

အချိန်အားဖြင့်လည်း ရက်သတ္တ တစ်ပတ် ပြည့်တော့မည် ဖြစ်သည်။ သူ၏တာဝန် ရှိနေသေးသည်။



သူ၏ဆရာနှင့် ကိုယ်ပျောက်လျှိုတွင် လပြည့်နေ့၌ ချိန်းဆိုထားခဲ့သည်။

နှင်းပွင့်မယ်ထိစင်လွမ်းအတွက် ရေခဲပွင့်ကိုလည်း ရှာရဦးမည် ဖြစ်သည်။

လပြည့်နေ့ မတိုင်မီကျောက်တစ်လုံးတောင် မျက်မမြင်ဂူသို့လည်း သွားရဦးမည်။ ထို့ကြောင့် မိန်းမပျိုအား သူထွက်ခွာရန် နှုတ်ဆက်ရလေသည်။

'အစ်ကို့မှာ တာဝန်တွေရှိလို့ သွားရဦးမယ် ကွယ်၊ အစ်ကို့အသက်ကို ကယ်တင်ခဲ့တဲ့အတွက် ဘယ်တော့မှမမေ့နိုင်မှာ မဟုတ်ဘူး၊ ကျေးဇူးကို အမြဲသတိရနေပါ့မယ်'

ထိုအခါ သူမက ရှုံ့ကျကြီးတငင်ငိုကြွေးလေတော့သည်။ သူ၏နဖူးအားလည်း သူမ၏ နှာသီးဖျားနှင့် လာရောက်ထိကပ်၏။

ချင်ရီရင်ထဲဝယ် မကောင်းမိတော့ပေ။ နှုတ်ဆက် ခွဲခွာခဲ့ရလေသည်။

* ● *

ချင်ရီသည် နှင်းတောင်ပေါ်သို့ ပြန်လည် ရောက်ရှိလာလေသည်။ နှင်းများမှာ နေရာတိုင်း၌ အုံ့ဆိုင်းနေခဲ့ကြလေသည်။

နှင်းပွင့်များအောက်၌ ရေခဲပွင့် ရှိတတ်သည် ဆိုသောကြောင့် ချင်ရီသည် လမ်းတစ်လျှောက် နှင်းပုံလေးများကို တွေ့လျှင် ခြေနှင့်ကန်ခြင်း၊ လက်ဖြင့် ဖယ်ခြင်း၊ ဓားနှင့်ဝှေ့ယမ်းခြင်းများကို ပြုလုပ်သွားခဲ့သည်။

နှင်းတောင်သို့ ရောက်ရှိ လာသည်နှင့် တစ်ပြိုင်နက် မျက်လုံးရော ခြေရော လက်ရော ဓားရော မည်သည့် အရာမှ သူ့မှာ မအားလပ်အောင် ရေခဲပွင့်ကို ရှာဖွေမိခဲ့သည်။

အချိန်သာ ကုန်ဆုံးသွားခဲ့၏။ ရေခဲပွင့်နှင့်တူသောအရာဟူ၍ အရိပ်အရောင် မှုံမှိုင်း မှတွေ့ရှိရပေ။

သို့ဖြင့် စိတ်ပျက်လက်ပျက်နှင့် ကျောက်စွန်း တစ်နေရာတွင် ထိုင်ချလိုက်လေသည်။

လူက အနားယူလိုက်သော်လည်း ဦးနှောက်ကိုမူ အနားမယူနိုင်ခဲ့။

ညနေခင်း လေအေးတို့ပင်လျှင် တိုက်ခတ်လာနေကြပြီဖြစ်သည်။



ကျောက်ကင်း၌ လမင်းဖြူဖြူကြီးပင်လျှင် စောစီးစွာ ထွက်ပေါ်နေသည်ကို တွေ့ရသည်။

လပြည့်ရန် သုံးလေးရက်သာ ကျန်တော့သည်။

သူ့၌ အချိန်တို့သည် မရှိတော့။ ထိစင်လွမ်း၏ ဝေဒနာ အတွက်လည်း စိုးရိမ်ပူပန်နေမိပြန်သည်။

ထိုစဉ် လူရိပ်တစ်ရိပ်ကို တွေ့လိုက်သဖြင့် ကျောက်စွန်း၌ အသာပုန်းကွယ်လိုက်မိသည်၊ အနီးသို့ ရောက်ရှိလာသော အခါ ထိုသူမှာ တောင်ပျော်ညီအစ်ကို လေးဖော် အနက် တစ်ဦး ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

'ဟိတ်'

ချင်ရီက ခုန်ထွက်လိုက်ပြီး ထိုသူ၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်သည်။

'ဟာ....'

ချင်ရီအား တွေ့လိုက်ရသောအခါ ထိုသူမှာ မျက်နှာ၌ သွေးဆုပ်သွားတော့၏။

'ကျွန်....ကျွန်တော့်ကို ချမ်းသာပေးပါခင်ဗျာ'

ပထမတော့ ရှန်းကြည့်သေး၏။ လုံးဝလှုပ်လို့မရတော့ သူက အသနားခံသည်။

'ကျုပ်က ခင်ဗျားကို အသက် ချမ်းသာပေးပါပြီတဲ့ ခင်ဗျားက ဘာပြန်ပေးမှာလဲ၊ အပေးအယူတော့ ရှိမှပေါ့ဗျာ'

'ကျွန်တော့်ကိုသာ အသက်ချမ်းသာရာပေးပါ ဆရာလေးလိုချင်တာ ကျွန်တော် ဖြစ်အောင်လုပ်ပေးပါ့မယ်'

ချင်ရီ၏ သိုင်းစွမ်းကို သိထားသဖြင့် သူက ထိတ်လန့်စွာ ကတိပေးသည်။

'ကောင်းပြီလေ ကျုပ်လိုချင်တာ ဒီတောင်ပေါ်မှာရှိတဲ့ ရေခဲပွင့်ပဲဗျ၊ အဲဒါ ခင်ဗျား ရအောင်ရှာပေတော့ ရလာရင် ခင်ဗျား အသက်ချမ်းသာရာရမယ်၊ အဲ....မရရင်တော့ ထုံးစံအတိုင်း ခင်ဗျားအသက် တိုလိမ့်မယ်၊ ဘယ့်နှယ်လဲ'

ချင်ရီသည် တမင်ခြိမ်းခြောက်လိုက်ပြန်သည်။

'ရှိပါတယ်ဆရာလေး၊ ဒါပေမယ့် ဒီဘက်မှာမဟုတ်ဘူးဟောဟို ရေခဲတွေဖုံးနေတဲ့ တောင်ကြောဘက်မှာခင်ဗျ'

'ကဲ....ဒါဖြင့်လာ အဲဒီဘက်သွားမယ်'

သို့နှင့် သူတို့နှစ်ယောက် ရေခဲများဖုံးလွှမ်းသော တောင်ထွတ်ဘက် ထွက်ခဲ့၏။





ထိုနေရာသို့ရောက်သော်'အဲဒီအပေါ်ဖက်မှာတော့အများကြီးရှိနေတာပဲခင်ဗျာ'ဟု ထိုလူက ပြောလေသည်။

'ကဲ....တက်စမ်း အမြန်ဆုံးပြန်လာခဲ့'

ချင်ရီက ထိုသူ့အား အမိန့်ပေးလိုက်ရာ-

'ဟာ....ဆရာလေးကလဲ ကျွန်တော်က ဘယ်လိုတက်လို့ရနိုင်မှာလဲ၊ ဆရာလေးရိုက်ချက်ကြောင့် သေလုမျောပါးဖြစ်နေခဲ့ပြီဗျ'

'အင်း....ဟုတ်သားပဲ'

ချင်ရီက မတ်စောက်လှသော တောင်ပေါ်သို့ မော့ကြည့်ရင်း ရေရွတ်လိုက်၏။

'ဒါဆို ငါကိုယ်တိုင်ပဲ တက်ပါတော့မယ်ကွာ၊ ငါကအပင်ကိုမမြင်ဘူးလို့ မင်းကို တက်ခိုင်းခဲ့တာကွ'

'အို....တောင်ပေါ်မှာ အဲဒီရေခဲပွင့်တွေဟာ အများကြီးပါပဲခင်ဗျ၊ ဆရာလေးကြိုက်တာသာ ခူးဆွတ်ခဲ့ပါ မှားစရာမရှိဘူးလေ'

သို့နှင့် ချင်ရီသည် ရေခဲပွင့်အား လိုချင်ဇောနှင့် တောင်ပေါ်သို့ တက်ရောက်သွားလေတော့သည်။

အကယ်၍ ထိုလူတက်ရောက်သွားလျှင် အချိန်အားဖြင့် ကြာမြင့်နေမည်ကို သူက မလိုလား ကိုယ့်ဘာသာကိုယ် တက်သွားသည်ကမှ မြန်ဆန်သေး၏။

ထို့ကြောင့် ချင်ရိမှာ အချိန်ကုန်မခံနိုင်၍ အပင်ပန်းခံလျက် ရေခဲသောတောင်ထွတ်ပေါ်သို့ တက်ရောက်သွားတော့သည်။

'ဟား-ဟား-ဟား-ဟား'

'ဟား-ဟား-ဟား-ဟား'

ချင်ရိ ထိုနှင်းတောင်ပေါ်သို့တက်ရောက်သွားပြီး ပျောက်ကွယ်သွားသည်နှင့် တောင်ပျော်ညီအစ်ကို လေးဖော်အနက် အကောက်ကျစ်ဆုံး၊ အယုတ်မာဆုံး၊ အရက်စက်ဆုံးသော ထိုသူမှာ ဟက်ဟက်ပက်ပက် ရယ်မောလေသည်၊

တကယ်တော့ သူက ကောက်ကျစ်ယုတ်မာစွာ ချင်ရိအား ရေခဲတောင်ထွတ်ပေါ်သို့ လိမ်ညာ၍လွှတ်လိုက်ခြင်းပင် ဖြစ်သည်။

ထိုရေခဲတောင်ထွတ်ကား တက်ရောက်သွားသူတိုင်း အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ပြီး မပြန်လမ်းသို့ မြန်းကြရမည်သာ ဖြစ်သည်။

'ဘယ်လောက်ပဲ သိုင်းစွမ်းထက်ပါစေ ဦးနှောက်နည်းသူက ခံစတမ်းပဲကွ'





'ဟား-ဟား-ဟား-ဟား'

သူက ကျေနပ်အားရစွာ အော်ဟစ်ရယ်မောနေခဲ့သည်။

ထိုအချိန် ထိုတောင်ထွတ်ပေါ်ရောက်နေခဲ့သော ချင်ရိမှာ လူအလိမ်ညာခံရမှန်း သိလိုက်ပြီဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် တောင်ထွတ်ပေါ်၌ ရေခဲများမှ တစ်ပါး မည်သည့်အပင် မည်သည့်သတ္တဝါမျှ မရှိသော ကြောင့်ဖြစ်သည်။

နေရာတိုင်းဝယ် ရေခဲမျက်နှာကိုသာလျှင် တွေ့မြင်နေရလေတော့သည်။

သူ့အညာအလိမ်ခံလိုက်ရသဖြင့် အောက်သို့ဒေါသဖြစ်စွာ ငုံ့ကြည့်လိုက်ရာ တောင်ခြေမှ တဝါးဝါး တဟားဟားဖြင့် အော်ရယ်နေသော တောင်ပျော်ညီအစ်ကိုလူကို တွေ့မြင်နေရလေတော့သည်။

'ဗျို…သိုင်းသမားလူစွမ်းကောင်းကြီးရေ့ မကြာမီ ရေခဲရိုက်ထားပြီးသား မင်းရဲ့အလောင်းကောင်အတွက် ငါဆုတောင်းပေးထားလိုက်ပါမယ်'

'ဟား-ဟား-ဟား-ဟား'

ချင်ရိမှာ ခပ်သဲ့သဲ့သာ ကြားနေရသော စကားများကြောင့် အလွန်ဒေါသထွက်နေမိသော်လည်း မည်သို့မှမတတ်နိုင်တော့လေပြီဖြစ်သည်။ တောင်ထွတ်နှင့် တောင်ခြေကား အလွန်မှပင် ကွာလှမ်းသောအနေအထား ဖြစ်နေခဲ့ရပြီ။

'ဟား-ဟား-ဟား-ဟား-တောင်ပျော် ညီအစ်ကိုလေးဖော်မှာတောင် ကျုပ်က အပါးနပ်ဆုံးမို့ ခင်ဗျားရဲ့ရှိက်ချက်ကို အနည်းဆုံး ခံလိုက်ရတယ် ဘာဖြစ်လို့လဲဆိုတော့ အနီးဆုံးမှာရှိတဲ့ လူရဲ့ခန္ဓာကိုဆွဲကာ တွန်းကာလိုက်လို့ပေါ့ဗျာ၊ ဟား-ဟား-ဟား-ဟား....ပြီးတော့ သေချင်ယောင်ဆောင်နေလိုက်တယ်၊ ဒါကြောင့်လဲ ခုထိ ကျုပ်အသက်ရှင်ရပ်တည်နေနိုင်ခဲ့တာပေါ့၊ ခုတော့ မင်းကိုတောင် လက်စားချေနိုင်ခဲ့တာ၊ ငါ့ရဲ့ဦးနှောက်ကြောင့်ကွ'

'ဟား-ဟား-ဟား-ဟား'

သူက ညီအစ်ကိုလေးဖော်တွင် အငယ်ဆုံးနှင့် အကောက်ကျစ်ဆုံးသူတစ်ဦးသာ ဖြစ်သည်။ ထို့ကြောင့်လည်း သူ့အား 'တောင်ပျော်မြေခွေး'ဟု ခေါ်ဝေါ်ကြခြင်းဖြစ်၏။

သူက ချင်ရိအပေါ် အနိုင်ရရှိလိုက်သဖြင့် အလွန်ပျော်နေခဲ့သည်။ နေလုံးက မြင့်တက်နေလေပြီ သည်အချိန်ဆိုလျှင် ရေခဲများ ပျော်ဆင်းအက်ကွဲကျနေကျဖြစ်သည်။



ချင်ရိအဖို့ လွတ်မြောက်စရာလမ်းမမြင် အဘယ်ကြောင့်ဆိုသော် တောင်ထွတ်မှ ရေခဲများမှာ လမ်းတစ်လျှောက်ဆုံတွေ့ရသော အရာဝတ္ထုများအား တောင်ခြေရောက်သည်အထိ တိုက်ချလာကြမည်ဖြစ်သောကြောင့်ပင်။

'ဟား ဟား ဟား'

'ဟား ဟား ဟား'

သူက ကျယ်လောင်သော ရယ်သံကြီးများကို ဖြစ်ပေါ်စေကာ ပဲ့တင်ရိုက်ခတ်မှုဖြင့် နှင်းများကို ပြိုစေသည်၊ ရေခဲများကို အက်ကွဲစေခဲ့သည်။

သူ၏ အဆက်မပြတ် ရယ်မောသံကြီးများက တောင်ပေါ်မှ နှင်းထုနှင့် ရေခဲပြင်ထုကို အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲစေခဲ့သည်။

ချင်ရိမှာ ပြိုကျလာသော ရေခဲများ၏ တဝေါဝေါအသံကြောင့် ဆောက်တည်ရာ မရအောင် ဖြစ်နေမိသည်။

သည်မျှ မတ်စောက်သော အမြင့်မှ ခုန်ချလျှင်လည်း သေဖွယ်ရာသာ ရှိတော့မည်ဖြစ်သည်။

●ဇီး●ခ●●

ထို့ကြောင့် ဖြိုကျလာသော နှင်းပျော်ရည်နှင့် ရေခဲ များထဲဝယ် အသက်သာဆုံး လိုက်ပါသွားဖို့သာ သူမျှော် လင့်နေခဲ့လျက် သတိနှင့် စောင့်ကြိုနေသည်။

နောက်ဆုံးတော့ နှင်းပျော်မြစ်ထဲ သူ ခုန်ဆင်းလိုက်ပါ သည်သာ အသင့်တော်ဆုံးနှင့် အသက်သာဆုံး ဖြစ်မည်ဟု တွေးကာ ရေခဲတုံးတစ်တုံးကိုဖက်ကာ နှင်းမြစ်ထဲ ခုန်ဆင်း လိုက်ပါခဲ့တော့သည်။

တောင်ထွတ်ပေါ်မှ အရှိန်အဟုန်ပြင်းစွာနှင့် တောင် အောက်သို့ စီးဆင်းနေခဲ့သော နှင်းပျော်မြစ်အတွင်း ကြီးမား သော ရေခဲတုံးများနှင့်တိုက်ရန် ရင်ဆိုင်မိသည်နှင့် သူက ပိုက် လာသော ရေခဲတုံးကို ရှေ့မှခံထားပြီး ရင်ဆိုင်ခဲ့သည်။

ထိုအခါ ရေခဲ ရေခဲချင်းတိုက်မိကြကာ သူက လွင့်စင် သွားခဲ့၏။ တဖန် မျောပါလာသော ရေခဲတုံးအား ပြန်လည် ဖမ်းယူလျက် ပွေ့ထားရပြန်သည်။

သည်လိုနှင့် ချင်ရိသည် တောင်ခြေရှိ အိုင်တစ်အိုင်သို့ ဖျတ်စ်ကောင်အသွင် ကျရောက်သွားခဲ့လေတော့သည်။

* * *



ဂူတတိယဂိုဏ်း

'ဗွမ်း....'
'အမလေး....'
'ဟဲ....ဟဲ....'
'ဘာကြီးလဲကွယ့်....'

နှင်းတောင်ပေါ်မှ ပျော်စီးကျလာသည့် နှင်းရည်များမှာ တောင်ခြေရှိ အိုင်တစ်ခုအတွင်းသို့ တောင်ကျရေအဖြစ် စီး ဆင်း၏၊

ထို့ကြောင့် ထိုနှင်းပျော်စီးကြောင်းအတိုင်း မျောပါ လာသည့် ချင်ရိမှာ တောင်ခြေရှိ ထိုအိုင်အတွင်းသို့ ထိုးကျ ရောက်သွားခဲ့ခြင်း ဖြစ်သည်။

'ဒါနဲ့ မင်းတို့သခင်မကြီးဆိုတာ ဘယ်မှာလဲ'

'ဟောဟို တောင်ပေါ်မှာရှိတယ်'

'သူနဲ့ငါတွေ့ချင်တယ်၊ တွေ့လို့ရမလား'

မိန်းမပျိုနှစ်ဦးက တစ်ဦးကိုတစ်ဦး မော့ကြည့်လိုက်ကြသည်။

ထို့နောက် ခေါင်းရမ်းပြကြသည်။

'သခင်မကြီးဆီ ရှင့်ကိုခေါ်သွားရင် ပြန်လွှတ်မှာ မဟုတ်တော့ဘူး'

'ပြန်မလွှတ်လို့ ဘာလုပ်မှာလဲ'

'သတ်ပစ်မှာပေါ့'

'ဟာ....သူသတ်ချင်တိုင်း သတ်လို့ဘယ်ရမလဲ၊ ငါ့မှာလဲ ခြေနဲ့လက်နဲ့ပဲ'

'ဒါပေမယ့် ရှင်မနိုင်ဘူး၊ အင်းလေ ရှင်မှမဟုတ်ပါဘူး၊ ဘယ်သူမဆို သခင်မကို အနိုင်မရနိုင်ကြဘူးရှင့်'

'ဘာဖြစ်လို့လဲ'

'သခင်မက တန်ခိုးရှိတယ်၊ လူတစ်ယောက်ကို သေစေနိုင်တယ် ရှင်စေနိုင်တယ်ရှင့်'





ချင်ရိက မျက်ခုံးနှစ်ဖက် မြင့်တက်သွား၏။ ထို့နောက် ပြောလိုက်မိသည်။

'သေစေနိုင်တာက မဆန်းပါဘူး၊ တစ်ယောက်ကို တစ်ယောက် သတ်ဖြတ်နေကြပြီပဲ၊ အဲ–ရှင် စနိုင်တယ် ဆိုတာတော့ ထူးခြားတယ်၊ ရှင်စေတယ်ဆိုတာ ဘာကို ပြောတာလဲ'

'သခင်မကြီးဆီမှာ ရောဂါဝေဒနာမျိုးစုံကို ပျောက်စေနိုင်တဲ့ ဆေးဝါးပစ္စည်း ရှိတယ်'

'အင်း.... အတော့်ကို ထူးဆန်းတာပဲကွ၊ အေးလေ ဒီလို နေရာမှာ ရေခဲပွင့်လို အပင်တွေရှိနေမှတော့ ဝေဒနာဆိုတာ ခက်တာမှတ်လို့'

ထို့နောက် ချင်ရိသည် အကြံတစ်ခု ရလာပြီး ရေထဲ ထိုင်ချလိုက်သည်။ ပါးစပ်ကလည်း ညည်းညူလိုက်ပြန်သည်။

'အ–အ– လုပ်....လုပ်ပါဦး၊ ငါ့–ငါ့ဗိုက်တွေ ပေါက်....ပေါက်ထွက်တော့မယ်'

ချင်ရီက ရေထဲတွင် ဗိုက်ကိုနှိပ်ကာ ပြုံးတူးပြတဲ့ဖြင့် အော်ဟစ်ညည်းတွားလိုက်သည်။

ထိုအခါ မိန်းမပျိုနှစ်ဦးသည် ထိတ်ထိတ်ပြာပြာ ဖြစ်သွားပြီး သူ့အား ကြောင်ကြောင်နားနား မေးမြန်းရှာကြသည်။

'ရှင်....ရှင် ဘာဖြစ်တာလဲဟင်'

'ကျွန်....ကျွန်မတို့ ဘာလုပ်ပေးရမလဲ ပြောပါနော်'

'ငါ....ငါ့ဗိုက်ထဲမှာ ထိုးပြီးအောက်နေတယ်၊ အတွင်းဒဏ်ရာ ရထားလို့ ငါ....ငါ သေရတော့မယ်ထင်တယ်'

'ဟင်– ဒုက္ခပါပဲ ရှင်သေတော့မယ် ဟုတ်လား'

'ဟုတ်တယ်'

မိန်းမပျို နှစ်ဦးစလုံး မျက်နှာပျက်သွားကြတော့သည်။

'ရှင်...ရှင် မသေရဘူး ရှင့်ကို သခင်မကြီးဆီ ခေါ်သွားပေးပါ့မယ်'

'သူက သတ်ပစ်မယ်ဆို'

ချင်ရီက သွေးတိုးစမ်း မေးမြန်းလိုက်သဖြင့်–





'လောလောဆယ် မသတ်သေးပါဘူး၊ ရှင့် ဒဏ်ရာကို ကုသပေးဦးမှာပေါ့'

ရှုဝါက သူမ၏ ထင်မြင်ချက်ကို ပြောသည်။

'အို.... မမရှုဝါကလဲ သခင်မကြီးဆီ ခေါ်မသွားပါနဲ့၊ သူ့ကို ကျွန်မတို့ ပိုင်ဘာပဲ၊ ကျွန်မတို့ အရင်တွေ့တာ မဟုတ်လား၊ သူ မသေအောင် ကျွန်မတို့ဘာသာ ကုမှာပေါ့'

ချင်ရီလည်း သူမတို့၏ စကားအသွားအလာကို ကြည့်ပြီး ပြောလိုက်ရ၏။

'ဒါ....ဒါဖြင့် ရေခဲပွင့်ကို ရအောင်ရှာကြပါ၊ ကျုပ်....ကျုပ် အဲဒီအပင်နဲ့ ပျောက်တယ် နို့ဖြစ်ဆို ကျုပ် သေရတော့မယ်၊ သေတော့မယ်'

ချင်ရီက လူးကာ လွင့်ကာနှင့် မချိမဆန့် အော်ဟစ်ပြလိုက်ရာ သူမတို့ခမျာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်ကြတော့သည်။

ထို့နောက် သူတို့နှစ်ယောက်မှာ ချင်ရီအား ရေအိုင်ထဲမှ ကုန်းပေါ်သို့ ဆွဲတင်ကြသည်။

ချင်ရီက သူမတို့အား မကြည့်ရဲသဖြင့် နာကျင်ဟန်နှင့် မျက်လုံးအစုံကို စုံမှိတ်ထားခဲ့၏။ သို့သော် သူမတို့နှစ်ဦး၏ စကားသံကို သူ ကြားနေရသည်။

'မမရွှေဝါ ရေခဲပွင့် သွားဆွတ်လေ ကျင့်ဖို့ သူ့ကို စောင့်နေမယ်'

အို....ညည်းက အငယ်ပဲ နင်ပဲသွားခူးလိုက်ပါဟယ်၊ ငါ သူ့ကို ပြုစုလိုက်ပါ့မယ်'

'ဟင့်အင်း မမရွှေဝါသွား'

'ကျင့်ဖို့ပဲ သွားလိုက်ကွယ်'

သူ သွား ငါသွားနှင့် မိန်းမပျိုနှစ်ဦးမှာ ငြင်းခုန်နေကြတော့သည်။

ချင်ရီနှင့်နေခဲ့ချင်သူချည်း နှစ်ဦးစလုံး သွားပြန်လျှင်လည်း ချင်ရီအား စိတ်မချနိုင်။ သို့ဖြင့် နှစ်ဦးသဘောတူ ချင်ရီရှေ့ ရပ်လိုက်ကြ၏။

ထို့နောက် ချင်ရီ လက်နှစ်ဖက်မှာ မည်သည့်လက်နှင့် ထိထိ၊ ထိခံရသောသူက ရေခဲပွင့် သွားဆွတ်ရမည်ဟု သဘောတူလိုက်ကြ၏။ ချင်ရီကိုလည်း ပြောသည်။





'ရှင် မျက်စိမှိတ်ရင်း လက်နဲ့ စမ်းသပ်လိုက်နော် ရှင့် လက်နဲ့ ထိကိုင်မိတဲ့လူဟာ ရေခဲပွင့် ဆွတ်ရမယ့်တာဝန် ယူ ရမယ်'

ချင်ရီ မျက်စိမပွင့်ဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်မိ၏။ မျက်စိဖွင့်လိုက်လျှင် သူ မည်သည့် အရာများကို မြင်တွေ့ရ မည်ကို သိရှိနေသောကြောင့် ဖြစ်၏။

သူတို့နှစ်ဦးက တိတ်ဆိတ်စွာ ရပ်လိုက်သည်။

ချင်ရီက လက်နှင့် စမ်းလိုက်၏။

'အို....'

မိန်မပျိုတစ်ဦး၏ တုန်ယင်သွားသော အသံကို ကြား လိုက်သကဲ့ သူ၏ လက်သည်လည်း အကြောလိုက်သွားသူနှယ် ဆတ်ခနဲ ပြန်ရုပ်လိုက်မိ၏။

မို့မောက်လုံးဝန်းသော အရာအား သူ့လက်ဖဝါးက သွားရောက် ထိကိုင် စမ်းသပ်လိုက်မိခြင်းကြောင့် ဖြစ်သည်။

ချင်ရီမှာလည်း ရင်ထဲ၌ တဒိန်းဒိန်း ခုန်သွားခဲ့လေသည်။ အားခေါင်တွေ ချောက်ကပ်သွား၏။ နှုတ်ခမ်းများလည်း တုန် ယင်သွားသည်။

မမရှုဝါ သွားရမယ်နော်’

‘အေးပါဟယ်၊ ငါ သွားပါ့မယ်၊ ငါ ရင်တွေ ခုန်လွန်းလို့ပါ ကျင်ပို့ရယ်၊ နင် စမ်းကြည့်စမ်း၊ ဟယ်....’

အို....ဟုတ်ပါရဲ့၊ မမရှုဝါရယ်၊ အဲဒါဘာဖြစ်တာလဲဟင်’

‘မသိဘူးလေ၊ ငါ့စိတ်ထဲမှာ တစ်မျိုးချည်း ကျင်ပို့ရယ်၊ နင် သူ့ကိုကြည့်ထားနော် ငါ ချက်ချင်း ပြန်လာမှာ’

‘စိတ်ချပါ မမရှုဝါ၊ ကျွန်မမျက်စိအောက်က အပျောက်မခံပါဘူး ခစ်–ခ–ခစ်–ခစ်–’

အငယ်မကျင်ပို့က သူ့စကားသူသဘောကျပြီး တခစ်ခစ်နှင့် ရယ်မောနေသည်။

‘ကဲ–ငါ သွားမယ် ကျင်ပို့၊ သူ ပျောက်သွားရင် နင်အသေပဲနော်’

‘စိတ်ချသွားစမ်းပါ မမရှုဝါရယ် ကျွန်မအသက်နဲ့ လဲဖို့ ဆုံးဖြတ်ထားပြီးသားရှင့်’

ထို့နောက် ရှုဝါဆိုသော မိန်းမပျို၏ ထွက်ခွာသံကို ကြားရသည်။ ကျင်ပို့က သူ့အနီး၌ကပ်ပြီး လာရောက်ထိုင်သည်ကို သိသည်။



သူမ၏ ကိုယ်ခန္ဓာ အစိတ်အပိုင်းအချို့ သူ့အသားနှင့် လာရောက်ထိကပ်သဖြင့် ခုထိ သူကလေးမှာ အဝတ်အစား မကပ်သေးကြောင်း သိရသည်။ ထို့ကြောင့် သူက တစ်မျိုး ကြံရပြန်သည်။

သူမက ချင်ရိ အောင့်သည်ဆိုသောဗိုက်ကို စမ်းသပ်သော အခါ သူမ၏ အသားစိုင်အချို့က ချင်ရိ၏ နပူးနှင့်မျက်နှာကို လာရောက်ထိကပ်သည်။ ထို့ပြင် သူမ၏ ကိုယ်သင်းရနံ့မွှေးပျံ့ပျံ့ကိုလည်း ရှူရှိုက်မိရသည်။

‘မင်းအသားတွေက သိပ်အေးတာပဲ၊ ငါ့ကိုထိရင် ဗိုက်က ပိုအောင့်တယ်ကွ’

‘အို....ဟုတ်လား၊ ဒါ–ဒါဖြင့် ကျွန်မ အဝတ်အစား ဝတ်လိုက်မယ်နော်’

‘အင်း....’

ချင်ရိ ဝမ်းသာသွားလေသည်။ သူ၏ ပရိယာယ်ပြုသည်က အောင်မြင်သွားသောကြောင့် ဖြစ်သည်။

သူမ အဝတ်အစားများ ဝတ်ဆင်နေသံ ကြားရသဖြင့် သူ မျက်စိဖွင့်ကြည့်၏။

မိန်းကလေးက မိုးပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားလိုက်သောအခါ ယဉ်ကျေးသည့်အလှကြောင့် ရေထဲမှအလှထက် ပို၍အကြည့်ခံ၏။ သူက မိန်းမငယ်ကို ကြည့်မိသည်။

ထိုအခါ သူ့အား ကယ်တင်ခဲ့ရှာသည့် မိန်းမပျိုနှင့် ဆင်ဆင်တူလာသလို ရှိသည်။

'မင်းတို့မှာ တခြားအရပ်ရောက်နေတဲ့ ညီမတွေများ ရှိလားဟင်'

'ရှိတာပေါ့၊ ရှင်တွေ့ခဲ့လို့လား'

'အင်း....မင်းနဲ့ ဆင်တူတဲ့မိန်းကလေး လမ်းမှာတွေ့ခဲ့လို့'

'ဒါဆို ကျွန်မနဲ့ မမရှုဝါအကြား ကျွန်မအထက်က မေအိန်းဖြစ်လိမ့်မယ်၊ သူ့ကို သခင်မကြီးက အပြစ်ပေးထားတယ်'

'အို....ဘာဖြစ်လို့လဲကွယ်'

'ယောကျ်ားဆိုတဲ့အကြောင်း မေးမိလို့'

'ဟင်....မေးမိရုံတင်နဲ့ အပြစ်ပေးရသလား'



'ဟုတ်တယ် သူ့ကို သခင်မကြီးက ဝိဏ်းသားတစ်နှစ်တိတိထုတ်ပယ်ထားတယ်၊ နောက်ပြီး ယောကျ်ားအကြောင်း မေးတဲ့လျှာကို လဲ လိပ်ပြီး ချုပ်ထားလိုက်သေးတယ်၊ ဒါကြောင့် ကျွန်မရဲ့ အစ်မလတ် မေအိန်းဟာ တနှစ်တိတိ စကားပြောနိုင်မှာ မဟုတ်ဘူးရှင့်'

'ဩော်....'

ထိုမိန်းကလေး၏ မျက်နှာလေးကို ချင်ရိ မြင်ယောင်နေမိသည်။ သူနှုတ်ဆက်သောအခါ ပြန်လည်နှုတ်ဆက်ချင်ရှာသည့် သူမ၏ မြင်ကွင်းပုံရိပ်က သူ့တစ်သက် မေ့နိုင်စွမ်းရှိတော့မည်မဟုတ်ပေ။

သူမ၏ သူ့နဖူးအား ညင်သာစွာထိနမ်းခဲ့သည့်အပြုအမူကိုလည်း သူ သတိရနေတော့မှာ ဖြစ်သည်။

'ဩော်....မေအိန်း....မေအိန်း'

သူက တိုးဖွစွာ ရေရွတ်လိုက်မိသည်။

'သူ့ကို ရှင် ဘယ်မှာတွေ့ခဲ့တာလဲဟင်'

'ဒီနှင်းတောင်ကြီးရဲ့ ဟိုဘက်ခြမ်း တောင်ခြေမှာပဲ'

'ဒါဆိုရင် ရှင့်ကို သူအရင်တွေ့ခဲ့တာပေါ့နော်'

'အင်း....'

ကျင်ပို့၏ မျက်နှာလေးမှာ ညှိုးလျော်သွားသည်ကို ချင်ရီ သတိပြုမိ၏။

'ဘယ်လို တွေ့ကြတာလဲဟင်'

'ခုလိုပဲပေါ့ အဆိပ်တက်ပြီး အိုင်ထဲကျနေခဲ့တာပဲ သူက ငါ့အသက်ကို ကယ်တင်ခဲ့တယ်'

'ဩော်....ယောကျ်ားတွေအကြောင်း သိချင်လွန်းလို့ မေးမိတဲ့ မေအိန်း သူပဲ အရင်ဆုံး သိလိုက်ရတယ်နော်'

ကျင်ပို့က သူ့ဘာသာပြောသလိုလိုနှင့် ရွှတ်နေရှာသည်။

ပြီးတော့ ရုတ်တရက် သူ့အား ရွှတ်ခနဲ နမ်းရှုံ့လိုက်ခါ ပြော၏။

'ရှင့်ကို ကျွန်မတို့ မပိုင်တော့ဘူး၊ မေအိန်းပဲပိုင်တယ်'

ချင်ရီမှာ မျက်နှာဝယ် ထူပိန်းလျက် ကြောင်အန်းအန်း ဖြစ်သွားရတော့သည်။

'ဘာပဲဖြစ်ဖြစ် ရှင်ဟာ ကျွန်မတို့ ညီအမရဲ့ ဘဝပါပဲ'





'ဟင်....'

ချင်ရီ သက်ပြင်းကိုသာ ချလိုက်ဖြစ်သည်။ မည်သို့မှမတုန့်ပြန်ဘဲ တိတ်ဆိတ်စွာနေ၏။

'သခင်မကြီးသာသိရင် ကျွန်မတို့ ညီအစ်မကို ဂိုဏ်းသားက ရပ်ပစ်မှာ သေချာတယ်'

'မင်းတို့ဂိုဏ်းက ဘာဂိုဏ်းလဲ'

'ဂုတ္တိယဂိုဏ်းပါ မိန်းမချည်းပဲရှိတယ်၊ ဘယ်သူမှ ယောကျ်ားကို မတွေ့ဖူးကြဘူး၊ သခင်မကြီးက လွဲရင် ယောကျ်ားတွေအကြောင်း ဘယ်သူမှ မသိကြဘူးရှင့်'

'ဩော်....ဩော်'

ချင်ရီသည် ထူးဆန်းသည့် ဂုတ္တိယဂိုဏ်းအကြောင်း တွေးနေမိသည်။

ထို့အတူ မမြင်ဖူး မတွေ့ဖူးသည့် ယောကျ်ားဆိုသော သတ္တဝါအတွက် အပြစ်ဒဏ် ကျခံနေရရှာသည့် မိန်းကလေး မေအိန်းကိုလည်း ဝမ်းနည်းကြေကွဲစွာ သတိရနေမိသည်။

ထူးဆန်းသည့် ဂုတ္တိယဂိုဏ်း သခင်မဆိုသည့် မိန်းမကြီးကိုလည်း သူ စိတ်ဝင်စားနေမိတော့သည်။

'ရှင်—ကျွန်မတို့နဲ့ အတူတူနေမှာလားဟင်'

'ဘယ်မှာသွားနေကြမှာလဲ'

'တစ်နေရာရာမှာပေါ့၊ ကျွန်မတို့ ညီအစ်မတွေက ရှင့်ကို ကျွေးမွေးစောင့်ရှောက်မှာပေါ့'

ချင်ရိက သူမ၏စကားအား သဘောကျ၍ ရယ်နေမိသည်။

ထိုစဉ် ရှူဝါဆိုသော မိန်းမပျိုမှာ ရေခဲပွင့်အား ကိုင်လျက် လျှောက်လှမ်းလာသည်ကို တွေ့လိုက်ရသဖြင့် ချင်ရိသည် မျက်စိကိုစုံမှိတ်လျက် ပိုက်အောင့်ဝေဒနာ ပြန်လည်ပေါ်ရပြန်ပါသည်။

အဘယ့်ကြောင့်ဆိုသော် မိန်းမပျိုမှာ ယခုထက်တိုင် အဝတ်အစား မကပ်သေးသောကြောင့်ဖြစ်၏။

'အ....အ....အ....'

သူက အသံကို အနည်းငယ်မျှမြှင့်ပြီး အော်ညည်းလိုက်ရာ ရှူဝါဆိုသော မိန်းမပျိုမှာ ခပ်သုတ်သုတ် ပြေးလွှားလာရှာတော့သည်။

'ရော့–ရော့ ရေခဲပွင့်'

ချင်ရိက အငမ်းမရ လက်လှမ်းယူလိုက်မိသည်။





သို့သော် သူ့အတွက်မဟုတ်၊ ကြေလဝဲတောင်ပေါ်တွင် ဝေဒနာခံစားနေရှာသည့် နှင်းပွင့်မယ် ထိစင်လွှမ်းအတွက်ပင် ဖြစ်တော့သည်။

'မမရှူဝါ သူ့အနား မကပ်နဲ့နော်'

ကျင်ပို့၏တားမြစ်လိုက်သော စကားကြောင့် ရှူဝါဆိုသော မိန်းမပျိုမှာ အမောဆို့သကဲ့သို့ ဖြစ်သွားပြီး ကျင်ပို့အား စူးစူးဝါးဝါး စိုက်ကြည့်လိုက်၏။

'ငါက ဘာလို့မကပ်ရမှာလဲ မိကျင်ပို့ ဟင်....'

'ကျွန်မတို့ရဲ့ အဝတ်မကပ်တဲ့ အသားနဲ့ထိရင် သူ့ဗိုက်က ပိုပြီး အောက်လို့တဲ့ မမရှူဝါရဲ့၊ မြန်မြန်ဝတ်လိုက်နော်'

'အို.... ဟုတ်လား'

သည်တော့မှ ရှူဝါမိန်းမပျိုကလည်း သူမ၏ ဝတ်စုံဖြူကို ကမန်းကတန်း ဝတ်ဆင်လေတော့သည်။

ထိုအခါ ဖြူဆွတ်သော အသားရည်နှင့် ရှူဝါမှာလည်း အလွန်လှသော နှင်းတောင် မိန်းမပျိုလေး တစ်ဦးအသွင် ဖြစ်သွားလေတော့သည်။

ချင်ရိလည်း ခုမှမျက်လုံးအစုံကို ရဲရဲစံ့ပံ့ ဖွင့်ရဲကြည့်ရဲ မြင်ရဲလေတော့၏။

သူ့လက်ထဲ၌ ရေခဲပွင့်ကို ရရှိပြီးဖြစ်သဖြင့် ချင်ရိ၏ စိတ်မှာ ဝေဒနာနှင့် လိုက်ဂူထဲဝယ် လဲလျောင်းနေရရှာသည့် နှင်းပွင့်မယ်ထံသို့ အပြေးအလွှား ဝင်ရောက်ရှိနေလေတော့သည်။

သူ၏ ကျေးဇူးရှင် ညီအစ်မ ဂုတ္တိယဂိုဏ်းသားများ အတွက်မူ ကြေကွဲဝမ်းနည်းစွာ မပြုမူချင်သည့် အပြုမူကို သူ ဆောင်ရွက်ရတော့မှာ ဖြစ်သည်။

'ကျုပ် ဗိုက်ကို နှိပ်....နှိပ်ပေးကြပါဦးဗျာ'

'ညီအစ်မနှစ်ဦးမှာ ပြာပြာသလဲပင် သူ့ထံရောက်လာပြီး စိုးရိမ်စွာ ဗိုက်ကို နှိပ်ပေးကြရှာသည်။

ချင်ရိက သူမတို့၏ ပခုံးများကို သိုင်းဖက်လျက် သွေးကြောများကို သေချာတိကျစွာ ရှာဖွေ၍ ပိတ်လိုက်ရလေတော့သည်။

ရှုဝါနှင့်ကျင်ပို့တို့ ဂုတ္တိယဂိုဏ်းဝင် မိန်းမသားနှစ်ဦးခမျာ ယောကျ်ားသားတစ်ဦး၏ အလှည့်စား အဖျားယောင်းကို ခံလိုက်ရသဖြင့် မလှုပ်မယှက် ကျောက်ရုပ်များသဖွယ် နောက်တစ်နေ့ထိတိုင် ဖြစ်သွားရှာကြတော့မည်လေ။

ချင်ရိသည် မိန်းမပျိုများ၏ စေတနာနှင့် မေတ္တာကို နင်းခြေလျက် ကြေကွဲဝမ်းနည်းစွာ ထိုနေရာမှ ရှောင်ခွာခဲ့လေတော့သည်။

* * *

အပြန်လမ်း

ချင်ရိ၏ အပြန်လမ်းခရီးကား ရေခဲပွင့်အား လက်ဝယ်ပိုင်ဆိုင်ရယူလာနိုင်သည့်အတွက် နှင်းပွင့်မယ် ထိစင်လွမ်းအဖို့ ပျော်ရွှင်ဝမ်းမြောက်ဖွယ် ဖြစ်သော်လည်း ဂုတ္တိယဂိုဏ်းသားရှုဝါ၊ မေအိန်းကျင်ပို့တို့အတွက်မူ ကြေကွဲ ဝမ်းနည်းစရာနာကြည်းရှုံ့မုန်းစရာ ခရီးသာလျှင် ဖြစ်မည်ထင်၏၊

မည်သို့ဖြစ်စေ ချင်ရိကတော့ ထိုနှင်းတောင် ဒေသမှ လေဝဲတောင် အရပ်ဆီသို့ တောင်ပံရှိလျှင် အတောင်တပ်ဆင်ပျံသန်းလိုက်ချင်မိသည်။

သို့ရာတွင် သူ့၌ အတောင်ပံလည်းမရှိ။ကိုယ်ဖော့ပညာနှင့် ခရီးတစ်လျှောက်လုံး သွားလို့လည်းမဖြစ်သောကြောင့်နှင်းတောင်ဒေသမှ ပြန်ထွက်နိုင်ဖို့ပင် အတန်တန် ခရီးနှင်နေရတော့သည်။

နှင်းတောင်ခြေပတ်လည်၌ သူ့မှာတဝဲဝဲလည်နေရတော့သည်။

ဂူတ္တိယဂိုဏ်းသား ညီအစ်မများ၏ ကျိန်စာများ သင့်ပြီလားဟုပင် ထင်စရာဖြစ်လာခဲ့လေသည်။

သူ့၌ နှင်းပွင့် ရေခဲ၊ ကျောက်တုံးရေအိုင်၊ နှင်းပျော်မြစ် စသည်တို့သာလျှင် မြင်တွေ့နေရသည်။

ထိုပထဝီဝင် မြေသားကို မြင်တွေ့နေရခြင်းဖြင့် သူ့မှာ ထိုပြည်နယ် ဒေသမှ မထွက်နိုင် သေးသည်မှာ ထင်ရှားလှသည်။

သည်လို အခြေအနေဝယ် သတ္တဝါများ၏ မှတ်ဉာဏ်ကို ချင်ရိ တောင့်တမိသည်။

မြင်း၊ မြည်း၊ လား စသည့် သတ္တဝါများမှာ သွားဖူးလာဖူးသော ခရီးလမ်းများဆိုလျှင် မျက်စိလည်သည် မရှိ။ ဖြောင့်ဖြောင့်တန်းတန်း ဖြူးဖြူးမတ်မတ် ရောက်ရှိတတ်လေသည်။

ထို့ကြောင့် သူ၏ပါရမီဖြည့်ဖက် တောင်ဆိတ် ရှပ်ဆိုးလေးအား တမ်းတမိလေသည်။





ထိုစဉ်ခိုက် ခွာသံတဖြောင်းဖြောင်းကိုကြားလိုက်ရသလို ရှိသည်။

သည်အရပ် သည်ဒေသ၌ မည်သည့်ခရီးသွားများ မြင်းတစ်စီးနှင့် ခရီးနှင်နေပါလိမ့်ဟု ဟိုဟိုသည်သည် အကဲခတ် ရှာဖွေကြည့်နေစဉ်မှာပင် မြင်း သို့မဟုတ် လား၊ သို့မဟုတ် မြည်း၊ သို့မဟုတ် သတ္တဝါ တစ်ကောင်ကောင်ကို စီးနှင်းလာသော လူတစ်ဦး ဖြစ်သည်။

သူ့ထံ တန်းတန်း မတ်မတ် မရပ်မနား ဒုန်းစိုင်းနှင်လာသည်ကို တွေ့လိုက်ရသဖြင့် ချင်ရိသည် ပြန်လည်ခုခံရန်နေရာယူလိုက်သည်။

ထိုကဲ့သို့ ကြည်လင်သည့် အဆင်းရှိသည့် ရေခဲပွင့်အား အိတ်ထဲသို့ အသေအချာ သိမ်းဆည်းလျက် ရန်သူအား စောင့်ကြို နေလိုက်သည်။

ထိုအခါ အနီးသို့ရောက်လာသော သတ္တဝါအား အံ့သြစွာ ဝမ်းမြောက်စွာ ချင်ရိတွေ့ရှိရသည်။

ပါရမီဖြည့်ဖက် လေဝဲတောင် အဘိုးအို၏ တောင်ဆိတ်အလိမ္မာ သတ္တဝါအား မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ယင်းတောင်ဆိတ်က သစ္စာရှိ ကျိုးနွံစွာ သူ့ရှေ့၌ ပတပ် ရပ်လိုက်ကာ ၎င်းကျောထက်မှ သခင်ကို ခါချခဲ့လေသည်။

'ဝှန်း'

'ဟား ဟား ဟား'

သူ့ရှေ့ဝယ် ကုန်းကုန်းကွကွနှင့် တောင်ပျော် မြေခွေးသည် လူးလဲထရင်း ဖြူဖပ်ဖြူရော် မျက်နှာနှင့် ချင်ရီအား မော့ကြည့်နေရှာသည်။

'ဘယ့်နှယ်လဲ မြေခွေးရဲ့၊ ပြေးနိုင်သေးရဲ့လားကွ ဟင်'

တောင်ပျော် မြေခွေးခမျာ ဇီးရွက်ခန့်မျက်နှာလေးနှင့် အသနားခံကြည့် ကြည့်သည်။

ချင်ရီက မြေခွေးအား မုန်းတီးရွံရှာစွာ ကြည့်ရှုလိုက်လေသည်။

ကုန်းကွခနေသောမြေခွေး၏ကုပ်ပိုးအား ချင်ရီသည် လက်ညှိုးနှင့် လက်မနှစ်ချောင်းဖြင့်ညှစ်၍ ဖမ်းထားရာ တောင်ပျော်မြေခွေးသည် တအင့်အင့်တအဲအဲဖြင့် ညည်းညူ၍အော်နေသည်။



'မင်းကို သနားလို့ အသက်ချမ်းသာ ပေးလိုက်တယ်၊ မင်းက ငါ့ကိုပါ သေကြောင်းကြံတယ်၊ ဒီတစ်ခါတော့....'

ချင်ရီက ကြိမ်းဝါးပြီး ကုပ်ကိုဆွဲဖဲ့ရန် လုပ်လိုက်ရာ–

'ကျွန်....ကျွန်တော့်ကို အသက်ချမ်းသာပေးပါခင်ဗျာ၊ ကျွန်တော့် ပြစ်မှားခဲ့တဲ့အပြစ်အတွက် နောင်တရနေပါပြီ၊ ဒီနှင်းတောင်မှာလည်း ကျွန်တော် တစ်ယောက်တည်း ကျန်ပါတော့တယ်၊ ကျွန်တော် သေဆုံးတာနဲ့ နှင်းတောင်ကို စောင့်ရှောက်မယ့်သူ ဘယ်သူမှမရှိတော့ပါဘူးခင်ဗျာ၊ဆရာလေးခိုင်းချင်တာခိုင်းပါ၊ ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်....'

ချင်ရီသည် တောင်ပျော်မြေခွေး၏ စကားကြောင့် ရုတ်ခြည်း စဉ်းစားသွားမိသည်။

သူ့၌ အချိန်မရ၊ သိုင်းလောကမှာ သိုင်းလောသားများကို ထုတ်ဖော်ဖွင့်ဟ ရှင်းပြရဦးမည်ဖြစ်သည်။

သို့မှလည်း သူ့တာဝန် ကျေပြွန်မည် မဟုတ်ပါလား။

'ကောင်းပြီလေ၊ ခုတစ်ခါလဲ မင်းကို ခွင့်လွှတ်လိုက်မယ်' ဆဲဒါကြောင့်....မင်းက သိုင်းလောကမှာရှိတဲ့ သိုင်းဆရာကြီးတွေကို ဖိတ်ခေါ်ပေးပါ၊ လာမည့် တစ်လပြည့်တဲ့အချိန်မှာ

ကျောက်စိတလုံးတောင်ကို ကြွလှမ်းလာခဲ့ကြပါလို့၊ အဆိပ်လက်ဝါး စုံရှင်းဖို့ရဲ့ အဖြစ်သနစ် အမှန်တွေကို ရှင်းလင်းဖော်ထုတ်ပြသဖို့လို့ ပြောပြီးဖိတ်'

'ဟုတ်....ဟုတ်ကဲ့ပါ ဆရာလေး'

'ဒါဆို....မင်းနောက်တစ်ခါ ကတိပျက်ရင်....'

'ကျွန်တော့်ကို ကြိုက်သလို လုပ်နိုင်ပါတယ် ခင်ဗျာ'

'ဟုတ်ပြီ–ကျုပ်သွားမယ်'

ချင်ရိလည်း တောင်ဆိတ်ရုပ်ဆိုးအားစီးနင်းကာ တောင်ပျော်မြေခွေး အနီးမှထွက်ခွာလာခဲ့သည်။

ချင်ရိ ထွက်ခွာသွားသည်နှင့် တောင်ပျော် မြေခွေးသည် မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပါတော့သည်။

'အင်း....ကျောက်တစ်လုံးတောင်ဟာ မင်းရဲ့ ခန္ဓာကိုယ်ပါ ပျောက်သွားနိုင်တယ်ဆိုတာ မင်း သိဖို့ ကောင်းတယ် ချင်ရိ၊ အဲဒီအချိန်မှာ မင်းကို လက်စားချေကြမယ့် သိုင်းထိပ်သီး ဆရာကြီးတွေလဲ စောင့်ကြို နေကြလိမ့်မယ်ကွ၊ သိလား ဟား ဟား ဟား'

တောင်ပျော်မြေခွေး၏ ရယ်မောသံမှာ နှင်းတောင်တစ်ခုလုံး ပဲ့တင်ရိုက်ခတ်သွားတော့သည်။

• • •



ချင်ရိသည် သူကိုယ်တိုင်မမှတ်မိသော အပြန်လမ်းအား တောင်ဆိတ်ရုပ်ဆိုးက မှတ်မှတ်ထင်ထင် ပြေးနှင်နေသောကြောင့် အံ့အားသင့်နေမိလေသည်။

တောင်ဆင်းတောင်တက်လည်း ကျွမ်းကျင်နိုင်နင်းသောကြောင့် ခရီးတွင်လျက်ရှိ၏။

'ကျေးဇူးပါပဲ ရုပ်ဆိုးရယ်၊ မင်းနဲ့သာ ငါမတွေ့ရင် ဒီနှင်းတောင်တစ်ဝိုက်မှာ တဝဲလည်လည် နေရဦးမှာကွ'

သူက တောင်ဆိတ်၏ လည်ဆံမွေးကို ယုယကြင်နာစွာ သပ်လျက် အားပေးပြောကြားလိုက်သည်။

တောင်ဆိတ်ကား သခင်၏ ဆန္ဒကို သိသည့်အလွား ယခင်ကနှင့်ပို၍ မြန်သောပြေး နှုန်းဖြင့် ပြေးနှင်လျက်ရှိတော့သည်။

သို့ဖြင့် နှင်းတောင်ကြီးမှာ တဖြေးဖြေး ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့လေတော့သည်။

သည်လိုနှင့် လေစဲတောင်ခြေသို့ သူတို့ ဆိုက်ရောက်လာကြလေသည်။ သို့သော် တောင်ဆိတ်မှာ ဆက်လက်ပြေးနှင်နေဆဲရှိ၏။

သူတို့ စတင်ထွက်ခွာလာခဲ့သော တောင်ပေါ်မှ လှိုက်ဂူရှေ့ ရောက်မှ ရပ်တန့်လေလည်။

'အင်မတန်မှ ဉာဏ်ကောင်းတဲ့ကောင်ပဲကွ'

ချင်ရိသည် ကျေးဇူးတင်စွာဖြင့် တောင်ဆိတ် မုဆိတ်မွေးကို သပ်ပေးလျက် ချီးကျူးလိုက်မိသည်။

လှိုက်ဂူရှေ့မှ သူတို့၏ အသံကိုကြားသဖြင့် ဂူထဲမှ အဘိုးအိုနှစ်ဦး ထွက်လာကြ၏။

လေပြင်းသခင် တန်ချူကွန့် အဘိုးအိုနှင့် အခြားဝတ်စုံနက်ဝတ်ဆင်းထားသည့် အဘိုးအိုတစ်ဦး ဖြစ်လေသည်။

ထိုအဘိုးအိုမှာ အရပ်ပုပြတ်ပြတ်နှင့် မျက်နှာဝိုင်းဝိုင်းတို့ ရှိ၏။

'ဟော....မင်းတောင် ပြန်လာပြီကိုး'

'ဟုတ်ကဲ့....ရေခဲပွင့် ကျွန်တော် ယူဆောင်လာခဲ့ပါတယ်'

အရပ်ပုပုနှင့် အဘိုးအိုမှာ ချင်ရိအား စူးစူးစိုက်စိုက် ကြည့်နေသည်။ ထို့နောက် နှုတ်မှလည်း မှတ်ချက်ချပြန်သည်။





'အင်း....သိုင်းသမားကောင်းတစ်ဦးရဲ့ အဆက်အပေါက်ပဲ ဒါကြောင့်လဲ ကျုံးစန်းဂိုဏ်းချုပ် ကျင်းရှောင်ရှိကို အနိုင်တိုက်ခဲ့တာဖြစ်မယ်ဗျ'

'ဒါတော့ တိုက်ကြည့်မှ သိမှာပေါ့ဗျာ....ဟဲ....ဟဲ'

လေပြင်းသခင် တန်ချူကွန့်က ချင်ရိထံမှ ရေခဲပွင့်ကိုလည်းယူရင်း ပြောမြွက်၏။

'သူက မင်းနဲ့တွေ့ဖို့ တိဗက်က ရောက်လာခဲ့တဲ့ သိုင်းဆရာကြီးပဲ၊ ကျုံးစန်းလျှိမှာ မင်းကြောင့် သူ့တပည့်တစ်ဦး သေဆုံးခဲ့ရတဲ့အတွက် မင်းထံက သွေးကြွေးယူဖို့ပဲ 'ဟိမဝန္တာ အုတော့လ အဘိုးအိုလို့ ခေါ်တယ်'

'ဟုတ်ကဲ့ ...'

ချင်ရိသည် ထိုအဘိုးအိုအား စိတ်လေးလံစွာဖြင့် အရိုအသေပေးလိုက်ရသည်။ ဗူးလေရာ ဖရုံလာဆင့်သည့် အဘိုးအိုပေပဲ။

'ဒါဖြင့် ကျွန်တော်က ဘာကို အလုပ်လုပ်ရမှာလဲခင်ဗျာ'

ချင်ရိက မကျေမချမ်းဖြင့် မေးမြန်းလိုက်ရာ–

'ဟော…မင်းကောင်မလေးကို အရင် ကုသရမှာပေါ့ကွ၊ စိတ်မပူပါနဲ့ကွ ရေခဲပွင့်တောင် ရခဲ့တဲ့ဟာ'

ထို့နောက် လေပြင်းသိုင်းသခင် တန်ချူကွန့်သည် ရေခဲပွင့်နှင့် အခြား သူ့၌ရှိသော ဆေးအချို့ကို ရောနှောခါ နှင်းပွင့်မယ်၏ နှလုံးလေဟပ်သော အတွင်းဒဏ်ရာကို လျင်မြန်စွာ ကုသပေးလေသည်။

ချင်ရီမှာ စိတ်လှုပ်ရှားစွာဖြင့် ထိစင်လွမ်၏ အပြစ်ကင်းသော ဖြစ်မျိုးမှည့်မထင် မျက်နှာလေးကို ငေးမောကြည့်ရှုနေခဲ့မိ၏။

သူမ အသက်ရှင် ရပ်တည်နိုင်ဖို့ သူ၏ကြိုးစားလှုပ်ရှားမှုများက အောင်မြင်ရန် နီးကပ်နေခဲ့ပြီ မဟုတ်ပါလား။

မကြာမီ နှင်းပွင့်မယ်၏ မျက်တောင်နက်နက်ကော့ကော့လေးများမှာ ငြိမ်သက်နေရာမှ လှုပ်လာသည်ဟု ချင်ရီ ထင်မိသည်။

'ဟော…ဟော…လှုပ်…လှုပ်…လှုပ်လာပြီ'

သူ၏ စိတ်လှုပ်ရှားသော အမူအရာကို ကြည့်ရှုလျက် အတိုးအို နှစ်ဦးမှာ ဦးခေါင်းကို ညိတ်လိုက်ကြသည်။





'မင်းကောင်မလေး စိုးရိမ်စရာ မရှိတော့ပါဘူးကွ သူ သက်သာတာနဲ့ မင်း လိုက်ဂူအပြင်ထွက်ခဲ့ပေါ့၊ တို့များစောင့်ကြည့်နေကြမယ်'

လေပြင်းသခင် တန်ချူကွန့်က သူ၏ကတိအတိုင်း တစ်ခုပြီးတစ်ခု ဆက်လက်ဆောင်ရွက်နေခဲ့ပြီ ဖြစ်သည်။

'ဟုတ်ကဲ့ပါခင်ဗျာ'

'ကဲ…ဟိမဝန္တာ အုတေ့လ ကျုပ်က အရင်လူဆိုတော့ ကျုပ်ကို အရင်တိုက်ခွင့် ပေးရမယ်ဗျို့'

'ဒါကတော့ ထုံးစံအတိုင်းပေါ့ တန်ချူကွန့်ရယ်'

အတိုးအိုနှစ်ဦးမှာ ဂူအပြင်သို့ ထွက်ခွာသွားကြလေသည်။

ချင်ရီသည် နှင်းပွင့်မယ် ထိစင်လွမ်အား မလှုပ်မယှက် စောင့်ကြည့်နေမိ၏။

သူမက မျက်တောင်ကို တဖျပ်ဖျပ်ခတ်လျက်ဖွင့်လာသည်။

လက်ဖျားခြေဖျားတို့သည်လည်း တဖြေးဖြေးလှုပ်လာ၏။ သူမအဖို့ ပထမဦးဆုံး စတင်မြင်လိုက်သူမှာ ချင်ရီဖြစ်သည်။

သူ့အားမြင်လိုက်သည်နှင့် သူမက ဆတ်ခနဲ ထိုင်လိုက်သည်။

'အစ်ကိုချင်ရီ....အစ်ကိုချင်ရီ'

ထို့နောက် သူ၏ရင်ခွင်ထဲသို့ တိုးဝင်လိုက်ပြန်သည်။

ချင်ရီက အလိုက်သင့် ပြန်လည်ဖက်ထားလိုက်မိ၏။

သူ၏ စိတ်အစဉ်၌ သူ့ရှေ့ဝယ် ရင်ဆိုင်ရမည့် အဆင့်မြင့် သိုင်းဆရာကြီးများ ဖြစ်သည့် အဘိုးအို နှစ်ဦးထံ စိတ်က ရောက်နေသည်။

သူနိုင်လျှင် အကြောင်းမဟုတ်သော်လည်း သူရှုံးပါက ထိစင်လွှမ်အတွက် သူက စိုးရိမ်ပူပန်နေမိသည်။

ထို့ကြောင့် သူ၏မျက်နှာမှာ ပူပန်မှုဖြင့် တည်ငြိမ်နေခဲ့၏။

ထိုသို့ ချင်ရီ၏ မျက်နှာတွင် ဝမ်းမြောက်ပျော်ရွှင်သည့် အမူအရာ မတွေ့ရသဖြင့် ထိစင်လွှမ်မှာ စိတ်ထဲ၌ နာကျင်သွားခဲ့ရလေသည်။

သူမကမူ ဝေဒနာမှာ သတိရလျှင်ရချင်း ချင်ရီအား တွေ့မြင်လိုက်ရသောအခါ အလွန်မှပင် ဝမ်းသာပျော်ရွှင်ခဲ့မိ၏။

သူမအဖို့ ချင်ရီ၏မျက်နှာသည် ပျော်ရွှင်မှု၊ ကြည်နူးမှု၊ အားတက်မှု 'မျှော်လင့်မှုများ ပေးစွမ်းသည်ဟု နားလည်ထားသည်။





ချင်ရီအဖို့၌ သူမ၏ မျက်နှာသည် မျှော်လင့်မှု အားတက်မှုများ မရှိသည့်တိုင် ပျော်ရွှင်မှု ကြည်နူးမှုလေးတော့ ရှိသင့်သည်ဟု ထင်၏။

ခုတော့ ချင်ရီသည် သေလောက်သည့် ဒဏ်ရာဝေဒနာမှ ပြန်လည် ပျောက်ကင်းသက်သာလာသည့် သူမအား တွေ့ဆုံရတွင် မလှုပ်မယှက် ကျောက်ရုပ်တစ်ခုအသွင် ရှိနေခဲ့လေသည်။

'အစ်ကိုချင်ရီ ကျွန်မဝေဒနာပျောက်ကင်းလာတာ ဝမ်းမသာဘူးလားဟင်'

'ဩော်....နှင်းပွင့်မယ်ရယ်'

သူက ထိုသို့သာ ညည်းညူလျက် သူမအား ရင်ခွင်ထဲမှ တွန်းဖယ်ကာ လှိုဏ်ဂူရှေ့သို့ ထွက်လာခဲ့လေသည်။

ချင်ရီ၏ အပြုအမူကြောင့် ထိစင်လွှမ်မှာ မျက်ရည်များ ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာလျက် ငူငူငိုင်ငိုင်ကြီး ရပ်နေမိ၏။

ချင်ရီသည် လှိုဏ်ဂူရှေ့ကွက်လပ်၌ သူ့အား စောင့်မျှော်နေသည့် သိုင်းဘိုးအေကြီး နှစ်ဦးထံသို့ လျှောက်လှမ်းသွားလေသည်။

'ကဲ....သူငယ် တို့များ စလိုက်ကြရအောင်ကွယ့်'

'ဟုတ်ကဲ့'

လေပြင်းသခင်တန်ချူကွန့်သည် လေဝဲများ ပက်ပက်လည် တိုက်ခတ်နေသည့် ကွက်လပ်၌ ရပ်လျက် စိန်ခေါ် လိုက်သဖြင့် ချင်ရိသည်လည်း သူ့ရှေ့မှရပ်ပြီး အသင့်ပြင်လိုက်၏။

အတိုးအိုက လက်ဝါးနှစ်ဖက်ဖြင့် ဖြန့်ကာ ရှေ့တိုး နောက်ဆုတ် လှုပ်ရှားလိုက်ရာ လေတိုးသံများ တရှူးရှူး မြည်ညံသွားခဲ့၏။

ချင်ရိကလည်း လက်ဝါးနှစ်ဖက်အား ရင်ဘတ်ရှေ့၌ ကာလိုက်ပြီး အတွင်းအားတို့ကို စုစည်းလိုက်သည်။

ထိုစဉ် လေပြင်းသခင် တန်ချူကွန့်၏ လက်ဝါးရိုက်ချက်က အရှိန်ပြင်းထန်စွာ ချင်ရိထံ ရောက်ရှိလာခဲ့သည်။

ချင်ရိက မိစ္ဆာသိုင်းကွက်ဖြင့် ကာလိုက်ရ၏။

'ဝုန်း'

'ဖတ်'

နှစ်ဦးစလုံး နောက်ထက်သို့ ယိမ်းယိုင်လျက် လန့်ကျ သွားခဲ့သည်။



ချင်ရိ၏ကိုယ်ခန္ဓာမှာ လေပြင်းတစ်ခု အရှိန်အဟုန်နှင့် ဆောင့်တိုက်ခံရသည်သို့ တုန်ခါလှုပ်ခတ်သွားခဲ့သည်။

လေပြင်းသခင်၏ သိုင်းစွမ်းအား ချင်ရိ အံ့အားသင့်သွားခဲ့၏။

လေပြင်းသခင်၏ လေသိုင်းဒဏ်ချက်ကို ခံလိုက်ကြရသော ကျုံးစန်း လက်ထောက် ဂိုဏ်းချုပ် ဝေါင်စန်ချောက်နှင့် သူ၏ဂိုဏ်းသားများ၏ မြင်ကွင်းကို သူ၏မျက်စိထဲမြင်ယောင် လာမိသည်။

အတွင်းခံအားမရှိသူ သိုင်းသမားအဖို့မူ သည့်ရိုက်ချက် က ချက်ချင်း သေဆုံးသွားနိုင်သော ရိုက်ချက်သာဖြစ်သည်။

လေပြင်းသခင် တန်ချူကွန့်ကိုယ်တိုင်လည်း ချင်ရိ၏ အတွင်းအားကြောင့် သူ့အား အံ့ဩလှစွာ လှမ်းကြည့် လိုက်သည်ကို တွေ့ရလေသည်။

'ကဲ....ဒုတိယအကြိမ် ရိုက်လိုက်ကြရအောင်'

သည့်တစ်ကြိမ်တော့ ချင်ရိကပင် စတင်၍ အဆိပ်လက် ဝါး ရိုက်ချက်ဖြင့် ရိုက်ချလိုက်သည်။

'ဝုန်း'

'ဖျောင်း'

သည်တစ်ကြိမ်လည်း နှစ်ဦးစလုံးနောက်သို့ လေးငါးဆယ် လှမ်းခန့် လွင့်စင်ထွက်သွား၏။

ပထမအကြိမ်ထက်လည်း ပို၍အထိနာသွားကြလေသည်။ နှစ်ဦးစလုံး ဒယိမ်းဒယိုင် ဖြစ်သွားကြသည်။

'စုံရှင်ဖုရိုက်ချက်ပဲကွယ့်'

လေပြင်းသိုင်းသခင်က ယိမ်းယိုင်နေရာမှ ရေရွတ်လိုက်သည်။

ချင်ရိ၏အတွင်းခန္ဓာအစိတ်အပိုင်းများ ပြောင်းဆန်နေခဲ့သဖြင့် ရှတ်တရက် နေသားတကျဖြစ်အောင် ချင်ရိ ပြန်လည်တည့်မတ်နေခဲ့ရသည်။

သည်တစ်ကြိမ် တန်ချူကွန့်၏ ရိုက်ချက်က ချင်ရိအား အထိနာစေခဲ့လေသည်။

နားထဲ နှာခေါင်းထဲ ပါးစပ်ထဲမှ လေတို့ကို သက်သာအောင် တစ်ဟူးဟူး မှုတ်ထုတ်နေမိသည်။

လေဝဲတောင်မှ တိုက်ခတ်နေသော လေပြင်းတို့က သူ၏ ကိုယ်ခန္ဓာထဲ ရောက်ရှိလာသကဲ့သို့ ထင်ရသည်။





တန်ချူကွန့်မှာလည်း သူနှင့်ရင်ဆိုင်ရန် အနိုင်နိုင် ကြိုးစားနေပုံရသည်။

အဘိုးအိုမှာ တစ်စုံတစ်ခုအား စိုးရိမ်ပူပန်နေသည့်အသွင်တို့ မျက်နှာဝယ် ဖြစ်ပေါ်နေခဲ့၏။

'သည်တစ်ကြိမ်တော့ နောက်ဆုံး အရှုံးအနိုင်ပဲပေါ့ဗျာ'

လေပြင်းသခင်သည် သူ့အား မတုန့်ပြန်ဘဲ အတွင်းအားတို့ကိုသာလျှင် စုစည်းနေဟန် ရှိသည်။

ဟိမဝန္တာအုတော့လမှာ သူတို့နှစ်ဦး၏ ပြင်းထန်စွာ တိုက်ခိုက်နေခြင်းအား အံ့ဩစွာ ငေးကြည့်နေခဲ့၏။

လိုဏ်ဂူတွင်းမှ နှင်းပွင့်မယ်သည်လည်း အပြင်ဖက်မှ တိုက်ခိုက်နေသည့်အသံများကို ကြားနေရသဖြင့် ဂူပြင်သို့ ထွက်လာခဲ့၏။

ထိုအခါ လေပြင်းသခင် တန်ချူကွန့်နှင့် ပြင်းထန်စွာ တိုက်ခိုက်နေသော ချင်ရိအား တွေ့ရှိရသောအခါ စိုးရိမ်ပူပန်စွာ အနီးသို့ ရောက်ရှိလာ၏။

လေပြင်းသခင် တန်ချူကွန့်သည် တောင်ပေါ်မှ လေဝဲများကို စုစည်းလိုက်သည့်အလား လက်ဝါးနှစ်ဖက်အား

စက်ဝိုင်းသဏ္ဍာန် ဝိုင်းပတ်နေလေရာ လေသံများ တဟူးဟူး တဟဲဟဲတို့ ထွက်ပေါ်နေခဲ့၏။

ထို့နောက် ရှတ်ဘရက် လက်ဝါးနှစ်ဖက်အား ရင်ဘတ်၌ ကပ်ထားရာမှ ချင်ရီထံသို့ တစ်ရှိန်ထိုး တွန်းပို့လိုက်တော့သည်။

'ဝုန်း'

ချင်ရီက လျှင်မြန်စွာ ခါးဝယ် ကပ်ထားသည့် လက်ဝါးတို့ ထိုးထွက်လာလျက် ဆီးခံလိုက်လေသည်။

'ဖောင်း'

လက်ဝါးနှစ်ဖက်တို့ ထိရိုက်သံမှာ ကျယ်လောင်စွာ ထွက်ပေါ်သွားခဲ့သည်။

ထို့နောက် တစ်ဦးနှင့်တစ်ဦး လက်များထဲသို့ အတွင်းအားများ ပို့လွှတ်ပြီး တွန်းနေကြသည်။

လေပြင်းသခင်မှာ မျက်လုံးအစုံပြူးထွက်လျက် အကြောများက မျက်နှာဝယ် သစ်မြစ်များသဖွယ် အသွယ်သွယ် ထင်းထင်းကြီး ပေါ်လာသည်သို့ ချင်ရီသည်လည်း ကိုယ်ခန္ဓာတစ်ခုလုံးအတွင်းမှ လေများ ပေါက်ကွဲထွက်တော့မည့်အလား မျက်နှာကြီးများမှာ ဖောင်းကားပွယောင်းနေခဲ့လေသည်။



နားမှလည်းကောင်း၊ နှာခေါင်းမှလည်းကောင်း၊ ပါးစပ်မှလည်းကောင်း လေနှင့်အတူ သွေးများပင် ထွက်လာခဲ့ကြပြီဖြစ်သည်။

နှင်းပွင့်မယ် ထိစင့်လွမ်းသည် ချင်ရီ၏ အဖြစ်ကို မြင်နေရသောအခါ ရင်၌ တဖိုဖိုဖြစ်လျက် စိုးရိမ်မှုများကြောင့် မျက်လုံးအိမ်မှ မျက်ရည်တို့ တလိမ့်လိမ့် စီးဆင်းလာခဲ့တော့သည်။

ချင်ရီသည် အချိန်ကြာမြင့်စွာ အတွင်းအားများကို ထုတ်လွှတ်နေရာမှ နှင်းပွင့်မယ်၏ ငိုကြွးနေသော အသွင်တို့က မျက်လုံးထဲဝင်လာရာ တိုက်ပွဲကို အဆုံးသတ်ရန်ဆုံးဖြတ်လိုက်လေသည်။

ထို့ကြောင့် မိုးအဆုံး မြေအဆုံးသိုင်းကွက်ဖြင့် လက်ဝါးအစုံကို တွန်းထုတ်လိုက်ရတော့သည်။

'အား....'

သူ၏နှုတ်မှ ကျယ်လောင်စွာ မာန်သွင်းလိုက်သံမှာလည်း လေဝဲတောင်ကစ်ပိုက် ပဲ့တင်ရိုက်ခတ် သွားလေတော့သည်။

'အ....အ....အား'

လေပြင်းသခင် တန်ချူကွန်မှာ လွင့်စင်မြောက်တက်သွား သကဲ့သို့ ချင်ရိမှာလည်း ပုံလျက်သား လဲကျသွားတော့သည်။

'အစ်ကိုချင်ရိ....အစ်ကိုချင်ရိ'

နှင်းပွင့်မယ်သည် စိုးရိမ်တကြီးဖြင့် ချင်ရိထံသို့ ပြေးသွားခဲ့၏။

'ဘုန်း....'

တိဗက်သိုင်းဆရာကြီး ဟိမဝန္တာ အုဒတလသည် တန်ချူကွန် လဲကျနေရာသို့ ရောက်ရှိသွားကာ စမ်းသပ်လိုက်ပြီး ဦးခေါင်းကို ရမ်းခါလိုက်သည်။

ချင်ရိအား ဒယိမ်းဒယိုင်နှင့် နှင်းပွင့်မယ်၏ ဖေးမတွဲခေါ်မှုဖြင့် ပြန်လည်ထလာခဲ့၏။

သူ၏နား ပါးစပ် နှာခေါင်းတို့မှ သွေးများ ယိုစီးကျနေသည်။

နှင်းပွင့်မယ်က ထိတ်လန့်စွာ သွေးများကို သုတ်သင်ပေး၏။

'အစ်ကိုချင်ရိ ဘယ်လိုနေလဲဟင်'





'ရပါတယ် နှင်းပွင့်မယ်'

ထိုစဉ် သူတို့အနီးသို့ တိဗက်သိုင်းဆရာကြီး ဟိမဝန္တာ အုတေလ ရောက်ရှိလာ၏။

'အင်း....မင်းနဲ့တိုက်ဖို့ ငါအလှည့် ရောက်နေတာတော့ မှန်ပါရဲ့၊ ဒါပေမယ့် မင်းမှာ ဒဏ်ရာရထားတယ်ဆိုတော့ ငါ တိုက်ရင် ဘယ်တရားပါ့မလဲကွ'

'ဟုတ်ကဲ့ပါခင်ဗျာ၊ နောက်တစ်လကြာရင် ဆရာကြီး ကျောက်တစ်လုံးလျှိုကို လာခဲ့ပါလား၊ ကျွန်တော် စောင့်နေပါ့မယ်'

'ကောင်းပြီလေ အဲဒီလျှိုကိုပဲ အခရောက်လာခဲ့မယ်ဟေ့'

ထို့နောက် တိဗက်သိုင်းဆရာကြီး လေဝဲတောင်မှ ရုတ်ခြည်းဆင်းသက်သွား၏။ လေဝဲတောင်မှာ ထူးဆန်းစွာ လေများ ငြိမ်သက်နေခဲ့သည်။

ချင်ရိသည် နှင်းပွင့်မယ် ထိစင်လွှမ်အားတွဲလျက် တောင်ပေါ်မှ ဆင်းသက်ခဲ့လေသည်။

တရွေ့ရွေ့ဖြင့် ဖြေးညင်းစွာ ဆင်းလာခဲ့ကြသော သူတို့နှစ်ဦးသည် တောင်နံရံကွေ့တစ်ခုအရောက်ဝယ် မမျှော်လင့်ပဲ အန္တရာယ်တစ်ရပ်အား ရင်ဆိုင်လိုက်ကြရသည်။

'အို....အစ်ကိုချင်ရီ'

နှင်းပွင့်မယ်သည် ရုတ်တရက် ချင်ရီ၏လက်ကိုကိုင်ဆွဲလျက် သတိပေးလိုက်သည်။

ရှေ့မှ တစ်ရှိန်ထိုးပြေးလာသည့် တောင်ဆိတ်ကြီး ရုပ်ဆိုးအား တွေ့မြင်လိုက်သောကြောင့် ဖြစ်သည်။

'ကျုပ်နဲ့ နှင်းတောင်သွားကြတဲ့ တောင်ဆိတ်ကြီးပဲ'

ချင်ရီက ဝမ်းသာအားရ ပြောပြလေသည်။

'ဒီကောင်ကြီးက အင်မတန်လိမ္မာ....'

'အစ်ကိုချင်ရီ...'

သူမက ချင်ရီအား တောင်နံရံဘက်တွန်းလျက် သူမ၏ ခန္ဓာနှင့် ဖိကပ်ထားလိုက်ရသည်။

'ဝုန်း...'

တောင်ဆိတ်ကြီးမှာ အားလွန်ပြီး တောင်အောက်သို့ အော်ဟစ်ခါ ကျရောက်သွားလေတော့သည်။





'ဂရူး....ဂရူး'

'ကြည့်စမ်း အစ်ကိုချင်ရီရယ် ကံကောင်းလို့'

သူမက တောင်အောက်သို့ကျသွားသော တောင်ဆိတ်ကြီးအား ငုံ့ကြည့်ရင်း ရေရွတ်လိုက်၏။

'ကျုပ်နဲ့ နှင်းတောင်သွားတုန်းကတော့ အင်မတန်လိမ္မာပါးနပ်တဲ့ အကောင်ကြီးပဲ နှင်းပွင့်မယ်ရဲ့'

'ဟင်–အစ်ကိုချင်ရီနှင်းတောင်သွားသေးတယ်တုတ်လား'

သူမက ချင်ရီ နှင်းတောင်သွားသည့်ခရီးကို မသိသေးသဖြင့် အံ့ဩစွာမေးသည်။

သို့နှင့် ချင်ရီက သူမနောက်သို့ သူလိုက်ခဲ့သည်မှလျက် ရခဲ့ပွင့်ရခဲ့သည်အဆုံး စုံစုံလင်လင် ပြောပြလိုက်ရသည်။

နှင်းပွင့်မယ်မှာ သူမအတွက် ချင်ရီက သက်စွန့်ဆံဖျားသွားရောက်လျက် အသက်ကယ်တင်ခဲ့သည်ကိုကြားသိရသောကြောင့် အလွန်မှပင် ကြည်နူးဝမ်းမြောက်သွားမိသည်။

'ဒီထဲစ်ကြိမ်လဲ ကျွန်မကို အစ်ကိုချင်ရီ ကယ်ပြန်ပြီပေါ့နော်—'

ချင်ရီက ပြုံးရင်း စကားတစ်ခွန်း မေးလိုက်၏။

'ကဲ....နှင်းပွင့်မယ် ဘယ်ကိုသွားမလဲ ကျုပ်ကတော့ သွားစရာတွေရှိသေးတယ်'

နှင်းပွင့်မယ် ထိစင်လွမ်း၏ မျက်နှာလေးမှာ ကြည်းနူးပျော်ရွှင်နေရာမှ ချက်ချင်းပင် ညှိုးနွမ်းသွားလေတော့သည်။

'အစ်ကိုချင်ရီ ကျွန်မကို နှင်တာလားဟင်'

'မဟုတ်ဘူးလေကွယ် ကျုပ်သွားရမယ့်နေရာတွေက အင်မတန်မှကို အန္တရာယ်များတဲ့နေရာတွေမို့လို့ပါကွာ'

'ဘယ်လောက်များများ အစ်ကိုချင်ရီနဲ့သာဆိုရင် ကျွန်မသွားရဲတယ်ရှင့်၊ ငရဲပြည်ကိုသွားမလားပြော'

နှင်းပွင့်မယ်က မျက်စောင်းထိုး၍ပြောလိုက်လေရာ ချင်ရီမှာ အမျိုးအမည်မသိသော ခံစားမှုတစ်ခုက ဖျပ်ခနဲဖြစ်ပေါ်ခံစားလိုက်ရလေသည်။

'ဒါဆိုလဲ ပြီးရောလေ၊ ကျုပ်က နှင်းပွင့်မယ်တွက်စိုးရိမ်လို့'





'ကျွန်မကလဲ အစ်ကိုချင်ရီကို စိုးရိမ်လို့'

သူတို့နှစ်ဦး တစ်ဦးကိုတစ်ဦး ကြည့်လိုက်မိကြသည်။ ထိုအခါ မျက်လုံးချင်း စကားပြောကြပြန်သည်။ နားလည်မှုအဖြစ် လက်ချင်းဖျစ်ညှစ်ကြလေသည်။

ထို့နောက် သူမက တိုးကျစွာ ပြောမိ၏။

'အစ်ကိုချင်ရီကို ကျွန်မ မခွဲနိုင်ဘူးရှင့်'

'အစ်ကိုလဲ နှင်းပွင့်မယ်လိုပါပဲကွယ်'

တစ်ဦးလက်ကိုတစ်ဦး ခိုင်မြဲစွာ ဆုပ်ညှစ်လျက် ဆင်းသက်လာကြရာ လေဝဲတောင်ခြေသို့ ရောက်ရှိခဲ့ကြတော့သည်။

တောင်ခြေရင်း၌ မြေအပြင်နှင့်ရိုက်မိကာ မြင်မကောင်းအောင် သေဆုံးနေရှာသည့် တောင်ဆိတ်ရုပ်ဆိုးအား သူတို့တွေ့မြင်ကြရလေသည်။

ချင်ရီမှာ ယူကျုံးမရစွာ စိတ်မကောင်း ဖြစ်မိတော့သည်။

'အင်း....နှင်းတောင်မှာ အစ်ကို့ပေါ် သစ္စာရှိတဲ့ကောင်ကြီးဟာ လေဝဲတောင်ပေါ်ကျတော့ သူ့သခင်ရင်းပေါ်

မှာ ပိုပြီးသာစွာရှိကြောင်း ပြသသွားတာပဲ ထင်ပါတယ် နှင်းပွင့်မယ်ရယ်’

ချင်ရိနှင့် နှင်းပွင့်မယ်တို့သည် ဝေ ာင်ဆိတ်ကြီးရုပ်ဆိုးကြီးအား လေဝဲတောင်ခြေရင်း၌ ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြလေသည်။

* * *



**အတိတ်မှ အရိပ်များ**

ချင်ရီသည်ဆရာဖြစ်သူ အဆိပ်လက်ဝါးစုံရှင်းဖုနှင့် ကိုယ်ပျောက်လျှို့ဝှက် လပြည့်နေ့တွင် ချိန်းဆိုထားခဲ့သည်။

ဆရာကြီး အဆိပ်လက်ဝါးစုံရှင်းဖုနှင့် တွေ့လျှင် လေနီကြမ်း လေဟာ့မင်းက သူ့အား ပေးခဲ့သည့် ကျောက်စိမ်းသိုင်းကျမ်းကိုပေးအပ်မည်ဖြစ်သည်။

သို့ရာတွင်ထိုဆရာကြီး အဆိပ်လက်ဝါးစုံရှင်းဖုမှာ အတုလား၊ အစစ်လား အခုထိ သူမသိနိုင် မခွဲခြား နိုင်သေးပေ။

ထိုသို့ ခွဲခြားနိုင်ရန် ကျောက်တစ်လုံးတောင်ရှိ မျက်မမြင်ဂူတွင်းသို့ ရောက်ရှိမှ အဖြေသိနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ချင်ရိုသည် ကျောက်တစ်လုံး တောင်သို့ နှင်းပွင့်မယ်နှင့်အတူ ခရီးပြင်းနှင်လျက်ရှိ၏။

မနားတမ်းခရီးကြမ်းနှင်လာခဲ့သည်ဖြစ်၍ အရိပ်ကောင်းသည့် ဂူတစ်ခု၏အဝ၌ အမောဖြေ နေကြလေသည်။

ထိုစဉ် ဂူထဲမှ အသံတစ်ခုခုကို ကြားကြရလေသည်။

'ရှီ ရှီ ရှီ'

ချင်ရိုနှင့်နှင်းပွင့်မယ်တို့သည် ဂူဝမှနေလျက် အသံလာရာ ဂူတွင်းသို့ ဝင်မိကြသည်။

ဂူမှာမှောင်နေသော်လည်း မည်သည့်နေရာမှ အလင်းဝင်နေသည်မသိ။

တစ်ဦးနှင့်တစ်ဦး တွေ့မြင်နိုင်သည့် အလင်းရောင်ကတော့ ရှိနေ၏။ လိုဏ်ဂူ တစ်နေရာ ရောက်သော် တရှုံ့ရှုံ့နှင့် အော်မည်နေသည့် တရားခံကိုတွေ့ရကြသည်။

လူအရိုးစု တစ်ခုအား မြွေတစ်ကောင်က ရစ်ပတ်ပြီး အော်မြည်နေခြင်း ဖြစ်၏။

'ဟင်… လူအရိုးစုကြီးကို မြွေကပတ်ပြီး တရှုံးရှုံးနဲ့ မြည်နေတာ ဘာအဓိပ္ပာယ်လဲမသိဘူးနော်'





နှင်းပွင့်မယ်က လေသံဖြင့် ပြောကြားလိုက်ရာ—

'သေသေချာချာ ကြည့်ပါဦး နှင်းပွင့်မယ်၊ မြွေခေါင်းက အညှစ်ခံထားရတယ်လေ၊ ဒါကြောင့် တရှုံးရှုံးနဲ့ ဒေါသဖြစ်နေတာပေါ့၊ အရိုးစု မဟုတ်ဘူး အသက်ရှိတယ် အနားတိုးသွားကြမယ်'

ချင်ရိုက ပြန်လည်ပြောကြားမှ နှင်းပွင့်မယ်မှာ အသက်ရှိနေသည့် သူတစ်ဦးမှန်းသိရ၏။

မြွေမှာ မြွေဖြူဖြစ်တာ လက်မောင်းလုံးခန့် ရှိသည်။ အဆိပ်ပြင်းသော မြွေတစ်ကောင်ဖြစ်သည့်အပြင် အရိုးပေါ် အရေတင်နေသော လူမှာ မြွေကိုသေအောင် ညှစ်နိုင်စွမ်း ရှိပုံမရပေ။

ထို့ကြောင့်ချင်ရိုက အနီးသို့ကပ်သွားလျက် မြွေခေါင်းကို ထိုအရိုးစုထံမှ ဆွဲယူလျက် ကျောက်နံရံနှင့် ရိုက်ပေးလိုက်ရသည်။

'မြွေ သေသွားပါပြီ အဘိုး'

ချင်ရိုက အရိုးစုလူအား ပြောကြား လိုက်လေသည်။

အရိုးစုလူမှာ ကျောက်တုံး တစ်တုံးပေါ် ထိုင်လျက်ရှိပြီး ကြောင်တောင်ကန်းနေသော မျက်မမြင် ဒုက္ခိတ တစ်ဦးသာ ဖြစ်သည်။

'ငါ့ကို ကယ်တင်လိုက်တာ ဘယ်သူများလဲကွယ်'

'ချင်ရိလို့ ခေါ်ပါတယ် ခင်ဗျာ၊ ခရီးသွားတစ်ဦးပါ'

'ဪ–ဪ ငါက စွန်လွန်ဂိုဏ်းချုပ် ချွေးပေ့ပါ'

'ခင်ဗျား စွန်လွန်ဂိုဏ်းချုပ် ဟုတ်လား'

'ဟုတ်တယ်ကွယ့် မင်းက သိုင်းသမားတစ်ဦး ထင်တယ်၊ ငါ့နာမည်ကြားဖူးလို့လားကွ'

'ဟုတ်ကဲ့ ကြားဖူးပါတယ် ခင်ဗျာ'

'အေးကွယ် ခုလို မမျှော်လင့်ပဲ ပြင်ပ သိုင်းလောကမှ လူနဲ့တွေ့ရတာ ဒါ ပထမဦးဆုံးပဲကွ'

'ဟုတ်ကဲ့ပါဘိုးဘိုး ကျွန်တော်တို့လဲတွေ့ရတာ ဝမ်းသာမိပါတယ် ခင်ဗျာ'

အဘိုးအိုမှာ မျက်မမြင်ရသည့်အထဲ ဂူထဲမှာ အစာငတ်ရေငတ်နှင့် နေရဟန်တူသည်။ အရိုးပေါ်အရေတင် လောက်အောင် အရိုးစုကဲ့သို့ဖြစ်နေရှာသည်။

သူ၏ မျက်နှာဝယ် တစ်စုံတစ်ခုအား မျှိုသိပ်ထားရဟန် ရှိသည်။



'မင်းဟာ ငါ့အသက်ကို ကယ်တင်ခဲ့သူဖြစ်တယ်၊ ဒါပေမယ့် ငါလဲမကြာမီ သေရတော့မှာပါ၊ ငါသေသွားခဲ့ရင် သိုင်းလောကရဲ့ လျှို့ဝှက်ချက်ကို ဘယ်သူမှ သိလိုက်မှာ မဟုတ်ဘူး၊ ဒါ့ကြောင့်မို့ ငါ မသေမီ မင်းကို ပြောပြချင်တယ်၊ မင်း နားထောင်နိုင်မလား'

'နားထောင်ပါမယ်ဘိုးဘိုး ပြောပြပါခင်ဗျား'

သို့ဖြင့် စွန်လွန်ဂိုဏ်းချုပ် ချွေးပေ့သည် အတိတ်မှအရိပ်များကို အစအဆုံး ပြောပြလေတော့သည်။

• • •

'လွန်ခဲ့တဲ့နှစ် နှစ်ဆယ်လောက်ကသိုင်းလောကရဲ့နာယကကြီးတစ်ဦးဖြစ်တဲ့ ဝူထိုင်ဂိုဏ်းချုပ် တိုက်ကျဖုဟာ တပည့်တပန်းတွေနဲ့ခရီးထွက်ခဲ့ကြတယ်ကွယ့် အဲဒီ လူတွေထဲမှာ ငါလဲပါဝင်ခဲ့သလို အနောက်ကျွန်း သိုင်းဘုရင်နဲ့ သူ့တပည့်ကအဆိပ်လက်ဝါး စုံရှင်းဖုတို့လဲ ပါလာကြတယ်၊ အဲဒီအချိန်မှာ ဝူထိုင်ဂိုဏ်းချုပ်ကြီး ထိုက်ကျဖုဟာ လမ်းမှာ ရုတ်တရက် သေဆုံးခဲ့ရှာတယ်၊ နာယကြီးထံမှာ ကျောက်စိမ်း သိုင်းကျမ်းရယ် ကျောက်ဖြူသိုင်းကျမ်း ပါလာတယ် ဆိုတာကို သိုင်းသမားတွေကသိကြတယ်ကွယ့်'

ချင်ရိသည်သူ့ထံ ပါလာသော ကျောက်စိမ်းသိုင်းကျမ်းကို အသာလက်နှင့် စမ်းမိ၏။

'အဲဒီ သိုင်းကျမ်း နှစ်စောင်ဟာ အင်မတန် ထူးဆန်းတဲ့ သိုင်းတွေပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ 'ကျောက်စိမ်းသိုင်းကျမ်း'ဟာ သူ့အစွမ်းနဲ့သူ ထက်မြက်သလို 'ကျောက်ဖြူသိုင်းကျမ်း'ဟာလဲသူ့သိုင်းကွက်နဲ့သူ့ကျမ်းစာပေထက်မြက်ခဲ့ကြတယ်၊အဲဒီနှစ်ခုကို ပေါင်းပြီး တတိယသိုင်းကျမ်း တစ်စောင်ကတော့ အထက်မြက်ဆုံး အစွမ်းဆုံး ပေါ့ကွယ်'

'ဪ–ဪ'

'ဒါကြောင့် ဒီသိုင်းကျမ်းကို လိုချင်ကြတဲ့ သိုင်းသမားတွေဟာ အချင်းချင်းတိုက်ခိုက်ကြတော့တာပဲဟေ့၊ သေသူသေ၊ဒဏ်ရာရသူရ၊ဒါပေမယ့် အဲဒီလို အချင်းချင်း တိုက်ကြသူတွေအထဲမှာ အဆိပ်သက်ဝါးစုံရှင်းဖုက မပါဘူးကွယ့်

'သူက ဂူဝမှာ စိတ်ပျက်ပြီး ဆိုင်နေခဲ့တယ်၊ ဘယ်သူ့ဖက်ကိုမှ မပါပဲ နေနိုင်ခဲ့တယ်၊ အဲဒီမှာ လိုဏ်ဂူကို မီးနဲ့ရှို့၊သူက ရှို့တယ် ကံဆိုးချင်တော့ ဒီလိုဏ်ဂူမှာ မီးတောင်ဟောင်း တစ်ခု ဖြစ်လို့ မီးလောင်ကျွမ်းရာကနေ ပေါက်ကွဲခဲ့တော့တယ်၊ ဒီအခါ ဂူဝမှာ ရောက်နေတဲ့အဆိပ်လက်ဝါး စုံရှင်းဖုရယ် သူ့ဆရာ အနောက်ကျွန်းသိုင်းဘုရင်ရယ်ပဲ လွတ်မြောက်ကြပါတယ်၊ အနောက်ကျွန်းဟာ





ဒဏ်ရာရရှိထားသူမို့ လူ့လောကမှာ ရှိချင်မှရှိတော့မှာဖြစ်တယ်၊ လိုဏ်ဂူထဲက နောက်ဆုံးထွက်လာသူကတော့ ငါပါပဲ၊ ဒါပေမယ့် အဲဒီမှာ ကျောက်တုံးတွေ လွင့်စင်လာပြီး ငါ မျက်လုံးကွယ်ခဲ့တာပဲကွယ့်၊ ကျန်တဲ့လူတွေကတော့ ဂူထဲမှာ ပိတ်မိပြီး သေကုန်ပြီလို့ ထင်တာပဲ'

ချင်ရိသည် စွန်လွန်ဂိုဏ်းချုပ် ချွဲးပေ့အဘိုးအိုကို စိတ်မကောင်းစွာဖြင့် ငေးကြည့်နေမိသည်။

'သိုင်းကျမ်းနှစ်စောင်နဲ့လူသေအလောင်းတွေဟာ ဒီနေ့အထိ လိုဏ်ဂူအကျိုးအပျက်အတိုင်းပဲ ရှိကြတယ်ကွယ့်၊ ငါဟာ မျက်လုံးအစုံကန်းသွားပေမယ့် လိုဏ်ဂူရှိနေရာတွေကို မမေ့နိုင်သေးပါဘူးကွယ်'

ချင်ရိသည် ကျောက်စိမ်းသိုင်းကျမ်းတစ်စောင် အပြင်သို့ ရောက်ရှိနေပြီကို သိသေးဟန် မတူခဲ့ချေ။

'နောက်လျှို့ဝှက်ချက် တစ်ခုလဲ ရှိသေးတယ်ကွ'

'ဘာများလဲခင်ဗျာ'

'အေးလေ မထူးတော့ပါဘူး ပြောပြမှတော့ အကုန်အစင် ပြောမှ တရားတော့မှာပေါ့ကွယ်၊ ဒီလိုကွဲ့ သူငယ်ရဲ့ အဲဒီကျောက်စိမ်းကျမ်းနဲ့ ကျောက်ဖြူသိုင်းကျမ်းတွေဟာ

ကိုယ်စီ အစွမ်းအာနိသင်တွေ ရှိသလို နှစ်ကျမ်းပေါင်းလိုက်လို့ ရရှိလာတဲ့ တတိယကျမ်းဟာ ဘယ်လောက် ထူးဆန်းသလဲဆိုရင် ဥပမာ ဘယ်လောက်ကြီးမားတဲ့ အတွင်းဒဏ်ရာမျိုး ဖြစ်ပါစေ ကုသနိုင်တယ်၊ ဆုံးရှုံးသွားတဲ့ သိုင်းပညာတွေကိုလဲ ပြန်ပြီးရလာစေနိုင်တယ်၊ ဘယ်လိုအတွင်းအားမျိုးမဆို ခုခံနိုင်တယ်၊ ကျိုးနေကန်းနေတာတွေလဲ ပြန်ကောင်းမွန်စေနိုင်တဲ့ အစွမ်းသတ္တိရှိတယ်ကွယ့် တစ်နည်းအားဖြင့် သူက 'အပျက်ကျမ်းမဟုတ်ဘူး၊ ပြန်လည်ကောင်းမွန်တဲ့ အကောင်းကျမ်း' တစ်ခုပဲကွယ့် အဲဒီလို ထူးဆန်းနေတယ်'

'အင်း....အတော့်ကို အံ့သြစရာပဲနော်၊ ဒါကို ဘယ်သူမှ မသိခဲ့ကြဘူးလားခင်ဗျာ'

'မသိနိုင်ကြသေးဘူးကွ၊ သူတို့ သိရှိထားတာတွေက ကျောက်စိမ်းကျမ်းရယ်၊ ကျောက်ဖြူကျမ်းရယ် ဒီနှစ်ခုပဲ သိကြတယ်၊ ဒါတွေက အပျက်ကျမ်းတွေလေ အဲတတိယကျမ်းဖြစ်တဲ့ 'အကောင်းကျမ်း'ကိုတော့ ငါရယ် မင်းရယ် အဲပြီးတော့ မင်းရဲ့အဖော် မိန်းကလေးရယ် ဒါပဲ သိကြလိမ့်မယ်၊ ဒီပြင်လူ ဘယ်သူမှ မသိကြသေးဘူးကွ'

'ဟုတ်နိုင်ပါ့မလား ချွေးပေ့ရှဲ'

အသံတစ်သံက ဂူဝမှပေါ်လာပြီး လူရိပ်တစ်ရိပ်က ဖျတ်ခနဲ ဂူထဲသို့ ရောက်ရှိလာသည်။





ချင်ရိတို့က အသံထွက်ပေါ်ရာသို့ လှည့်ကြည့်မိသောအခါ–

'ဝူနန်း'

ဟူသောအသံနှင့် စွန်လွန်ဂိုဏ်းချုပ်မျက်မမြင်ချွေးပေ့ခမျာ ကျောက်ထုံးထက်မှ လွင့်စင်ကျသွားသည်ကို တွေ့ရ၏။

ချင်ရိလည်း ဒေါသထွက်သွားကာ ထိုရန်သူ လူရိပ်အားအဆိပ်လက်ဝါးနှင့် တုန့်ပြန်တိုက်ခိုက်လိုက်သည်။

သို့ရာတွင် ရန်သူသည် သူ၏အဆိပ်လက်ဝါးကို ပြန်လည်ခုခံနိုင်၏။

ချင်ရိ အံ့အားသင့်သွားမိလေသည်။

ထို့ကြောင့် ရန်သူအား 'မိုးအဆုံးမြေအဆုံး' သိုင်းကွက်နှင့် ဆက်လက်တိုက်ခိုက်လိုက်ပြန်သည်။

ထိုသိုင်းကွက်ကိုလည်း ရန်သူသည် အလွယ်တကူ ခုခံနိုင်ခဲ့ပြန်၏။

ချင်ရိထိတ်လန့်တုန်လှုပ်မိတော့သည်။

ရန်သူသည် ချင်ရီ၏တိုက်ကွက်များအား ခုခံကာကွယ်ပြီးသည်နှင့် လှစ်ခနဲ ရှောင်ထွက်သွားခဲ့၏။

'ခုန်း'

ထို့နောက် အသံကြီးတစ်ခု ပေါ်ထွက်လာကာ ဂူမှာ ပိန်းပိတ်အောင် မှောင်မည်းသွားလေတော့သည်။

ဂူပေါက်ဝပြိုကျသွားခြင်းသာ ဖြစ်လေသည်။

ရန်သူနှင့် သူတို့ပါ ဂူထဲ ပိတ်လှောင်သွားခဲ့ပြီ ဖြစ်လေသည်။

* * *

ချင်ရီသည် နှင်းပွင့်မယ်အတွက် စိုးရိမ်ပူပန်နေခဲ့၏။

လိုဏ်ဂူအတွင်း အလွန်ကြောက်စရာကောင်းသောအဆင့်မြင့် သိုင်းသမားရန်သူတစ်ဦး ရှိနေသည် မဟုတ်ပါလော။

အသံပေး ခေါ်ငင်ရအောင်လည်း ရန်သူအား လက်ယပ်ခေါ်ယူသလို ဖြစ်ဦးမည်။





ထိုစဉ် သူ့ထံသို့ ရွေ့ရှားလာသည့်ခြေသံကို ကြားလိုက်ရသည်။

ချင်ရီမှာ မျက်တောင်မခတ်ပဲ အမှောင်ထဲသို့ အကြည့်ကို နစ်မြုပ်ထားလျက် ဓာတ်ယအာရုံကို ဖွင့်ထားလိုက်မိ၏။

ခြေသံမှာ တဖြည်းဖြည်း ရွေ့နေသည်ကို ကြားရသည်။

တိုက်ခိုက်ရန်လည်း အဆင်သင့် ပြင်ထားလိုက်မိ၏။

သူ၏နှာခေါင်းထဲသို့ ရနံ့တစ်ခု တိုးဝင်လာသောအခါတွင်မူ သူ၏အတွင်းအားများကို လျော့ချလိုက်ရတော့သည်။

နှင်းပွင့်မယ် ထိစင့်လှမ်း၏ သင်းပျံ့သော ကိုယ်သင်းရနံ့ပင် ဖြစ်၏။

ထို့ကြောင့် ခြေသံရှင်အနားသို့ ရောက်သည်နှင့် ဆတ်ခနဲ ဖမ်းဆွဲထားလိုက်၏။

ပါးစပ်ကိုလည်း တဆက်တည်း လှမ်းပိတ်လိုက်ရသည်။

'အသံမထွက်နဲ့'

လေသံဖြင့် တိုးသက်စွာ ပြောလိုက်၏။

'ဟား....ဟား....ဟွား....ဟား'

ရယ်မောသံတစ်ခုက ကျယ်လောင်စွာ လိုဏ်ဂူအတွင်း ထွက်ပေါ်လာသည်။ တစ်ပြိုင်နက် လိုဏ်ဂူတစ်ခုလုံး လင်းထိန်သွား၏။

ထိုအခါ မီး တုတ်ကိုင်ထားသည့် အဘိုးအိုတစ်ဦးကို မြင်ရသည်။

သူ၏မျက်လုံးအစုံက စူးရှပြောင်လက်နေလေသည်။

'ကဲ....ပြောစမ်းဟေ့ ချေးပေ့ မင်းကို ဘာပြောသွားလဲ'

တင်းမာခက်ထန်သော မျက်နှာဖြင့် မေးမြန်းလာသည်။ ဤအဘိုးအိုသည် သူ၏ အဆိပ်လက်ဝါးတိုက်ကွက်ကိုသော်လည်းကောင်း၊ မိုးအဆုံးမြေအဆုံး တိုက်ကွက်ကို သော်လည်းကောင်း၊ ဂရုမစိုက်သူသာ ဖြစ်၏။

'ဘာမှပြောမသွားနိုင်ပါဘူး ခင်ဗျာ၊ သူက ပြောမယ် အလုပ်မှာ အတိုက်ခံလိုက်ရတာပဲခင်ဗျ'

'မင်း ငါ့ကို လိမ်နေတာလား'





မလိမ်ပါဘူးဗျာ'

'အေး မပြောရင်တော့ မင်းကို ငါသတ်ရလိမ့်မယ်'

'ဒါကတော့ ဦးဟာ သက်သက်မဲ့ အနိုင်ကျင့်တာပဲ'

'မင်းဟာ ငါ့ကို ပထမဆုံး ခံပြောဝံ့တဲ့သူပဲဟေ့'

'မှန်တာကို ပြောတာပဲဗျာ'

'အေး....ငါကလဲ ဒါမျိုးမှကြိုက်တာ၊ မင်းနဲ့ငါ ဘယ်သူသာတယ်ဆိုတာ စမ်းကြည့်ရအောင်လား'

'ကျွန်တော် မငြင်းပါဘူး၊ ဒါပေမယ့် အပြင်ဘက်မှာ ယှဉ်ပြိုင်မှ သင့်တော်မှာပေါ့၊ ဒီလိုက်ဂူထဲမှာက မှောင်နေတယ်၊ နေရာလဲကျဉ်းတယ်လေ'

တကယ်တော့ ချင်ရီသည် နှင်းပွင့်မယ် လွတ်မြောက်ရေး အတွက်ဖြစ်၏။

'အေးလေ ဒါဆိုလဲ လိုဏ်ပေါက်ဝ ပိတ်နေတဲ့ ကျောက်တုံးတွေ ဖယ်လိုက်ရုံပေါ့ကွာ'

သို့ဖြင့် ချင်ရီနှင့် အဘိုးအိုသည် လိုဏ်ပေါက်ဝတွင် ပိတ်ဆို့နေသော ကျောက်တုံးများကို ဖယ်ရှားကြလေသည်။

ကျောက်တုံးများ ဖယ်ရှားလိုက်သောအခါ ဂူပေါက်ဝမှာ ပြန်လည်ပွင့်သွားသဖြင့် လင်းသွား၏။

လိုဏ်ဂူအပြင်ဘက်သို့ ထွက်လာကြတော့သည်။

ထိုစဉ် ချင်ရီက သူမအား တီးတိုးမှာရ၏။

'နှင်းပွင့်မယ် ကျုပ်တို့တိုက်နေတုန်း ရှောင်ထွက်သွားပါ....'

'အို....အစ်ကိုတစ်ယောက်တည်း'

သူမက စိတ်မချဟန်နှင့် ပြောလိုက်သော်လည်း ချင်ရီက–

'ကျုပ်ပြောတဲ့အတိုင်း လိုက်နာပါ နှင်းပွင့်မယ်'

ထိုသို့ ဆက်လက်မှာကြားပြီး အဘိုးအိုနှင့် ရင်ဆိုင်ရန် လျှောက်သွား၏။ အဘိုးအိုနှင့် သူ မျက်နှာချင်းဆိုင်လိုက်၏။

'ကဲ....နောက်ဆုံးပြောမယ် ချွေပေ့ပြောပြတဲ့ သိုင်းကျမ်းရှိတဲ့နေရာ ဘယ်နေရာလဲ၊ ဒါကိုသိရရင် မင်းနဲ့ငါ မတိုက်တော့ဘူး'

ချင်ရီက ခေါင်းကို ရမ်းခါလိုက်၏။





'ကျွန်တော် စောစောကပဲပြောပြီးပြီဦးရယ်၊ သူပြောမကလို့ပဲ၊ ဦးက မပြောမဆို မမေးမစမ်းတဲ ဝင်တိုက်ခဲ့တာကိုး'

'မင်းပြောတာ ငါဘယ်လိုယုံရမှာလဲ'

'ဒါတော့ ကျွန်တော်လဲ မတတ်နိုင်ဘူး၊ ဦးသတ်လဲ ကျွန်တော်သေတော့ရော ဒီသိုင်းကျမ်းနေရာကို သိရမှာမှ မဟုတ်ပဲ'

'အေး....ဒါလဲ ဟုတ်တာပဲ၊ မင်းပြောတာ မှန်သလိုပဲ၊ မင်းဆရာ ဘယ်သူလဲကွ'

'ကျွန်တော့်ဆရာ အဆိပ်လက်ဝါး စုံရှင်းဖုံ'

'ဩော်....အဆိပ်လက်ဝါး တပည့်ကိုး၊ ဝူထိုင်ဝိုဏ်းချုပ်ကြီးနဲ့ ပါသွားကြတဲ့အထဲမှာ သူလဲပါတယ်မဟုတ်လား၊ ပျောက်ဆုံးသွားကြတဲ့အထဲမှာလဲ သူပါတာပဲ၊ ဒါပေမယ့် သူမသေဘူးလို့ကြားတယ် အဲဒါဟုတ်လား'

'သူ သေသွားပါပြီ လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းကပါ'

'ဒါနဲ့ မင်းဆရာသေခါနီးမှာ ဝူထိုင်ဝိုဏ်းချုပ်နဲ့ပတ်သက်ပြီး ဘာတွေပြောသွားသေးလဲကွ'

'ဘာမှပြောမသွားပါဘူးခင်ဗျာ'

'ဒါဆို ဒီကျောက်စိမ်းသိုင်းနဲ့ ကျောက်ဖြူသိုင်းကျမ်းကို ငါရဖို့ သေချာသွားပြီကွ'

ဟား-ဟား-ဟား-ဟား'

ရုတ်တရက် ရယ်မောလိုက်သဖြင့် ချင်ရိမှာ အဘိုးအို တစ်ယောက် ရူးသွပ်သွားပြီဖေ့ ထင်လိုက်မိသည်။

'ကိုယ့်စိတ်ကူးနဲ့ကိုယ် သေချာလှချည်လားဗျ....ဟဲ....ဟဲ'

အေးစိမ့်သောအသံတစ်သံ ထွက်ပေါ်လာသဖြင့် အဘိုးအို မှာ ရယ်မောခြင်း ရပ်တန့်သွားရ၏။

'မိတ်ဆွေကြီး သိုင်းစကြာ စီခိုသန့် မတွေ့ရတာတောင် ကြာလှပေါ့ဗျာ'

သစ်ပင်နောက်ကွယ်မှ ထွက်ပေါ်လာသောပုဂ္ဂိုလ်ကြောင့် ချင်ရိ မျက်လုံးပြူးသွားမိ၏။

အကြောင်းမှာ ရောက်ရှိလာသောသူကား သူ၏ဆရာ အဆိပ်လက်ဝါး စုံရှင်းဖုကိုယ်တိုင် ဖြစ်သောကြောင့်ပင်။

'ဩော်...အဆိပ်လက်ဝါး စုံရှင်းဖုကိုး၊ ဒါနဲ့ ခင်ဗျား သေပြီဆို'





သိုင်းစကြာ ခိုသန့်ဆိုသော အဘိုးအိုမှာ ချင်ရိအား စား တော့ဝါးတော့မတတ် စိုက်ကြည့်ရင်း ပြောလိုက်၏။

'သူပြောတာ မှန်ပါတယ်'

'ဒါဖြင့် ခင်ဗျားက ဘာဖြစ်လို့ ပြန်ရှင်လာရတာလဲ'

'ဒါတွေထားလိုက်စမ်းပါ၊ အလုပ်ကိစ္စပြောကြရအောင် ပါ သိုင်းစကြာ'

'ဘာလဲ ကျောက်သိုင်းကျမ်း ကိစ္စလား'

'ဒါပေါ့ဗျာ'

ထို့နောက် အဆိပ်လက်ဝါး စုံရှင်းဖုသည် ချင်ရိအား လှမ်းမေး၏။

'ဟေ့....ချင်ရိ မင်း ချွေးပေ့နဲ့ တွေ့လိုက်လား'

'တွေ့ခဲ့ပါတယ် ဆရာကြီး'

'သူဘာပြောခဲ့လဲကွ'

'ပြောမလို့ပါပဲ၊ ဟောဒီက ဦးက 'ဝင်တိုက်တာနဲ့ ပြော မပြနိုင်တော့ပါဘူး''

'အေးလေ ကိစ္စမရှိပါဘူး၊ သူမပြောလဲ သိုင်းကျမ်းကို ငါရအောင်ရှာနိုင်ပါတယ်'

'တဖန် သိုင်းစကြာ စီခိုသန့်ဘက်လှည့်ပြီး မဲ့ရွဲ့လျက် ပြော၏။

'ခင်ဗျားဟာ သိုင်းပညာရှင်တစ်ယောက်ဖြစ်ပြီး ကိုယ့်သား အရွယ် ကျုပ်တပည့်ကို စိန်ခေါ်မှာသလား'

သိုင်းစကြာအဘိုးအိုမှာ မျက်နှာပျက်သွား၏၊ ထို့နောက် မကျေမချမ်းဟန်နှင့် အဆိပ်လက်ဝါး စုံရှင်းဖုအား ပြော လိုက်၏။

'ခင်ဗျားဟာ လေလုံးအင်မတန်ထွားတဲ့လူပဲ၊ သိုင်းကျမ်း ရှိတဲ့နေရာလဲ သိဘယ်ဆိုပြီး ဒီမှာ ဘာလာရှုပ်နေရပြန်တာ လဲ'

အဆိပ်လက်ဝါးက နှုတ်တုန့်မပြန်ဘဲ ချင်ရိဘက် လှည့်ရင်း–

'ဟေ့ချင်ရိ မင်းနဲ့ငါ ချိန်းဆိုထားတဲ့နေ့ မမေ့နဲ့နော်'

'ဟုတ်ကဲ့ပါဆရာကြီး'

ထို့နောက် သိုင်းစကြာစီခိုသန့်ဘက်ကြည့်ပြီး–





'ဒီမှာ သိုင်းစကြာကျောက်သိုင်းကျမ်းအနက်တစ်ခုဟာ အပြင်ရောက်နေပြီဆိုတာ ခင်ဗျားသိရဲ့လား'

'ဟင့်အင်း'

'ဝူထိုင်ဂိုဏ်းကလဲ အဲဒီကျောက်သိုင်းကျမ်းတွေနောက် အသဲအသန် လိုက်နေပြီဆိုတာရော ခင်ဗျားသိရဲ့လား'

'ဟင့်အင်း'

'အေး.... ခင်ဗျားတွေ့ခဲ့တဲ့ မြေပုံရှိတဲ့ လိုဏ်ဂူကိုလဲ ဝူထိုင်ဂိုဏ်းက ရှာဖွေတွေ့သွားပြီ ခင်ဗျားကသာ ဟင့်အင်းလုပ် နေ သူများဦးသွားမှာ သေချာတယ်ဗျို'

သိုင်းစကြာစီခိုသန့်မှာ မျက်နှာပျက်သွားရပြန်သည်။

ပထမတော့ သိုင်းကျမ်းကို သူ ရရှိလိမ့်မည်ဟုသာ ထင် မှတ်ထားခဲ့၏။

ယခုတော့ အလွန် အလှမ်းဝေးနေသလိုပင် ဖြစ်နေခဲ့ ရပြီ–

'ဒါနဲ့နေပါဦး အဆိပ်လက်ဝါးရဲ့၊ အဲဒီတုန်းက ဝူထိုင် ဂိုဏ်းချုပ်ကြီးနဲ့ပါသွားတဲ့လူတွေအနက် ခင်ဗျားနဲ့ချွေးမပ နှစ်ယောက်တည်း အသက်ရှင်ခဲ့တာပဲ ဒီလိုဏ်ဂူ ဘယ်မှာ ရှိတယ်ဆိုတာ ခင်ဗျားမှတ်မိမှာပေါ့'

'ဟာ— အဲဒီတုန်းက ကိုယ့်အသက်ကိုယ် မနည်းလုပြေးခဲ့ရတာပဲ နောက်ပြီး ညှဉ့်နက်သန်းခေါင်ကြီးဗျ၊ တစ်ခုတော့ ရှိတာပေါ့၊ အဲဒီအနီးအနား ပြန်ရောက်သွားရင်တော့ မှတ်မိနိုင်ကောင်းပါရဲ့'

သိုင်းစကြာက မျက်မှောင်ကြီးကြုတ်လျက် ဦးခေါင်းကို ညိတ်နေခဲ့၏။

'ဒီမယ် သိုင်းစကြာ ခင်ဗျားနဲ့ ကျုပ် ပူးပေါင်းရှာမလား'

သိုင်းစကြာ စီခိုသန့်က ခေါင်းညိတ်လိုက်သည်။

ကောင်းပြီ ခုတိုင်းဆို ခင်ဗျားနဲ့ ကျုပ် ပူးပေါင်းမှဖြစ်တော့မယ်ဗျ'

သို့ဖြင့် သူတို့နှစ်ဦးမှာ ထိုနေရာမှ ထွက်ခွာရန် ပြင်လိုက်ပြီးမှ အဆိပ်လက်ဝါး စုံရှင်းဖူက ချင်ရီဘက်သို့လှည့်ကာ–

'ဟေ့ ချင်ရီ ဆရာသွားမယ် ဟိုနေရာ လာဖို့မမေ့နဲ့ဟေ့'



'ဟုတ်ကဲ့ပါ ဆရာကြီး'

ချင်ရီထံမှ အပြေစကားရမှ စိတ်ချသည့်ဟန်နှင့် အလျှင်အမြန် ထွက်ခွာကြတော့သည်။

ချင်ရီသည် သိုင်းပညာရှင် အဘိုးအိုနှစ်ဦးအား ငေးငိုင်စိုက်ကြည့်ရင်း စိတ်ရှုပ်ထွေးစွာဖြင့် ကျန်ရစ်ခဲ့လေသည်။

• • •

ဂူထဲကလူ

ချင်ရိုသည် အဆိပ်လက်ဝါး စုံရှင်းဖုန့င့် သိုင်းစကြာ စီခိုသန့်တို့နှစ်ဦး ထွက်သွားပြီး အတန်ကြာမှ သတိရလျက် နှင်းပွင့်မယ်ကို ရှာဖွေရာ အနီးအပါး၌ မတွေ့ရသဖြင့် လိုဏ်ဂူထဲသို့ ပြန်လည်ဝင်ရောက်ကာ ရှာ၏။

'နှင်းပွင့်မယ် ဟေ့နှင်းပွင့်မယ်'

လိုဏ်ဂူထဲ၌ သူ၏အသံတို့သည်သာ ပဲ့တင်ရိုက်ခတ်နေခဲ့သည်။

ထိုစဉ် ညည်းညူသံ သဲ့သဲ့အား ကြားရ၏။

ထို့ကြောင့် ဂူထဲ၌ သိုင်းစကြာစီခိုသန့်၏ လက်ချက်နှင့် လဲနေသော စွန်လွန်ဂိုဏ်းချုပ် ချေးပေ့အား သတိရသွားသည်။





သို့ဖြင့် အသံထွက်ပေါ်ရာသို့ အလျင်အမြန် ရောက်ရှိသွားသည်။ ချေးပေ့သည် ခွေခွေလေး လဲနေရာမှ ညည်းညူနေခြင်းဖြစ်၏။

ချင်ရိုသည် ကမန်းကတန်း ယူပွေ့လိုက်မိ၏။

'သူတို့ ထွက်သွားကြပြီလား'

'ဟုတ်ကဲ့'

အတိုးအိုချေးပေ့သည် အင်အားချိနဲ့စွာပြုံးလျက်–

'အင်း–သိုင်းစကြာ သိုင်းစကြာ ဒင်းဘယ်တော့မှ သိုင်းကျမ်းရှိတဲ့နေရာကို ရှာတွေ့မှာ မဟုတ်ဘူး'

တီးတိုးရေရွတ်နေခဲ့လေသည်။

'ဒါနဲ့ ဟိုမိန်းကလေးဟာ မင်းနဲ့ပါလာတဲ့ မိန်းကလေး မဟုတ်လားကွယ့်'

'ဟုတ်ပါတယ်ခင်ဗျာ သူ့ကို ကျွန်တော် လိုက်ရှာနေတာ ခင်ဗျ၊ ဘယ်မှာမှ မတွေ့ဘူး'

'အင်း....ကံတရားများ အင်မတန် ဆန်းကြယ်ပါလား ကွယ့် ကျောက်သိုင်းကျမ်းကို လိုချင်တဲ့ သူတွေကတော့ ကြိုးစားပမ်းစား ရှာဖွေကြတယ်၊ ဒါပေမယ့် သူ့တို့ခမျာ လိုက်လေ ဝေးလေ ဩော်–မင်းတို့ကျတော့ မမျှော်လင့်ဘဲ ရောက်လာပြီး လက်တစ်ကမ်းအလိုမှာပဲ ရှိနေတော့တယ်'

'ခင်ဗျာ'

ချင်ရိသည် ချွေးပေ့ကြီး ပြောကြားနေသော စကားများကို နားမလည်ပဲ ဖြစ်နေမိသည်။

'မင်းလဲ သိရရင် အံ့ဩသွားမှာပဲ အခု မင်းနဲ့ငါနဲ့စကား ပြောနေခဲ့တဲ့နေရာဟာ ဂူထိုင်ဂိုဏ်းချုပ်ကြီးနဲ့ သိုင်းကျမ်း ရှိတဲ့ နေရာပဲကွ'

'ဗျာ'

ချင်ရိပါးစပ်အဟောင်းသားဖြင့် အံ့အားသင့်သွားမိ၏။

'မင်း ကောင်မလေးကို သိုင်းကျမ်းတွေ သွားယူခိုင်းထားတယ်၊ ခဏလေး စောင့်လိုက်ပါကွယ်'

အခုမှ ချင်ရိသည် နှင်းပွင့်မယ် ပျောက်နေရသည့် အကြောင်းရင်းကို သိရှိရတော့သည်။





'ဒါနဲ့ အဘိုး ကျွန်တော့်အဖေ့ကို ဘယ်ကိုလွှတ်လိုက်တာလဲခင်ဗျာ'

'အပေါ်ကို တက်ခိုင်းထားတယ်'

သူက ဂူအပေါ်ဘက်ကို လက်ညှိုးထိုး ပြသဖြင့် မော့ကြည့်လိုက်ရာ လူတစ်ယောက်သာသာ ဝင်ရောက် နိုင်သည့် အပေါက်တစ်ပေါက်ကို တွေ့၏။

'အပေါ်မှာ အပေါက်တစ်ပေါက်ရှိတယ်ဆိုတာဘယ်လို လုပ် သိနေလဲခင်ဗျာ'

'ငါ ဒီလိုဏ်ဂူမှာ နှစ်ပေါင်း များစွာ နေလာခဲ့တာပဲ၊ ဟိုစမ်းဒီစမ်းနဲ့ သိခဲ့တာပေါ့ကွယ်၊ နောက်ပြီး လိုဏ်ဂူပြိုကျတုန်းက အဝေးကို ထွက်မသွားဘဲ ဒီနေရာမှာ ရှိနေတော့ ခန့်မှန်းနိုင်တာပေါ့ကွယ်'

'ကျွန်တော့်အဖေ အပေါ်တက်သွားတာ ကြာပြီလား ခင်ဗျာ'

'အေး ပြန်ဆင်းလာဖို့ ကောင်းပြီ'

'ဒါဆို ကျွန်တော် လိုက်သွား ကြည့်ဦးမယ်'

ချင်ရိသည် လျင်မြန်စွာ ထိုအပေါက်ထဲသို့ ဝင်ရောက် သွားခဲ့တော့သည်။

'နှင်းပွင့်မယ်–ဟော့နှင်းပွင့်မယ်'

အပေါ်ဘက်ဝယ် မှောင်နှင့်မည်းမည်း ဖြစ်နေ၍ သူက အသံပြုခေါ်လိုက်၏။ မည်သည့်အသံမှ တုန့်ပြန်မလာသဖြင့် မီးခတ်ကျောက်ကို ထုတ်၍ ခတ်ပြီး မီးကူးလိုက်သည်။

'ဟာ'

သူ ထိတ်လန့်စွာ အာမေဍိတ်သံ ထွက်ပေါ် သွားခဲ့မိသည်။ လူသေအလောင်းများပြန့်ကျဲနေ၏။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်ခန့်က အလောင်းများ ဖြစ်ပုံရ၏၊ စွန်လွန်ဝိုက်းချုပ် ချွေးပေ့ ပြောပြသော သိုင်းသမားများ ဖြစ်ဟန် ရှိသည်။

မည်သည့်အတွက် မပုပ်မသိုးဘဲ ရှိနေသနည်း၊ တစ်ခုတော့ရှိ၏၊ သည်ဂူ၏ အတွင်းကျောက်သားများမှာ မည်းနက် နေကြ၏။ မီးတောင်ဟောင်းတစ်ခုဟုလည်း ဆိုသည်၊ ထို့ကြောင့်များ အလောင်းတွေ မပုပ်မသိုး မဆွေးမမြေ့ ဖြစ်နေသည်လားမသိ။

ထိုစဉ် အလောင်းကြားဝယ် ခွေခွေလေး လဲနေသည့် နှင်းပွင့်မယ်အား သူတွေ့ရှိလိုက်၍ စိုးရိမ်စွာ အလျင်အမြန် ရောက်ရှိသွားသည်။

'ဝှန်း'





ဂ အလောင်းတစ်လောင်းက ထ၍လာပြီး တိုက်ခိုက်သဖြင့် ချင်ရိမှာ လွင့်စင်သွားခဲ့သည်။

လူသေလော သူရဲလော မသိ၊ အလွန်အရုပ်ဆိုးအကျည်းတန်သည့်လူဖြူဖပ်ဖြူရော်အသားအရောင်နှင့်၊ ထို့ပြင်မျက်နှာပေါ်ဝယ် ပွရောင်းသောအသားစိုင် အသားသီး များနှင့် ဖုပိန့်နေခဲ့၏။

'ခင်ဗျား ဘယ်သူလဲ လူလား သရဲလား'

'ဟော့ မသိဘူး'

အသံမှာ အက်တက်တက် ရှတတကြီးလည်း ဖြစ်သည်။

'ငါ လူ့အသားစားမယ်'

'ဘာဗျ'

နှင်းပွင့်မယ်အား လက်ညှိုးထိုးပြီး ပြောသဖြင့် ချင်ရိ ထိတ်လန့်သွားကာ ထိုလူမှန်းမသိ သရဲမှန်းမသိ သတ္တဝါအား စတင် တိုက်ခိုက်၏။

'ဝှန်း'

'ဖတ်'

ချင်ရိ၏ မိစ္ဆာသိုင်းဂိုဏ်းကျမ်းမှာ အချည်းအနှီး ဖြစ်သွား၏။ ထိုသတ္တဝါကြီးက အလွယ်တကူပင် လက်ဝါးနှစ်ဖက်နှင့် ဆီးခံလိုက်၏။ ထို့ကြောင့်ပင်ချင်ရိသည် အဆိပ်လက်ဝါးနှင့် ပြောင်းလဲ တိုက်ပြန်၏။

'ဝုန်း'

'ဖတ်'

'ဟင်'

ချင်ရိ တုန်လှုပ်စ ပြုလာခဲ့ရသည်။

'ကဲကွာ'

'ဝုန်း'

'ဖတ်'

'ဟာ'

သူ၏ မိုးမဆုံး မြေမဆုံး ရိုက်ချက်နှင့်ရိုက်ချသော်လည်း မျက်လုံးစိမ်းနှင့် သတ္တဝါကြီးမှာ ယိမ်းယိုင် သွားပုံမှ အပမည်သို့မှ ဖြစ်မသွားခဲ့ချေ။

သို့ရာတွင်ထိုသတ္တဝါကြီးကား သူ့အား ရန်မူခြင်း မရှိပေ။

'ဒါဖြင့် မင်းအစာသွားယူချေ'





တဖန် နှင်းပွင့်မယ်အား လှစ်ညွှန်းထိုးလျက်–

'သူ့ကို ငါမစားတော့ဘူး စိတ်ချ'

စိုးရိမ်မကင်းရှိနေသော ချင်ရိအား သူက ထပ်မံပြောလိုက်သဖြင့် ချင်ရိသည် အပေါက်မှအောက်သို့ ပြန်ဆင်းလာခဲ့ရ၏။

'ဟေ့....ချင်ရိလား'

'ဟုတ်ပါတယ် အဘိုး'

'အပေါ်မှာ စကားပြောသံကြားတယ်၊ မင်းတို့ပြောဆိုသံကို ငါကြားနေရတယ်ကွ၊ မင်း ခုတွေ့ခဲ့တာ ဂူထိုင်ဂိုဏ်းချုပ်ကြီး ထိုက်ကျဖုရဲ့ လက်ရုံးဖြစ်တဲ့ မျက်လုံးစိမ်း လောင်ချိုင်ကြီး ဖြစ်နိုင်တယ်၊ သူမသေဘဲ ကျန်နေခဲ့တာဖြစ်မယ်'

'အင်း....ဒါကြောင့်မို့ သိုင်းအဆင့်က မြင့်နေတာကိုး'

'အေးလေ....လောက်ချိုင်ကြီး မသေတာ သိုင်းလောကမှာ ရှုပ်ထွေးစရာတွေ ဖြစ်ဦးမယ်ထင်တယ်'

'ဘာဖြစ်လို့လဲ ခင်ဗျာ'

'ဟာ....သူက သူ့ဆရာရဲ့ သိုင်းကျမ်းကို ဘယ်ပေးမလဲကွ'

'ဟုတ်တယ်....ကျွန်တော် သူ့ကို မတိုက်နိုင်ခဲ့ဘူး'

'အေး....ဒါဆိုရင် ကျောက်သိုင်းပညာတွေ သူ ဂူထဲမှာ လေ့ကျင့်ခဲ့တာနေမှာပေါ့ကွယ်'

'ခု....ကျွန်တော့်ကို ...စာရှာခိုင်းလိုက်တယ်၊ မရှာရင် ကျွန်တော့်အဖေ့ရဲ့အသားကို စားမယ်လုပ်နေတယ်ခင်ဗျာ'

'ဟာ....အဲဒါမှ ဒုက္ခပါပဲ၊ ဒီကောင်ကြီးကတော့ ဒုက္ခပေးပြီ၊ ဟော....သတိရပြီ သူငယ်ရေ့၊ ဟို....မင်းသတ်ပစ်လိုက်တဲ့ မြွေကြီးကရော'

ချင်ရိလည်း ဝမ်းသာသွားပြီး ထိုမြွေကြီးကို ယူဆောင်လျက် အပေါ်သို့ ပြန်တက်သွားလေတော့သည်။

အပေါ်ရောက်သည်နှင့် မြွေကြီးအား သူ့ထံပစ်ပေးလိုက်၏။ မြွေမှာ အတော်လေးကြီးမားသဖြင့် မျက်လုံးစိမ်းလောက်ချိုင်မှာ ကျေနပ်ပြုံးရွှင်သွားလေသည်။

ချင်ရိသည် သတိလစ်လျက်ရှိသည့် နှင်းပွင့်မယ်ကို အတွင်းအားဖြင့် နှိပ်နယ်ပေး၍ ကုသလိုက်ရာ မကြာမီ သတိရလာတော့၏။

'အစ်ကိုချင်ရိရယ်'

သူမက သတိရလျှင်ရချင်း ချင်ရိ ရင်ခွင်ထဲ တိုးဝင်သည်။ ထို့နောက် သူမ၏ အတွေ့အကြုံအား ပြောပြသည်။

'အလောင်းကောင်ကြီးက ထလာတယ် အစ်ကိုချင်ရိ'

ချင်ရိက ပြုံးလိုက်သည်။



'အစ်ကိုချင်ရိ အဲဒီအလောင်းကောင်ကြီးကို မောင်းထုတ်လိုက်ပြီလား....ဟင်'

'အင်း....နောက်လှည့်ကြည့်လိုက်ဦးကွယ်'

'အမလေး'

မြွေသားကို အားရပါးရ စားသောက်နေသည့် မျက်လုံးစိမ်း လောက်ချိုင်ကို တွေ့လိုက်သဖြင့် ထိတ်လန့်ခါ ချင်ရိအား ဖက်ထား၏။

'ကျွန်မ ကြောက်တယ်အစ်ကို၊ သူ....သူက သူရဲလား'

'မဟုတ်ပါဘူး၊ ဂူထဲကလူ'

'ကျွန်မတို့ သွားကြပါစို့'

'ဟဲ....ဟဲ....သူနဲ့ အဖော်ရအောင် နေရဦးမယ်ကွ'

'ဘာဖြစ်လို့လဲ'

'သူက တို့ကို သွားခွင့်မပြုသေးဘူးလေ'

'အို....ဒုက္ခပါပဲအစ်ကိုရယ်'

ထိုအခိုက် စူးရှသော အော်သံကြီးကို ကြားလိုက်ရသဖြင့် ချင်ရိ ဝုန်းကနဲ ထရပ်လိုက်မိသည်။

စွန်လွန့်ကိုဏ်းချုပ် ချွေးပေ့၏အသံမှန်း ချင်ရိသည်။ နှင်းပွင့်မယ်ကိုဆွဲခါ အောက်သို့ ဆင်းရန်ပြင်၏။

ထိုအချိန်ဝယ် မျက်လုံးစိမ်း လောက်ချိုင်က အောက်ဘက်သို့ ရောက်ရှိသွားခဲ့ပြီဖြစ်သည်။

အောက်ဘက် လိုဏ်ဂူသို့ရောက်ရှိသွားသောအခါ ချေးမှဲ့မှာ သေဆုံးနေသည်ကို တွေ့ရသည်။

သူ့အနီး၌ အဆိပ်လက်ဝါး စုံရှင်းဖုနှင့် သိုင်းစကြာ စီခိုသန့်တို့အား တွေ့ရှိရလေသည်။

'သူသတ်လိုက်တာပဲကွ၊ ချင်ရိ'

ချင်ရိမှာ အလွန်ဒေါပွသွားမိသည်။

ဆရာဖြစ်သူက ပြောကြားလိုက်သဖြင့် ချင်ရိ သိုင်းစကြာအား ရင်ဆိုင်လိုက်သည်။

'အင်မတန် ရက်စက်တဲ့ တိုက်ခိုက်မှုပဲ၊ မျက်စိမမြင်တဲ့ သူကို တိုက်ခိုက်တာ လူမဆန်ဘူးဗျာ'

'ဟား–ဟား–ဟား–ဟား'

'ငါ့ကို လိမ့်တာကိုး၊ ဘယ်သူဖြစ်ဖြစ် ငါ့ကို လိမ်ရင် ညာရင် ခုလိုပဲ ငါက စိတ်မထိန်းနိုင်ဘူးကွ'

သိုင်းစကြာနှင့် အဆိပ်လက်ဝါး စုံရှင်းဖုတို့မှာ လိုဏ်ဂူနံရံမှ မြေပုံကို သေချာစွာလေ့လာပြီးမှ လိုဏ်ဂူသို့ ပြန်လည်ရောက်ရှိလာခဲ့ခြင်း ဖြစ်ကြ၏။





ဂူဝတွင်လည်း လူတစ်စု ရပ်နေကြသည်ကို တွေ့ရသည်။

'ဝူထိုင်ဂိုဏ်းသားတွေပဲကွ'

အဆိပ်လက်ဝါး စုံရှင်းဖု၏ ပြောကြားသံကြောင့် ချင်ရိသည် စိုးရိမ်သွားမိ၏။

'ခင်ဗျားတို့ ကျုပ်ဆရာရဲ့ ကျောက်သိုင်းကျမ်းကို လိုချင်လို့ လာကြတာလား'

တစ်ချိန်လုံး တိတ်ဆိတ်စွာရပ်နေသည့် လောက်ချိုင်ကြီးက မေးမြန်းလိုက်ခြင်း ဖြစ်သည်။

အဆိပ်လက်ဝါးရော သိုင်းစကြာပါ မျက်နှာ ကွက်ခနဲ ပျက်သွား၏။

မည်သူမှ တုန့်ပြန်မဖြေဘဲ တိတ်ဆိတ်နေကြသဖြင့် မျက်လုံးစိမ်းလောက်ချိုင်သည် သည်းမခံနိုင်တော့ဘဲ သူတို့အား ဝင်ရောက်တိုက်လေသည်။

မျက်လုံးစိမ်းလောက်ချိုင်က သိုင်းစကြာ စီခိုသန့်အား ရိုက်ချ၏။ သိုင်းစကြာက လက်ဝါးဖြင့် စီးခံသည်။

'ဝုန်း'

'ဖတ်'

လက်ဝါးချင်း ထိတွေ့သံ ပေါ်ထွက်သွားခဲ့သည်။ တစ်ဦးကို တစ်ဦး စိုက်ကြည့်လျက် အတွင်းအားချင်း ပြိုင်နေကြသည်။

မျက်လုံးစိမ်း လောက်ချိုင်က သူ၏ စိမ်းဖန့်သော မျက်လုံးအစုံကို ပြူးကျယ်ကာ ကျယ်လောင်စွာ မာန်သွင်း၏။

'ယား'

ထို့နောက် လက်ဝါးကို သိုင်းစကြာထံ တွန်းထုတ်လိုက်တော့သည်။ သိုင်းစကြာမှာ ခပ်ဝေးဝေးသို့ လွင့်စင်ကာ လဲကျသွားတော့၏။

အဆိပ်လက်ဝါး စုံရှင်းဖုမှာလည်း ထိတ်လန့် သွားလေသည်။

'ဟား ဟား ဟား ဟား'

မျက်လုံးစိမ်းလောက်ချိုင်သည် အားရအောင် ရယ်မောပြီး–





'ကျုပ်ဟာ ဝူထိုင်ဂိုဏ်းချုပ်ကြီး ထိုက်ကျဖုံ့ရဲ့ လက်ရုံး မျက်လုံးစိမ်း လောက်ချိုင်ပဲ၊ ဘယ်သူမဆို ကျုပ်ဆရာရဲ့ ကျောက်သိုင်းကျမ်းကို လုယူဖို့ ကြိုးစားရင် သူ့လိုခံကြရမှာပဲ မှတ်ထားကြ'

ထိုအခါ လိုဏ်ဂူဝမှ ဝူထိုင်ဂိုဏ်းသား (၁၀) ယောက်ခန့်သည် ဂူထဲသို့ဝင်ရောက်လာကာ မျက်လုံးစိမ်း လောက်ချိုင်ရှေ့၌ ဒူးထောက် အရိုအသေ ပေးလိုက်ကြ၏။

'ကျွန်တော်တို့ဟာ ဝူထိုင် ဂိုဏ်းသားတွေပါပဲ ဆရာကြီးကို ဂိုဏ်းထဲ ပြန်လည်လိုက်ခဲ့ပါလို့ ပင့်ခေါ်ပါရစေခင်ဗျား'

'ဒီလိုဏ်ဂူထဲမှာ ငါနှစ်ပေါင်း များစွာ နေမမြင်၊ ရေမမြင်နေလာခဲ့တာပဲ ခု ပြန်ပြီး အပြင်လောကမှာ နေထိုင်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး၊ အခု ငါ့အတွက် အစာရှာကျွေးမယ့် ဟောဒီ လူငယ်နှစ်ယောက်ရှိပြီ၊ မင်းတို့ဘာသာ ဂိုဏ်းကိုပြန်ကြပါတော့'

ဝူထိုင်ဂိုဏ်းသားများမှာ မည်သို့ ဆက်လက် လုပ်ရမည် မသိပဲ ငိုင်နေကြ၏။

ထိုစဉ် အဆိပ်လက်ဝါး စုံရှင်းဖုံသည် ချင်ရိအနီးကပ်လာလျက် တီးတိုးပြောဓ၏။

'မင်းတို့နှစ်ယောက် အမြန်ဆုံးထွက်သွားကြ၊ မျက်လုံးစိမ်းကို ငါတိုက်ထားခဲ့မယ် နောက်ပြီး ကိုယ်ပျောက်လျှိုလိုက်ခဲ့'

အဆိပ်လက်ဝါးစုံရှင်းဖုသည် သူတို့နှစ်ဦးအား ဂူပေါက်ဝသို့ တွန်းထုတ်လိုက်၏။

ထို့ကြောင့် ချင်ရိနှင့် နှင်းပွင့်မယ် ထိစင့်လွှမ် တို့မှာ ဂူအပြင်သို့ ရောက်ရှိ သွားကြသည်။

ဂူထိုင်ဂိုဏ်းသားများက ချင်ရိအား ဝိုင်းတိုက်ကြ၏။

အဆိပ်လက်ဝါးနှင့် မျက်လုံးစိမ်းတို့ မှာလည်းပြင်းထန်စွာ တိုက်ခိုက်နေကြလေပြီ။

'မင်းတို့ ငါ့ဆရာရဲ့ ဝတ်ကြီးဝတ်ငယ် ပြုစုဆောင်ရွက်ဖို့'

ချင်ရိက ထိုသို့ပြောလာသည့် ဂူထိုင် ဂိုဏ်းသားအား ရိုက်ချလိုက်သည်။

'ဝုန်း'



ထိုအရိုက်ခံရသော ဂိုဏ်းသားမှာလွင့်စင်လျက် မြန်လည်ထမလာနိုင်တော့ပဲရှိ၏။ ကျန်လူများက ချင်ရိအားမည်သူမှ မတားဝံ့ကြတော့ပေ။

သူတို့က ကြောင်တောင်တောင်ဖြင့် ချင်ရိတို့ နှစ်ဦးအား ငေးငိုင်လျက်ကြည့်ပြီး ကျန်ရစ်သည်။

ချင်ရိကား ထိစင့်လွှမ်၏ လက်ကို ဆွဲလျက် ထိုနေရာမှ လျင်မြန်စွာ ထွက်ခွာသွားကြတော့သည်။

* * *

ပေါက်ကျ : ၄၇

## ခရမ်းရောင်ဂိုဏ်း

သိုင်းလောကအတွင်း ထူးခြားသော ပြောင်းလဲမှုတစ်ခု ဖြစ်ပေါ်လာ၏။ မိန်းမ ဦးစီးသော ဂိုဏ်းကြီးတစ်ဂိုဏ်း ပေါ်ထွက်လာခြင်းဖြစ်၏။

ယခင်ကကိုယ့်ဂိုဏ်း ကိုယ့်အဖွဲ့စည်းနှင့် နေကြရာမှ ယခု အခါ နောက်ဆုံး ပေါ်ပေါက်လာသော ခရမ်းရောင်ဂိုဏ်း လက်အောက်သို့ ဝင်ရောက်လာကြခြင်းဖြစ်သည်။

ခရမ်းရောင်ဂိုဏ်းအား မိန်းမတစ်ဦးက ဦးဆောင်ဦးရွက် ခေါင်းဆောင်နေ၏။

ထို့ပြင် ထိုဂိုဏ်းမှာ နေ့ချင်းညချင်း ကြီးထွားလာခြင်း ဖြစ်သည်။





ဂိုဏ်းချုပ်မှာ မျက်နှာကို ပဝါဖြင့် အုပ်ကာ လျှို့ဝှက် ထားသည်ကလည်း ထူးခြား၏။

ဤဂိုဏ်းအတွင်း ခရမ်းရောင် ဂိုဏ်းသည် အခြားအဖွဲ့ အစည်းများနှင့် ပူးပေါင်းကာ မဟာဂိုဏ်းကြီးထူထောင်ဖို့ ကြိုးစားနေသည်ဟု ကြားသိရသည်။

ယင်းသို့ ပူးပေါင်းရာ၌ ချင်ရိစိတ်ဝင်စားသည့်အကြောင်း အရာတစ်ခုလည်း ပါဝင်သည်။

ယင်းမှာ ခရမ်းရောင်၏ လက်အောက်ခံအဖြစ် ကျုံးစန်း ဂိုဏ်းကြီးက ဝင်ရောက်ပူးပေါင်းမည် ဆိုသော သတင်းပင် ဖြစ်သည်။

သို့ဖြင့် ချင်ရိသည် ခရမ်းရောင်ဂိုဏ်း၏ မဟာဂိုဏ်းကြီး တစ်ဂိုဏ်းထူထောင်မည့် အစည်းအဝေး ကျင်းပပြုလုပ်သည့် ဘုံကျောင်းအနီး၌ တိတ်တဆိတ် ပုန်းအောင်း စောင့်နေ ခဲ့ကြသည်။ သူတို့က သစ်ပင်ပေါ် တက်ရောက်ကာ ဘုံ ကျောင်းအား လေ့လာနေခဲ့ရာ အတွင်းမှ အစည်းအဝေး တက်ရောက်လာသူများကို အထင်းသား တွေ့ရှိနေရသည်။

ထိုညသည်များအနက် ချင်ရိသိရှိသူနှစ်ဦး ပါဝင်သည်။ တစ်ဦးမှာ ကျုံးစန်းဂိုဏ်းချုပ် သံခြေထောက် ကျင်းရှောင်ရိ နှင့် တစ်ယောက်မှာ မိုးကြိုးသံလက်ဝါး ကျန်းချီတို့ဖြစ်ကြ

သည်။ မိုးကြိုးသံလက်ဝါး ကျန်းချီအား တွေ့မြင်ရသော အခါ ချင်ရိသည် ကျန်းချင်ချင်ကိုသတိရ၍ လွမ်းဆွတ်မိလေ သည်။

'တောက်'

သူ၏ ရင်ထဲ၌ ဒေါသများအုံကြွလာသဖြင့် "တောက်" ခေါက်လိုက်မိ၏။

'ဘာဖြစ်လို့ တောက်ခေါက် တာလဲဟင် အစ်ကို'

ချင်ရိသည်အမှန်အတိုင်းပြောဆိုရန်ရွံ့နေမိ၏။ ထို့ကြောင့် လှီးလွှဲပြောဆို လိုက်မိသည်။

'ဟိုမှာလေ ကျုံးစန်းဂိုဏ်းချုပ် ကျင်းရှောင်ရိ'

'အင်း....ဟုတ်တယ်၊ သူတို့ကြည့်ရတာ ခရမ်းရောင်ဂိုဏ်း ချုပ် မရောက်လာသေးလို့ စောင့်နေပုံပဲ'

'မင်း ဒီကအခြေအနေ စောင့်ကြည့်နေခဲ့ ကျုပ်ဘုံကျောင်း အနီး ချဉ်းကပ်သွားလိုက်ဦးမယ်'

ချင်ရိသည် ပြောပြောဆိုဆိုဖြင့် သစ်ပင်ပေါ်မှ ခုန်ချ လျက် ဘုံကျောင်းကြီးဆီသို့ လျှောက်သွား၏။





ပြတင်းပေါက်မှ ခုန်ဝင်လျက် ကျုံးစန်းဂိုဏ်းချုပ် ကျင်း ရှောင်ရိအား မျက်နှာချင်းဆိုင်လိုက်သည်။

သူ့အား မြင်လိုက်ရသော သံခြေထောက် ကျင်းရှောင် ရှိမှာ မျက်နှာကွက်ခနဲ ပျက်သွား၏။

သို့သော် အိမ်ခြေဆည်လိုက်ပြီး မိုးကြိုးသံလက်ဝါး ကျန် ချီအား တီတိုးပြောလိုက်၏။

'ကျုပ်တို့ ကျုံးစန်းအဖွဲ့ကို လာဖျက်ဆီးနှောင့်ယှက်တဲ့ ကောင်လေ'

'ဟာ....မှတ်မိတာပေါ့၊ သူနဲ့ ကျုပ်လဲ စာရင်းရှင်းရ ဦးမယ်'

မရှေးမနှောင်းမှီ နှင်းပွင့်မယ်သည်လည်း ညှို့ခန်းထဲသို့ ရောက်ရှိလာ၏၊ သူမအား မိုးကြိုးလက်ဝါး ကျန်းချီကတွေ့ သဖြင့် သူမထံသို့ လျှောက်သွားသည်။

ကျုံးစန်းဂိုဏ်းချုပ်နှင့် ချင်ရိတို့တိုက်ခိုက်ရန် ဘာစုနေ ကြချိန်ဝယ် သူကာ နှင်းပွင့်မယ်ရှေ့သို့ ရောက်သွားပြီဖြစ် သည်။

'မင်း အင်မတန်လှတဲ့ မိန်းကလေးပဲကွယ့်'

နှင်းပွင့်မယ်မှာ သူမအား ထိကပါးရိကပါး လာရောက်လုပ်နေသော မိုးကြိုးလက်ဝါး ကျန်းချီအား ရွံရှာမုန်းတီးစွာဖြင့် ကြည့်ပြီး–

'ထွီ'

တံတွေးနှင့် လှမ်းထွေးလိုက်သောကြောင့် မိုးကြိုးလက်ဝါးသည် နှင်းပွင့်မယ်အား စိတ်ဆိုးစွာဖြင့် မျက်နှာရှေ့တွင် လက်ကို ဝေ့ရမ်းလိုက်၏။

'ဟင်'

အဖြူမှုန့်များ သူမ၏မျက်နှာရှေ့ဝယ် ပြန့်ကျဲသွား၏။

တစ်ဖြည်းဖြည်း သူမ၏မျက်လုံးမှာ မှေးစင်းသွားလေသည်။

ခြေလက်များမှာလည်း လေးလံသွားခဲ့၏။

ခေါင်းမှာမူ မထူနိုင်တော့ပေ ပျော့ခွေကျသွားရှာ၏။

'ဟား....ဟား....ဟား....ဟား'

မိုးကြိုးလက်ဝါး ကျန်းချီက ကျေနပ်အားရစွာ ရယ်မောလျက် ပျော့ခွေကျသွားသော နှင်းပွင့်မယ်အား အသာယူ၍ ပွေ့ပိုက်ထားသည်။





ချင်ရိနှင့် ကျင်းရှောင်ရိတို့ နှစ်ဦးကား အပြင်းအထန် တိုက်နေကြဆဲ။

'ရပ်လိုက်စမ်း'

တည်ငြိမ်အေးစက်သော အသံတစ်ခု ပေါ်လာသဖြင့် သူတို့နှစ်ဦးစလုံး ရပ်လိုက်မိကြသည်။

ခရမ်းရောင်ဝတ်စုံနှင့် မျက်နှာများကို အနက်ရောင် ဇာပဝါနှင့် အုပ်ဆိုင်းထားသော လူ၇စ်ဦး 'ခန်းမထဲ တစ်လှမ်းချင်း လျှောက်ဝင်လာခဲ့၏။

မိန်းမတစ်ဦး၏ အချိုးအဆစ်နှင့် လှပစွာ လျှောက်လာခြင်း ဖြစ်သည်။

ခန်းမတွင်းရှိလူများက အရိုအသေပေး ဒူးထောက်လိုက်ကြ၏။

ထိုစဉ် ရှေ့ဆုံးသို့ ကျုံးစန်းဂိုဏ်းချုပ် ကျင်းရှောင်ရိက တိုးထွက်လာကာ ခရမ်းရောင်၏ဂိုဏ်းချုပ်လုပ်သူထံတောင်းပန်လိုက်၏။

'ကြို့ဆိုခြင်း ပျက်ကွက်မိထဲ့အတွက် တောင်းပန်ပါတယ် ဂိုဏ်းချုပ်ကြီး'

သူမက ခန်းမတစ်ခုလုံးအား ဝေ့ဝဲကြည့်လိုက်စဉ် ပျော့ခွေလျက် မိုးကြိုးလက်ဝါး ကျန်းချီ၏ ရင်ခွင်ထဲမှ နှင်းပွင့်မယ်အား တွေ့ရှိလိုက်သဖြင့်—

'သူက ဘယ်သူလဲ'

'နှောင့်ရှက်ဝင်လာတဲ့ သူနှစ်ဦးပါ ကျွန်တော် ဖမ်းဆီးထားခြင်း ဖြစ်တယ်'

'နောက်တစ်ယောက်ကိုရော မဖမ်းနိုင်ကြဘူးလား'

ချင်ရိအား မသိမသာ ငွဲစောင်းကြည့်လျက် မေးမြန်းလိုက်၏။

'ကျုပ်ဖမ်းဆီးဖို့ ကြိုးစားနေတုန်း ဂိုဏ်းချုပ်ရောက်လာခြင်း ဖြစ်ပါတယ်ခင်ဗျာ'

ကျုံးစန်းဂိုဏ်းချုပ် ကျင်းရှောင်ရိက ပြောကြားလိုက်၏။

'ရှင်က ဘာပြုလို့ ကျွန်မတို့ စည်းဝေးပွဲကို လာရောက်နှောင့်ယှက်ရတာလဲ'

'စည်းဝေးပွဲကို ကျုပ် နှောင့်ယှက်တာမဟုတ်ပါဘူး၊ ဟောဒီ လူဘာတ်သမား သိုင်းသမားနှစ်ဦးကို ကြွေးဆပ်ဖို့ရောက်လာခဲ့တာပါ'





ချင်ရိက အမှန်အတိုင်း လက်ညှိုးထိုးပြီး ပြောပြလိုက်သည်။

ကျင်းရှောင်ရိနှင့် ကျန်းချီတို့နှစ်ဦးမှာ မျက်နှာပျက်သွားကြတော့သည်။

'ဒါက ရှင့်ရဲ့ပုဂ္ဂိုလ်ရေးရာကိစ္စတွေ ဖြစ်တယ်၊ အခုကျွန်မတို့ စည်းဝေးဆွေးနွေးကြတဲ့ ကိစ္စက ဂိုဏ်းအဖွဲ့အစည်းရဲ့ကိစ္စတွေ ဖြစ်တာမို့ ရှင်မနှောင့်ယှက်သင့်ဘူးလို့ထင်ပါတယ်၊ ကျွန်မတို့အစီအစဉ်ပြီးမှ ရှင့်ကိစ္စ ဆက်ဆောင်ရွက်ဖို့ မမတ္တာရပ်ခံချင်ပါတယ်'

'ကျုပ်မစောင့်နိုင်ပါဘူး ကျုပ်မှာ လုပ်စရာတာဝန်တွေရှိသေးတယ်ဗျာ'

'ရှင်ပြောရခက်ပါလား၊ ရှင့်ကို ကျွန်မတောင်းပန်ထားတယ်'

'တောင်းပန်တိုင်း ကျုပ်က မလိုက်လျောနိုင်ဘူး'

'ရှင်က ကျွန်မတောင်းပန်တာကို ဂရုမစိုက်ဘူးပေါ့'

'ဟုတ်တယ်'

ခရမ်းရောင်ဂိုဏ်းချုပ်အမျိုးသမီးက သူ့ရှေ့သို့ခုန်ထွက်လာ၏။

သူမ ခုန်ထွက်လာပုံမှာ ကိုယ်ဖော့ပညာ ကောင်းမွန်သော သူတစ်ဦးအသွင်ဖြစ်၍ အလွန်မှပင် ပေါ့ပါးဟန် ရှိနေသည်။

ရှတ်တရက် သင်းပျံ့သော ရနံ့သည် သူ၏နှာခေါင်းထဲသို့ စီးဝင်ရောက်ရှိလာ၏။

တစ်ချိန်တည်းပင် မိန်းမပျို၏ လက်တစ်ဖက်သည် ချစ်ရိ၏ပခုံးအား အားစိုက်ထုတ်ပြီး ဖြစ်သွားသည်။

သူ၏လက်တစ်ဖက်မှာ ကျင်ခနဲဖြစ်သွားလျက် ထုံသွားခဲ့သည်။

တစ်ဖန် သူ၏ အတွင်းအားတို့မှာလည်း ကုန်ခမ်းသွားသလို ခံစားလိုက်ရ၏။

တစ်ကိုယ်လုံး မလှုပ်ချင်မရှားချင်အောင် ဖြစ်လာ၍ ချင်ရိသည် ထိတ်လန့်တုန်လှုပ်သွားတော့၏။

ခရမ်းရောင်ဝှက်း၏ဂိုဏ်းချုပ်အမျိုးသမီး၏သိုင်းစွမ်းမှာ ထူးဆန်းလှသကဲ့သို့ အဘယ်ကြောင့် သိုင်းအဖွဲ့အစည်းများမှ လေးစားရသည်ကို ချင်ရိ နားလည်လိုက်ရတော့သည်။

သူမ၏သိုင်းစွမ်းမှာ ချင်ရိ ထင်ထားသည်ထက် အဆပေါင်း များစွာ သာလွန်နေသည်ကို သိရှိသောအခါ၌ သူ့ကိုယ်သူ မဟန်နိုင်တော့ပြီ ဖြစ်သည်။



သူသည် စိတ်ကိုတင်းလျက် ဝေဒနာများကို ချေဖျက်၏။ ထိုစဉ်ခိုက် ခရမ်းရောင် ဂိုဏ်းချုပ်သည် သူ၏ ရှေ့သို့ ရောက်ရှိလာလျက် သူ၏ နဖူးကို လက်ညှိုးဖြင့် တောက်လိုက်၏။

အာရုံကြော တစ်နေရာသို့ တောက်လိုက်မိခြင်းကြောင့် ချင်ရိမှာ မည်သည့်အရာကိုမျှ မသိနိုင်တော့ဘဲ ကြမ်းပြင်ပေါ်သို့ ပုံလျက်သား လဲကျသွားတော့၏။

ခရမ်းရောင် ဂိုဏ်းချုပ်က ဂိုဏ်းသားနှစ်ဦးအား မျက်ရိပ်ပြလိုက်ရာ ချင်ရိနှင့် နှင်းပွင့်မယ်တို့ နှစ်ဦးကို သယ်ဆောင်သွားလေတော့သည်။

* ၀ *

ချင်ရိ ပြန်လည်သတိရလာသောအခါ မိန်းမသားတစ်ဦး၏ အခန်းထဲ ရောက်ရှိနေခဲ့သည်ကို တွေ့လိုက်ရသည်။ သူ ရှတ်ခြည်းထထိုင်လိုက်မိ၏။

ထိုစဉ် အခန်းတံခါးပွင့်သွားပြီး ခရမ်းရောင်ဂိုဏ်းချုပ် ဝင်ရောက်လာခဲ့၏။

ချင်ရိက ဂိုဏ်းချုပ်အား မျက်မှောင်ကြုတ်လျက် ကြည့်မိသည်။

'ရှင် သတိရလာပြီလား'

သည်အသံမျိုး သူ ရင်းရင်းနှီးနှီး ကြားဖူးသလိုရှိ၏။

'ကျုပ် ဘယ်ကိုရောက်နေတာလဲဗျ'

'ကျွန်မအခန်းထဲကိုပါ၊ ဟင်း...ဟင်း'

'ဒါနဲ့ ကျုပ်နဲ့ပါလာတဲ့ အဖော်တစ်ယောက်ကိုရော ဘယ်မှာထားသလဲ ခင်ဗျား'

'ရှိပါတယ်'

'ဒါဖြင့် သူ့ကိုလွှတ်ပေးဖို့ မေတ္တာရပ်ခံပါတယ်'

'အခုပဲ လွှတ်ပေးလိုက်ပါ့မယ်'

'ဒါနဲ့ ခင်ဗျား ဘယ်သူလဲဟင်'

'ခရမ်းရောင်ဂိုဏ်းချုပ်ပေါ့ရှင့်'

'နာမည်ကိုမေးတာပါဗျာ'

'ဝမ်းနည်းပါတယ်ရှင်'

'ဒါဆို မျက်နှာကို ခဏလောက် လှစ်ပြပါလား'

'ဝမ်းနည်းပါတယ်ရှင်'

သို့သော် ချင်ရိုသည်စိတ်ထဲမျှ သိပ်အောင့်အည်း မနေနိုင်ခဲ့ချေ။ ဂိုဏ်းချုပ်၏ အသံသည်လည်းကောင်း၊ မျက်လုံးအစုံသည်လည်းကောင်း၊ သွားပုံလာပုံ နေပုံထိုင်ပုံသည်လည်းကောင်း၊ သူ၏ချစ်သော ကျွန်းချင်ချင်နှင့်တူလှသဖြင့် အလွန်မှပင် သိချင်နေမိသည်။



ထိုကြောင့် သူ့အား လှစ်မပြသည့် ဂိုဏ်းချုပ်၏မျက်နှာအား ရုတ်တရက် ဆွဲခွာဖွင့်ဟလိုက်မိကော့သည်။

'ဟင်....'

ထိုအခါ သူထင်သကဲ့သို့ မဟုတ်ပဲ အခြား အမျိုးသမီးတစ်ဦး၏မျက်နှာတစ်ခု ဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

'ခုလို ဖွင့်ဟကြည့်တဲ့အတွက် ခွင့်လွှတ်ပါ'

ခရမ်းရောင်ဂိုဏ်းချုပ်မှာ ဒေါသဖြစ်သွားသော အရိပ်ရောင်ဖြစ်ပေါ်သွားသေး၍လည်း ချက်ချင်း ပြန်လည်မျိုသိပ်လိုက်ပုံရသည်။

'ဘာလဲ ရှင့်အသိများ ဖြစ်နေတယ်ထင်လို့လား'

'ဟုတ်ပါတယ်၊ မိတ်ဆွေတစ်ဦးနဲ့ တူလွန်းလို့ပါ'

'ကျွန်မနဲ့တူတယ် ဟုတ်လား၊ ဘယ့်သူများပါလိမ့်ရှင်'

'ကျွန်းချင်ချင်လို့ ခေါ်ပါတယ်၊ မျက်နှာသာ မမြင်ရင် သူမှသူပါပဲခင်ဗျာ'

'ကျွန်းချင်ချင်တဲ့လား'

သူမ၏မျက်နှာဝယ် ညှိုးလျော်သောအရိပ်များ ပေါ်နေခဲ့သည်။

'အမှန်တော့ သူမဟာ ကျုပ်ချစ်သူတစ်ဦးပါပဲ၊ သူက ချောက်တစ်ခုထဲ ခုန်ချသွားခဲ့တယ်ဗျာ၊ ဒါပေမယ့် သူ မသေဘူးလို့ ကျုပ်စိတ်ထဲ ထင်နေမိခဲ့တယ်'

ခရမ်းရောင်ဂိုဏ်းချုပ်သည် တွေဝေငေးမောလျက် နားထောင်နေ၏။ ထို့နောက် မျက်ရည်များ ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသဖြင့် ချင်ရိမှာ ထိတ်လန့်သွားမိသည်။

'ဟင်....ဟင်....ခင်ဗျား မျက်ရည်တွေ'

'ကျွန်မ စိတ်မကောင်းစရာအဖြစ်ကို သတိရလို့ပါရှင်'

'ဘယ်လိုစိတ်မကောင်းစရာများပါလိမ့်'

'ကျွန်မမှာ ချစ်သူတစ်ဦး ရှိခဲ့ဖူးတယ်၊ သူတစ်ယောက်တည်းကိုသာ ကျွန်မ သံယောဇဉ်ရှိခဲ့မိတယ်၊ ဒါပေမယ့် သူနဲ့ ကျွန်မကို ကွဲသွားကြဖို့ ကြမ္မာတစ်ခုက ငင်လာတယ်-

မမျှော်လင့်ပဲ လူတစ်ယောက်ရဲ့ စော်ကားခြင်းကို ကျွန်မ ခံလိုက်ရတယ်၊ ဒါကြောင့် ကျွန်မ ရှောင်ပြေးခဲ့ရတယ်'

'ဟင်....'





ချင်ရိသည် တိုက်တိုက်ဆိုင်ဆိုင် တူညီလှသော အဖြစ်အတွက် မယုံနိုင်စရာ ကောင်းနေတော့သည်။ သူနဲ့ ကျန်းချင်ချင်တို့၏ အဖြစ်အတိုင်းပါပဲလား။

'အဲဒီနောက်တော့ ကျွန်မဟာ သိုင်းပညာရှင် တစ်ဦးနဲ့ ဆုံပြီး သိုင်းပညာကို သင်ကြားတတ်မြောက်ခဲ့တယ်၊ ပြီးတော့ နာမည်ကြီးသိုင်းသမားတွေကို စိန်ခေါ် တိုက်ခိုက်ခဲ့တယ်၊ တစ်ဦးပြီးတစ်ဦး အနိုင်ရခဲ့တယ်၊ ဒါကြောင့် သိုင်းလောက တစ်ခုလုံး ဂယက်ရိုက်သွားခဲ့တော့တယ်-

ဒါကြောင့် ကျွန်မရဲ့ ခရမ်းရောင်ဂိုဏ်း လက်အောက်ကို ဂိုဏ်းတော်တော်များများ ဝင်ရောက်လာတယ်ရှင့်၊ ရှင့်ရန်သူ ကျုံစန်းဂိုဏ်းချုပ် အပါအဝင်ပေါ့'

'ဒါနဲ့....နေပါဦး ကျုပ်တစ်ခု မေးပါရစေဦးခင်ဗျာ၊ ခင်ဗျား ကျုပ်ကို ခုလို စေတနာ ကောင်းကောင်း မွန်မွန်နဲ့ ဆက်ဆံနေတာ ဘာကြောင့်လဲဟင်'

'ကျွန်မ မသိဘူးရှင့်၊ ကျွန်မချစ်သူနဲ့ ရုပ်ချင်းဆင်နေလို့များ စေတနာပိုမိတာလား မသိပါဘူး'

'ဗျာ....'

ချင်ရိသည် မယုံကြည်စရာ တိုက်ဆိုင်မှုတို့ကို တစ်ခုပြီး တစ်ခု တွေ့ကြုံနေရလေသည်။

'ဒါနဲ့ရှင်....ရှင်နဲ့ပါလာတဲ့မိန်းကလေးက ဘယ်ကလဲရှင့်'

'နှင်းပွင့်မယ် ထိစင့်လွမ်တဲ့ သိုင်းလောကထဲက ပါပဲ'

'ရှင့်အပေါ် သံယောဇဉ်ရှိပုံရပါတယ်၊ ရှင်တို့နှစ်ယောက် ကျွန်မလိုမဖြစ်ပါစေနဲ့လို့ ဆုတောင်း ပါတယ်ရှင်'

'ကဲ–ကျွန်မသွားဦးမယ်၊ ရှင်ဒီကပဲစောင့်နေ ရှင့်အဖော်ကို လွှတ်ပေးလိုက်ပါမယ်'

ခရမ်းရောင် ဂိုဏ်းချုပ်သည် အခန်းပြင်သို့ ထွက်သွားသောသည်။ ချင်ရိ၏စိတ်ထဲ၌မူ ဂိုဏ်းချုပ်၏ပြောဆိုဆက်ဆံမှုများက ကျန်းချင်ချင်နှင့် တစ်သံတည်း တစ်ဟုန်တည်း ထင်မှတ်နေတော့သည်။

* ● *

ချင်ရိသည် နှင်းပွင့်မယ်အား ခရမ်းရောင် ဂိုဏ်းချုပ်က ပြန်လွှတ်မည်ဆိုသဖြင့် အခန်းထဲဝယ်စောင့်နေခဲ့ရာ ရောက်မလာသဖြင့် စိတ်ပူနေမိသည်။

ထို့ကြောင့် အကျိုးအကြောင်း မေးမည်ဟု အခန်းပြင်သို့ ထွက်လိုက်ရာ ဘုံကျောင်း ဧည့်ခန်းမမှာ မည်သူတစ်ဦးတစ်ယောက်မှရှိမနေသဖြင့် ခရမ်းရောင် တစ်ဂိုဏ်းလုံး ထွက်ခွာသွားကြပြီဟု နားလည်လိုက်ရသည်။





ဂိုဏ်းချုပ်အပေါ်၌လည်း ကွဲပြီး တိုသွားခဲ့၏။ သို့ဖြင့် အခန်းထဲ ပြန်ဝင်ကာ သူမတို့ရှိသည့်နေရာသို့ လိုက်ရန်သင့် မသင့်စဉ်းစားနေမိ၏။

သူ့၌ ကိုယ်ပျောက်လျှို့သိုလှည်း သွားရဦးမည်။ ကျောက်တစ်လုံး တောင်ကိုလည်း တက်ရဦးမည် ဖြစ်သည်။

ထိုစဉ်အခန်းထဲမှ စာတစ်စောင်ကို တွေ့ရှိ လိုက်ရသည်။ သူ့နာမည်တပ်ထားသဖြင့် ကမန်းကတန်း ဖတ်လိုက်မိ၏။

အစ်ကို ချင်ရိ........

''ကျွန်မတို့ဂိုဏ်းထွက်ခွာသွားပါပြီ၊ အစ်ကိုချင်ရိရဲ့ မိန်းကလေး သတိမရသေးတာမို့ ကျွန်မတို့နဲ့အတူ ခေါ်ဆောင်သွားပါတယ်စိတ်ချပါ။

အစ်ကို ချင်ရိကို မှာချင်တာကတော့ ကိုယ်ပျောက်လျှိုကို သွားတဲ့အခါ သတိထားပါ။

အလွန်ကြောက်စရာကောင်းတဲ့ သိုင်းသမားတစ်ဦး ရောက်လာလိမ့်မယ်။

ကျွန်မလဲ အစ်ကိုချင်ရိကို လာပြီး ကူညီပါဦးမယ် ကျွန်မမလာမချင်း အဲဒီသိုင်းသမားနဲ့ ရင်မဆိုင်ပါနဲ့။

သံယောဇဉ်နဲ့

(ခရမ်းရောင် ဂိုဏ်းချုပ်)

ချင်ရီသည် သိုင်းလောကမှ သိုင်းသမား များအား ဖိတ်ကြားထားသည့် ကိစ္စအတွက် ခုထိ သူ၌ ရှင်းလင်းရန် အဆင်သင့် မဖြစ်နိုင်သေးပေ။ သို့အတွက် ရင်လေး နေမိတော့၏။

— — —

ချင်ရီသည် ဘုံကျောင်းမှ အမြန်ဆုံးထွက်ခွာလာမိသည်။ သူ၌ ကျောက်တစ်လုံးတောင်သို့ အရင်သွားမည်။ ထိုနေရာ၌ မျက်မမြင်ဂူထဲဝင်ကြည့်မည်။ ဂူထဲ၌ ဆရာ၏အလောင်း ရှိနေလျှင် သူနှင့်ဆုံဝသော အဘိုးလက်ဝါး စုံရှင်းဖုသည်အတူ၊ ဂူထဲ၌အလောင်းမရှိတော့လျှင် အစစ်၊ ပြီး လျှင်ဆရာ့ကိစ္စအား သိုင်းလောကသားတွေကို ရှင်းပြရမည်။

ထို့ကြောင့် အချိန်ကမရှိ ခပ်သွက်သွက် ခရီးဆက်ခဲ့၏။ သို့ဖြင့်မနားတမ်း လျှောက်ခဲ့ရာ တစ်နေရာ၌ နားမိ၏။ သူထိုင်နေသော သစ်ပင်အောက်နှင့် မလှမ်းမကမ်း နေရာမှ ချုံတစ်ခုလှုပ်နေသဖြင့်အသက်ဘြစ်လျက် ခေါ် ထုတ်လိုက်၏။

'ဟေ့ ချုံထဲက လက်သီးပုန်း ပြမနေနဲ့ ထွက်ခဲ့စမ်း၊ ထွက်မလာရင် လာပြီးဆွဲထုတ် ရမှာနော်'

ထိုသို့ခြိမ်းခြောက်လိုက်မှ လူတစ်ဦး ချုံထဲမှ ထွက်လာခဲ့သည်။ ထိုသူကို မြင်လိုက်ရသော ချင်ရီမှာ အလွန်အံ့ဩသွားမိပြန်သည်။





'မိုးကြိုးလက်ဝါး ကျန်ချီ'

မျက်လုံးအစုံ ကန်းနေသည်ကို တွေ့ရသည်။

'ဘယ်လို ဖြစ်တာလဲ မိုးကြိုးလက်ဝါး'

'ခင်ဗျား ကျုပ်ကို သတ်ဖို့လား၊ သတ်ချင် သတ်လိုက်ပါဗျာ၊ ကျုပ်ကျူးလွန်ခဲ့တဲ့ပြစ်မှုအတွက် ခု ကျုပ်ခံစားနေရပြီဗျ'

'ကျုပ် ခင်ဗျားကို မသတ်ပါဘူး ခင်ဗျား ဘာကြောင့် မျက်လုံးကွယ်သွားရတာလဲ ပြောပြစမ်း ပါဦးဗျ'

ချင်ရီသည် ကျန်းချီမှာရန်သူပင် ဖြစ်သော်လည်း သူ ၏ မျက်လုံးအစုံ ကန်းနေသည်ဆိုတော့လည်း 'ရန်သူ' ဆိုသော အမုန်းသညာကို စွန့်လွှတ်လိုက်တော့သည်။

သူ့အား သာမန်ဒုက္ခိတမျက်မမြင်တဦးသာ မြင်နေမိ၏။

'ဘယ်သူရှိရမလဲ ခင်ဗျားရဲ့ မိန်းကလေး ကျန်းချင်ချင်ပေါ့ဗျ ကျုပ်ကို သူလက်စား ချေလိုက်တာဗျ'

'ဘာ ဘယ်လို ကျန်းချင်ချင်က ခင်ဗျားကို လက်စားချေလိုက်တယ်ဟုတ်လား သူ....သူ ဘယ်မှာလဲ'

ချင်ရီသည် စိတ်လှုပ်ရှားလွန်းစွာ ပြန်လည် မေးမြန်း၏။

ထိုအခါ မိုးကြိုးလက်ဝါးကျန်းချီသည် သူကြုံဆုံရသော ကျန်းချင်ချင်အကြောင်းကို ပြောပြခဲ့လေသည်။

'ခရမ်းရောင်ဂိုဏ်းချုပ်က တစ်နေ့မှာ ကျုပ်ကို ခေါ်တွေ့တယ်၊ နှစ်ယောက်ချင်းတွေ့တယ်ဆိုတော့ ကျုပ်လဲ ကျုပ်စိတ်ကူးနဲ့ကျုပ်ပေါ့၊ ဒါပေမယ့် တွေ့တဲ့ အခါမှာတော့ ခင်ဗျားကောင်မလေးကျန်းချင်ချင်ဖြစ်နေတော့တယ်၊ သူက ကျုပ်ရဲ့သိုင်းပညာတွေ ချေဖျက်လိုက်တဲ့အပြင် မျက်လုံးကိုလဲ ကန်းအောင် ပြုလိုက်တယ်ဗျာ'

ချင်ရိသည် မိုးကြိုးလက်ဝါး ကျန်းချီအတွက် အမှန်တကယ် စိတ်မကောင်းဖြစ်မိ၏။

ကျန်းချင်ချင်သည် သူမအား စော်ကားခဲ့သော ရန်သူအား ကျကျနနစီစဉ်ပြီးမှ လက်စားချေခဲ့ခြင်း ဖြစ်သည်။

အခုတော့ အဖြေက ရှင်းနေပြီ။

ကျန်းချင်ချင်သည် သူထင်သည့်အတိုင်း မသေဘဲ အလွန်နာမည်ကြီးသော သိုင်း ပညာရှင် တစ်ယောက် သိုင်းဂိုဏ်းချုပ် တစ်ယောက်ဖြစ်နေခဲ့လေပြီ။

သူ၏ စိတ်တို့သည် ဆရာဖြစ်သူနှင့် ချိန်းဆိုးထားသော ကိုယ်ပျောက်လျှိုကို သွားရမည်လား၊ ချစ်သူ ကျန်းချင်ချင်နှင့် နှင်းပွင့်မယ် ထိစင်လွမ်တို့ဆီပဲ သွားရမည်လား ဝေခွဲမရဖြစ်နေ၏၊ တစ်ခုခုတော့ သွားရမည်မှာ ကေန်ပင်။

* * *



## ချစ်သူရှိရာ

ချင်ရိသည် ဆရာဖြစ်သူနှင့် ချိန်းဆိုထားရာ ကိုယ်ပျောက်လျှိုသို့မသွားခင် ကျောက်တစ်လုံးတောင်သို့ အရင်သွားမည်ဟု ရည်ရွယ်လျက် ဘုံကျောင်းမှ ထွက်ခဲ့၏။

သို့ရာတွင် မမျှော်လင့်ပဲ လမ်း၌ မိုးကြိုးလက်ဝါး ကျန်းချီနှင့် တွေ့ဆုံပြီး ချစ်သူကျန်းချင်ချင်မှာ မသေပဲ ခရမ်းရောင်ဂိုဏ်းချုပ် ဖြစ်နေသည်ဟု သိရပြန်သောအခါ ဂိုဏ်းတည်ရှိရာ ကျွန်စူးနယ်သို့ ခြေဦးက လှည့်သွားမိပြန်သည်။

ချစ်သူရှိရာသို့ အလိုအလျောက် သွားနေမိသော ခြေဦးကို မည်သို့မှ လှည့်လို့မရပေ။

သို့ဖြင့် ချင်ရိသည် ကျွန်စူးနယ် ယန်ကျိုးမြို့ကို ရောက်သွား၏။ ယန်ကျိုးမြို့၌ မမျှော်လင်ပဲ ကျားကြီးဝူကောင်စီးအား ပြန်လည်တွေ့ဆုံရသည်။

ဝူးကောင်းစီးမှာ ချင်ရိနှင့် ပြန်တွေ့ရသဖြင့် အလွန်မှ ဝမ်းသာပျော်ရွှင်နေ၏။

'ခု အစ်ကိုချင်ရိ ဘယ်ကိုသွားမှာလဲ'

'ခရမ်းရောင်ဝိုဏ်းချုပ်ရှိရာ'

'ဒါဆို ကျွန်တော့်နောက်လိုက်ခဲ့ ကျွန်တော်သိတယ်'

ကျွားကြီးဝူးကောင်းစီးက ခေါ် ဆောင် သွား သ ဖြင့် ချင်ရိ လိုက်ပါသွား၏။

'နှင်းပွင့်မယ်ရော အစ်ကိုချင်ရိ'

'ခရမ်းရောင်ဝိုဏ်းနဲ့ ပါသွားတယ်'

'ဖမ်းသွားတာလား'

'မဟုတ်ပါဘူးကွ၊ ဝေဒနာကုသဖို့ ပါသွားရှာတာပါ'

ယန်ကျိုးမြို့မှထွက်လျက် အနောက်ဖက်သို့ ဆက်လျှောက်ခဲ့ကြ၏။ ထိုမှ တောလမ်းလေးအတိုင်း လိုက်လာကြရာ လမ်းဆုံးတော့ ကျယ်ဝန်းသော ခြံဝင်းတစ်ခုအား တွေ့ရှိရသည်။





ဝါးရုံပင်များ အစီအရီနှင့် ခြံစည်းရိုးအဖြစ် စိုက်ပျိုးထားသည်။

ခြံဝင်း၏ အလယ်၌ အဆောက်အဦးများရှိသည်။

မင်းစိုးရာဇာများ နေထိုင်သည့် ခြံဝင်းကဲ့သို့ ခမ်းနားလှသည်။ ပတ်ဝန်းကျင်အား အကဲခတ်လိုက်ရာ လူသူအစောင့် တစ်စုံတစ်ရာမျှ မတွေ့ရှိရသဖြင့် ကျန်းချင်ချင်သည် သည်တစ်ချက်တော့ ညံ့သွားပြီဟုထင်၏။

ဝိုဏ်းတစ်ဝိုဏ်း၏ အဝင်ပေါက်အား အစောင့်လေး တစ်ဦးတစ်လေတောင် မထားဟု အပြင်တင်မိ၏။

ခြံဝင်းတံခါးက အလိုအလျောက်ပွင့်သွား၏။ ဝင်းထဲသို့ ဝင်လိုက်သောအခါ မမျှော်လင့်ပဲ သူတို့အား ဆီးကြိုနေသည်ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားသည်။

ချင်ရိသည် ကြိုဆိုကြသူများကို ကြည့်ရှုလိုက်ရာ သိုင်းဝိုဏ်းအဖွဲ့အစည်းများမှ ယိပ်သီးသိုင်းသမားများ ဖြစ်နေသည်ကို တွေ့ရ၏။

ညှော်ခန်းမကြီး၏ အလယ်ကောင်ဝယ် ခရမ်းရောင်ဝိုဏ်းချုပ်က သူတို့အား ကြိုဆိုနေသည်ကို တွေ့ရ၏။

ဂိုဏ်းချုပ်၏ မျက်နှာတွင် ဇာပုဝါဖုံးလွှမ်းထားခြင်းမရှိတော့။ သို့ရာတွင် ကျန်းချင်ချင်၏ မူလမျက်နှာမဟုတ်ပေ။ မျက်နှာတုတစ်ခုနှင့်ဖြစ်၏။

ခရမ်းရောင် ဂိုဏ်းချုပ်၏ တစ်ဖက်တစ်ချက်တွင် လက်ထောက်နှစ်ဦးက ရပ်လျက်ရှိသည်။

တစ်ဦးက ကျုံးစန်းဂိုဏ်းချုပ် သံခြေထောက် ကျင်ရှောင်ရိ သူက ချင်ရိအား မျက်လုံးမှေးစင်း၍ ကြည့်ရှုနေသည်။ ချင်ရိသည် ဂိုဏ်းချုပ်အား အံ့သြစွာကြည့်လိုက်မိသည်။

'ရှင်တို့ ဆံန်ကျိုးမြို့ရောက်ကတည်းက သတင်းက ဒီရောက်နေပါပြီ ဒါကြောင့် ကျွန်မ ကြိုဆိုတဲ့အစီအစဉ် လုပ်လိုက်ရတာပဲ အထူး သီးသန့်ဧည့်သည်တော်အဖြစ်နဲ့ ကြိုဆိုမိတာပါ....'

'ကျေးဇူးပါပဲကျန်း....အဲ....ဂိုဏ်းချုပ်ခင်ဗျာ'

ဂိုဏ်းချုပ်က ပြုံးပြီး လှမ်းကြည့်၏။

သူမကတော့ မသိနိုင်သေး။ ချင်ရိကတော့မှ သိနိုင်ခဲ့ပြီဖြစ်သည်။ ကျားကြီးဝူးကောင်းစီးမှာ သူတို့အား ခမ်းခမ်းနားနားဖြင့် သည်သို့ကြိုဆိုနေလိမ့်မည်ဟု လုံးဝထင်မထားခဲ့ပေ။





ထို့ကြောင့် နေရထိုင်ရ ခက်နေရှာ၏။

'နှင်းပွင့်မယ်လဲ မကြာခင် ရောက်လာပါလိမ့်မယ်'

'ကျေးဇူးပါပဲဂိုဏ်းချုပ်'

မကြာမီ ခရမ်းရောင်ဂိုဏ်းသားနှစ်ဦး၏အလယ်မှ နှင်းပွင့်မယ် လျှောက်လှမ်းလာသည်ကို တွေ့ရ၏။

သူမ၏မျက်နှာမှာ ငေးငေးငိုင်ငိုင် ဖြစ်နေ၏။

'ကဲ....ကိုကျားကြီး ဆေးလုံးပါလာသေးတယ်မှတ်လား'

'ပါလာတယ် အစ်ကိုချင်ရိ'

ကျားကြီးဝူးကောင်းစီးက ဆေးလုံးနိုက်ပေးသည်။ ချင်ရိက သူမထံ လျှောက်သွား၏။ ကျုံးစန်းဂိုဏ်းချုပ် ကျင်ရှောင်ရိက ဂိုဏ်းချုပ်မိန်းမပျိုထံ တိုးတိုးပြောလိုက်သည်။

သို့သော် ဂိုဏ်းချုပ်က လက်ကာပြလိုက်သဖြင့် ပြန်လည်ထိုင်သွား၏။ ချင်ရိက သူမအား ဆေးလုံးတိုက်ကျွေးလိုက်ရာ ငေးငိုင်နေရာမှ ပြန်လည်သတိရလာ၏။

'အစ်ကိုချင်ရိ'

သူမက ချင်ရိအား လှမ်းဖက်မည်လုပ်ပြီးမှ လူအများရှေ့ဖြစ်နေ၍ ကိုယ်ရှိန်တန့်သွားသည်။

'ဂိုဏ်းချုပ်ကြီးခင်ဗျာ အချိန်ရောက်နေပြီ ဖြစ်တဲ့အတွက် ယှဉ်ပြိုင်ပွဲကို စပြီးကျင်းပပေးဖို့ မေတ္တာရပ်ခံပါတယ်ခင်ဗျာ'

ဂိုဏ်းချုပ်က မတ်တတ်ရပ်ပြီး စကားပြော၏။

'ကျွန်မတို့ဂိုဏ်းဟာ အရည်အချင်းရှိတဲ့လူကို ရှိသလိုနေရာပေးပါတယ်၊ မည်သည့်ရာထူးမဆို ယှဉ်ပြိုင်လုယူခွင့်ပေးပါတယ်၊ အနိုင်ရသူကိုပေးပါတယ်၊ ဒါကြောင့် သိုင်းစွမ်းကို အစဉ်အမြဲ ထက်မြက်နေဖို့လိုပါတယ်'

သူမက ချင်ရိအား လှမ်းကြည့်လိုက်၏။

'ဒီနေ့ယှဉ်ပြိုင်တဲ့နေ့မှာ အထူး သီးသန့်ဧည့်သည်တွေနဲ့ တိုက်တိုက်ဆိုင်ဆိုင် ကြုံဆုံပါတယ်၊ ဧည့်သည်များကလဲ ဆန္ဒရှိရင် ရာထူးကို လုယူခွင့်ရှိပါတယ်'

ဂိုဏ်းချုပ်စကား ဆုံးသည်နှင့် ချင်ရိအား ဆတ်ခနဲ ထလိုက်၏။

'ကျုပ်က အထူးဧည့်သည်ဆိုတော့ အထူးအခွင့်အရေး ခံပါရစေ ဂိုဏ်းချုပ်ခင်ဗျာ'

'ဘာများတုန်းရှင့် ပြောပါ'



'တခြားမဟုတ်ပါဘူး၊ ခုရာထူးယှဉ်ပြိုင်တိုက်ပွဲမှာကျုပ်ရဲ့ အလိုလားဆုံးဆန္ဒကတော့ခရမ်းရောင်ဂိုဏ်းရဲ့ လက်ထောက်ဂိုဏ်းချုပ် ရာထူးပါပဲ ကျင်းရှောင်ရိရှိနေရာ ရာထူးဖြစ်ပါတယ်ခင်ဗျာ ကျုပ်ကိုတိုက်ခွင့်ယှဉ်ပြိုင်ခွင့်ပေးပါလို့တောင်းခံအပ်ပါတယ်'

ဂိုဏ်းချုပ်ကြီးဘေးမှ ရပ်နေသည့် ကျင်းရှောင်ရိမှာ မျက်လုံးကြီးများ နီမြန်းလျက် ဝုန်းခနဲ ရှေ့တိုးထွက်သည်။

ကျုံးစန်းဂိုဏ်းချုပ်၏စိတ်ထဲ ခံပြင်းသွားသည်။

'ခင်ဗျားရဲ့ လက်ထောက်ဂိုဏ်းချုပ်ရာထူးတော့ ကျုပ်လက်ထဲ ရောက်လိမ့်မယ်ထင်တယ်'

'ဒါဖြင့်လဲ ကောင်းတာပေါ့၊ မင်းနဲ့ငါ အကြားမှာ သွေးကြွေးလဲ ရှင်သွားတာပေါ့'

'ဧည့်သည်သိုင်းသမားကို ယှဉ်ပြိုင်ခွင့် ပေးပါတယ်'

ခရမ်းရောင်ဂိုဏ်းချုပ် မိန်းမပျို၏ ခွင့်ပြုချက်နှင့် ချင်ရိနှင့် ကျုံးစန်းဂိုဏ်းချုပ် ကျင်းရှောင်ရိတို့ မျက်နှာချင်းဆိုင်မိကြ၏။

ကျောင်းရှောင်ရိသည် ချင်ရိနှင့် သူသေကိုယ်သေယှဉ်ပြိုင် တိုက်ခိုက်ရတော့မည်ကို သိ၏။

ထို့ကြောင့် အတွင်းအားကို လက်ဝါးနှစ်ဖက်၌စုံစည်း လိုက်ပြီး ချင်ရိအား စတင်တိုက်ခိုက်လေတော့သည်။

ကျုံးစန်းဝိုက်းချုပ် တိုက်ခိုက်လာသည်ကို တွေ့မြင်ရသော အခါ ချင်ရိသည် ရှေ့ကိုခြေတစ်လှမ်း တိုးလိုက်၏။

'အစ်ကို သတိထား'

နှင်းပွင့်မယ်က သတိလှမ်းပေးလိုက်၏။

သို့ရာတွင် ချင်ရိက ဂရုမစိုက်ချေ။ ရှေ့ကိုဆက်တိုး၏။

ထို့ကြောင့် ကျုံးစန်း၏ သံခြေထောက်က ဝိုင်းပြီး ဖြောင့်သွား၏။

'ဝုန်း'

ချင်ရိ လွယ်ကူစွာ ရှောင်ထွက်နိုင်ခဲ့၏။

ချင်ရိ ရှောင်ထွက်သွားသဖြင့် ကျုံးစန်းဝိုက်းချုပ် မကျေ နပ်ရှိသမျှ အတွင်းအားများသုံးကာ ချင်ရိအား လိုက်လံ တိုက်ခိုက်၏။





ချင်ရိသည် လှိုင်းတံပိုးအကြား လူးလှိမ့်နေသည့်သို့ ရှောင် တိမ်းနေရ၏။

ခန်းမဆောင်ထဲရှိ လူများသည် ရင်တထိတ်ထိတ်နှင့် ကြည့်ရှုနေကြသည်။

ခရမ်းရောင်ဂိုဏ်းချုပ်ပင်လျှင် ချင်ရိအတွက် စိုးရိမ် လာသလိုလိုရှိသည်။

သူမ၏ရင်တို့မှာ လှိုက်ဖို့နေခဲ့၏။

'ဝုန်း'

'ဖတ်'

သည်တစ်ကြိမ်တော့ ချင်ရိမရှောင်တော့။ လက်ဝါးနှစ် ဖက်နှင့် ဆီးခံလိုက်သည်။ ထို့နောက် မိုးအဆုံးမြေအဆုံး သိုင်းကွက်နှင့် တွန်းထုတ်လိုက်သည်။

'ဝုန်း'

ကျုံးစန်းဝိုက်းချုပ်၏ ကိုယ်ခန္ဓာသည် အရုပ်တစ်ရုပ် ကြိုးနှင့် ချည်ထားရာမှ ပြုတ်ကျလိုက်သည်နှယ် အရုပ်ကြိုး ပြတ်ကာ လဲပြိုကျသွားတော့၏။

'ဟာ'

ကျုံးစန်းဂိုဏ်းချုပ်၏ ကိုယ်ခန္ဓာသည် နှင်းပွင့်မယ်၏ ရှေ့၌ လဲကျသွားခြင်း ဖြစ်သည်။

နှင်းပွင့်မယ် ထိစင့်လွမ်သည် ချင်ရိအနိုင်ရရှိလိုက်သဖြင့် အားရဝမ်းသာဖြစ်လျက် ရှိသည်။

ထိုအခိုက်သေလုနီးပါးဟုထင်မှတ်ထားခဲ့သောကျုံးစန်း ဂိုဏ်းချုပ်သည် လဲနေရာမှ ရုတ်တရက်ထပြီး နှင်းပွင့်မယ်၏ သွေးကြောကို လှမ်းထောက်လိုက်၏။

'ဟား....ဟား...ဟား....ဟား'

ကျုံးစန်းဂိုဏ်းချုပ်၏ ရယ်မောသံသည် ခန်းမတစ်ခု လုံး ဟိန်းညံထွက်သွားသည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ချင်ရိမှာ ထိတ်လန့် တုန်လှုပ်၏။

နှင်းပွင့်မယ်အတွက် စိုးရိမ်ပူပန်မိသွားသည်။

သို့ဖြင့် ကျင်းရှောင်ရိထံ လျှောက်သွား၏။

'ရပ်လိုက်စမ်း'

ချင်ရိ ရှေ့ဆက်မလျှောက်ဝံ့ပါချေ။





'ဒီမှာ ချင်ရိ မင်းငါ့ကို အနိုင်ယူသလို ငါလဲ မင်းကို တစ်နည်းနည်းနဲ့ ပြန်ပြီးအနိုင်ယူရမှ ကျေနပ်နိုင်မယ်ကွ'

'ခင်ဗျား သူ့ကို လွှတ်လိုက်ပါဗျာ၊ ခင်ဗျားဒဏ်ရာကို ကျုပ် ကုပေးမယ်'

'မလိုဘူးကွ၊ ငါ့ကိုယ်ငါသိတယ်၊ ငါမနေရတော့ဘူး၊ မင်းလဲတစ်သက်လုံး ယူကျုံးမရအောင် ကြေကွဲနေစေရမယ်ကွ'

ပြောပြောဆိုဆိုဖြင့် ကျင်းရှောင်ရိသည် နှင်းပွင့်မယ်၏ သွေးကြောမကြီးအား ရိုက်ချလိုက်လေတော့သည်။

'ဝုန်း'

နှင်းပွင့်မယ်ခမျာ မြေပေါ်သို့ ပြိုလဲကျသွားရှာ၏။

'နှင်းပွင့်မယ်'

ချင်ရိ၏မျက်လုံးအစုံမှာ မိုက်ခနဲဖြစ်သွားကာ နှုတ်မှလည်း ကျယ်လောင်စွာ အော်ဟစ်လိုက်မိသည်။

ဒေါ်သမျှသည်လည်း ခန္ဓာဘစ်ခုလုံးပင် ပေါက်ထွက်သွားမတတ် ဖွင့်အန်ရှုန်းကြွ‌ပေါက်ကွဲသွားတော့၏။

ကျုံးစန်းဂိုဏ်းချုပ် ရှောင်ရှိ၏ မျက်နှာအား ပြင်းထန်စွာ ရိုက်ချလိုက်လေတော့သည်။

'ဝုန်း'

ကျုံးစန်းဂိုဏ်းချုပ်၏ ခန္ဓာကိုယ်ကား အဝေးသို့လွင့်စင်လဲပြိုကျသွားလေတော့သည်။

နှင်းပွင့်မယ်အား ရင်ခွင်ထဲတွင် ထွေးပွေ့လျက် ချင်းရိဖက်ထားမိ၏။ သူမ၏အမည်ကို ထပ်တလဲလဲ ခေါ်နေမိသည်။

နှင်းပွင့်မယ်၏ ခန္ဓာကိုယ်မှာ တစ်ဖြည်းဖြည်း အေးစက်လာနေသည်။

ချင်ရိမှာ ဆောက်တည်ရာမရ ဖြစ်နေမိလေသည်။

နှင်းပွင့်မယ်၏ ရင်ညွန့်ကို စမ်းကြည့်၏။ နှလုံးခုန်သံကရပ်နေခဲ့၏။ သွေးလည်ပတ်မှု လုံးဝရပ်ဆိုင်းသွားရလေပြီဖြစ်သည်။



'တောက်'

နှာကျည်းခြင်း၊ခံပြင်းခြင်း၊ ဝမ်းနည်းကြေကွဲမှုများဖြင့် ချင်ရိ၏ နှလုံးသားများ ကြေမွနေခဲ့ရလေပြီ။

သူ၏ မျက်လုံးအစုံမှ မျက်ရည်တို့က ထိန်းမရ နှင်းပွင့်မယ်၏မျက်နှာပေါ်သို့ တစ်ပေါက်ပေါက် ကျရောက် နေခဲ့သည်။

'နှင်းပွင့်မယ်ရယ် အစ်ကို့ကြောင့် မင်းခုလို ဖြစ်ရတာပါကွယ်'

ဆို့နစ်စွာခံစားရင်း ချင်ရိသည် သူမအား တင်းကြပ်စွာပွေ့လိုက်ထားမိသည်။

နှင်းပွင့်မယ် ထိစင့်လွမ်ကား သူမအတွက် ချင်ရိ တစ်ယောက် သည်မျှ ကြေကွဲဝမ်းနည်း ပူဆွေးသောက ရောက်နေရသည်ဆိုလျှင် တမလွန်မှ ကြေနပ် ကြည်နူးနေခဲ့ မည်လား မသိနိုင်။

ပစ္စက္ခဘဝမှာတော့ ချင်ရှိသည် သူမအတွက် ဆောက်တည်ရာမဲ့ ပူဆွေးလွမ်းဆွတ် နေရဦးမည့် အလွမ်းသမားလူသားတစ်ဦး ဖြစ်နေ ဦးမည်မှာ ကောန်ပင် ဖြစ်လေသည်။

## အစစ်မဟုတ်သော အတု

ချင်ရိသည်နှင်းပွင့်မယ် ထိစင့်လွမ်၏ အလောင်းအား ယန်ကျိုးမြို့ပြင်ရှိ ခရမ်းရောင်ဝိုက်း တည်ရှိရာ ခြံဝင်းထဲတွင် ပင် ကောင်းမွန်စွာ ဂူသွင်းမြှုပ်နှံသဂြိုဟ်ခဲ့ပြီး ကျောက်တစ် လုံးတောင်သို့ ကျားကြီး ဂူးကောင်းစီးနှင့်အတူ ထွက်ခဲ့ကြ သည်။

ခရီးလမ်းတစ်လျှောက် ကွယ်လွန် ခဲ့သည့် နှင်းပွင့်မယ် အား ပူပူနွေးနွေး ပူဆွေးနေခဲ့ကြသဖြင့် တစ်ဦးနှင့် တစ်ဦး စကားများပင်မပြောမိကြပဲ ဟူပေပြည်နယ်ထဲသို့ ဝင်ရောက် လာမိကြ၏။

သို့နှင့် သူတို့ ကျောက်တစ်လုံး တောင်သို့ ရောက်ရှိကြ လေသည်။ မျက်မမြင်ဂူရှေ့သို့ရောက်သောအခါ လွန်ခဲ့သော





နှစ်နှစ်ခန့်မှာ ကဲ့သို့ပင် လက်ရာခြေရာမပျက် ရှိနေခဲ့သည်ကို တွေ့ရ၏။

သို့ဖြင့် နှစ်ယောက်သား ဂူပေါက်ဝရှိ ကျောက်တုံးအား ဖယ်ရှားလျက် အတွင်းသို့ဝင်ခဲ့ကြ လေသည်။

ဂူအတွင်း ကျောက်ဖျာ တစ်ချပ်ပေါ်ဝယ် မပုပ်မသိုးပဲ ရှိနေသည့် သူ၏ဆရာ ရုပ်အလောင်းကို တွေ့ရှိကြရလေ တော့သည်။

'အင်း....ထူးဆန်းတယ်နော် ဆရာကြီးရဲ့ အလောင်း က နှစ်လဲကြာပြီ၊မပုပ်မသိုးဘူး'

'ဒီအရပ်ဒေသက အပြဲစိုစွတ် အေးမြနေလာပဲ ကိုကျား ကြီးရဲ့ ဒါကြောင့်များမပုပ်မသိုးပဲ နေတာလား မသိဘူး'

ချင်ရိသည် ဆရာဖြစ်သူ၏ ရုပ်အလောင်းအား သန့်ရှင်း စင်ကြယ် သုတ်သင် မှုများ ပြုလုပ် ပေးပြီး အပေါ်းဝယ် ဒူးထောက်လျက် ကတိပြု တိုင်တည်လေသည်။

'ဆရာကြီးရယ် ဆရာ့အပေါ် သိုင်းလောကတစ်ခုလုံးက အထင်အမြင် လွဲမှားနေတာကို ကျွန်တော် မဖြစ်မနေ ဖြေ ရှင်းပေးပါမယ်၊ အမှန်တရားပေါ်ပေါက်လာဖို့ ကျွန်တော် အသက်စွန့် ကြိုးပမ်းမယ်ဆိုတာ ကတိပြုပါတယ် ဆရာ'

ကျွန်းကြီးဝူးကောင်းစီးသည် ချင်ရိတ္တုနေရာ အရပ်ဆီသို့ အဘယ်ကြောင့် လာရောက်ရသည်အား ယခုမှ သိရှိရပြီဖြစ်သည်။ ချင်ရိ၏စိတ်ထားမြင့်မြတ်မှုအား စိတ်ထဲမှ ကြိတ်၍ ချီးကျူးနေမိလေသည်။

ထို့နောက် မျက်မမြင် ငူအား ပြန်လည် ပိတ်ဆို့ပြီး နှစ်ဦးသားတောင်ပေါ်မှ ပြန်ဆင်းသက်ခဲ့ကြ၏။

— — —

ချင်ရိသည် ကျောက်တစ်လုံး တောင်မှ ကိုယ်ပျောက် လျှိုသို့ ဆက်လက် ထွက်လာခဲ့သည်။

ခရီးအားဖြင့် များစွာ ကွာလှမ်းလှသော နေရာများ မဟုတ်ကြပေ။ ချင်ရိက ကျွန်းကြီးဝူးကောင်းစီးအား သူငယ်စဉ်က သိုင်းပညာ သင်ခဲ့ပုံအကြောင်းအား ပြောပြလေသည်။

'ကျုပ်ဆရာက အဲဒီ ကိုယ်ပျောက်လျှိုမှာနေတယ်၊ ဒီ ကျောက်တစ်လုံးတောင်ပေါ်က ရွှေမြားတန် ထစ်ချက်တစ်ချက်ကို နေ့စဉ်ခူးခိုင်းတယ်ဗျ၊ ရွှေမြားတန်ချက်ပေးမှ သိုင်း တစ်ကွက် သင်ပေးတယ်'





သို့ဖြင့် ကိုယ်ပျောက်လျှိုထဲသို့ ရောက်ရှိသွားကြပြန်သည်။ ကိုယ်ပျောက်လျှို၌ အဆိပ်လက်ဝါး စုံရှင်းဖု အတူသည် ရောက်ရှိနှင့်၏။

သူတို့ရောက်သွားသောအခါ သူက လျင်မြန်စွာမေး၏။

'ဟို ပစ္စည်းပါရဲ့လားဟေ့၊ ချင်ရိ'

ချင်ရိက ခပ်မာမာပင် ပြန်လည်ဖြေကြားလိုက်၏။

'ပစ္စည်းတော့ပါတယ်၊ ဒါပေမယ့် ကျုပ် ခင်ဗျားကို မေးစရာရှိတယ်'

ချင်ရိ၏လေသံကို ကြားရသောအဘိုးအိုသည် မျက်နှာ ပျက်သွားသည်။

'ဘာမေးမလို့လဲ မေးလေ'

အဘိုးအိုသည် မျက်မှောင်ကြုတ်ရင်း မေးလိုက်သည်။

မေးပြီးမှ တစ်စုံတစ်ရာကို သတိရသွားလျက်–

'မင်း ဘာမေးမယ်ဆိုတာ ငါသိပါတယ်ကွာ'

ချင်ရိသည် အဆိပ်လက်ဝါး စုံရှင်းဖုဟု ဘွဲ့ကိုယ်သူဆိုသော အဘိုးအိုအား စိုက်ကြည့်နေလေသည်။

'ဟုတ်တယ်၊ ခင်ဗျား ဘာဖြစ်လို့ သူများနာမည်ကို အလွဲသုံးစားလုပ်ရသလဲဆိုတာ ကျုပ်သိချင်တယ်'

ချင်ရို၏အသံမှာ ခက်ထန်နေသည်။

'ဘာလဲ....မင်းက ငါ့ကို အဆိပ်လက်ဝါး စုံရှင်းဖုအတုလို့ ပြောချင်တာလား'

'ပြောချင်တာမဟုတ်ဘူးဗျ ပြောနေ တာ'

'ငါ့ကို အတုလို့ပြောရအောင် ဘာသက်သေအထောက်အထားရှိလဲကွ၊ အေး သက်သေမရှိရင်တော့ မင်းအသေးပဲ'

'ကျုပ်သေမလား ခင်ဗျားသေမလား ကြည့်ကြသေးတာပေါ့....'

ချင်ရိုသည် ပြောပြောဆိုဆိုဖြင့် ထိုအဘိုးအိုအား စတင်တိုက်ခိုက်သည်။

'ဒီမှာချင်ရို မင်းရပ်လိုက်ရင်ကောင်းမယ်'

'မရပ်ဘူးဗျာ၊ ခင်ဗျားဘယ်သူလဲ ကျုပ် သိရမှရပ်မယ်'

အဘိုးအိုမှာ ချင်ရို၏ တိုက်ခိုက်မှုကိုသာ ခံနေ၏။ သူကမူ ပြန်လည်မတိုက်ခိုက်သေးသဖြင့် ချင်ရိုအံ့ဩနေလေသည်။





'အင်း....မင်းဟာ မင်းဆရာထက်တောင် သိုင်းစွမ်းထက်နေပါလားကွယ့်၊ ငါဝမ်းသာပါတယ်ကွ'

ချင်ရိုသည် သူ့အားလည်း ရန်တုန့်ပြန်မပြု သူ့အပေါ်လည်း စေတနာထားခဲ့သော အဘိုးအိုအား တိုက်ခိုက်ခြင်းကို ရပ်လိုက်သည်။

ထိုအခါ အဘိုးအိုသည် သူ၏ မျက်နှာအတုအား ခွာချလိုက်လေသည်။

မထင်မှတ်သောမျက်နှာတစ်မျိုးက ပေါ်လာ၏။

ချင်ရို တစ်ခါမျှမမြင်ဖူးသောမျက်နှာဖြစ်သည်။

ကျားကြီးဝူးကောင်းစီးကလည်းထိုပုဂ္ဂိုလ်အားတစ်လှည့် ချင်ရိုအားတစ်လှည့် ကြည့်ရှုနေမိသည်။

'ငါ့နာမည့် သွေးလက်ဝါးချင်ဖုန်းပဲ'

'ဗျာ....သွေးလက်ဝါးချင်ဖုန်း'

ချင်ရို၏ ပြန်လည်မေးမြန်းလိုက်သံက အလွန်ကျယ်လောင်သွားသဖြင့် ကျားကြီးဝူးကောင်းစီးပင် ထိတ်လန့်ပြီး မော့ကြည့်သည်။

'ဒါ....ဒါ....ဒါဆို....ခင်....ခင်ဗျားဟာ ကျုပ်ရဲ့အဖေပေါ့ ဟုတ်လားဗျာ'

ချင်ရိက ငိုသံကြီးနှင့် ပြောလိုက်မိလေသည်။

ကျားကြီးဦးကောင်းစီးမှာခုမှသံသယရှင်းသွားဟန်ဖြင့်–

'အင်း....ဒါကြောင့်မို့လို့ စောစောတုန်းက ကျုပ်တော့် ကြည့်နေမိတာ အစ်ကိုချင်ရိ ဟောဒီဦးမျက်နှာနဲ့ အစ်ကိုချင်ရိ မျက်နှာက အင်မတန် ဆင်နေကြလို့ အံ့ဩနေမိတာ ခုတော့ ဘာဆန်းလို့လဲ သားအဖချင်းပဲ'

'ဟား....ဟား....ဟား....ဟား....ဟား....ဟား'

'ဟုတ်တယ်သား၊ သိုင်းလောကမှာ နှစ်ပေါင်းများစွာ အမဲစက်ကြီး စွန်းထင်းအောင် ဖေဖေ လုပ်ခဲ့မိပါတယ်ကွယ်'

'အဖေရယ်'

ချင်ရိသည် ဖခင်၏ ဖြစ်မှုအတွက် ယူကျုံးမရအောင် ဖြစ်သွားရှာလေသည်။

'သားကို ဖေဖေ ဇာတ်ရည်လည်အောင် ပြောပါ့မယ် သားရယ်'





သည်တော့မှ ချင်ရိသည် ဖခင်ဖြစ်သူအား သေချာစွာ ပြန်လည် ကြည့်ရှုမိ၏။ ဖခင်သည် သူနှင့် ဆင်ဆင်တူသော လူတစ်ဦး ငယ်စဉ်က ရုပ်ပုံလွှာအချို့ကို ပြန်လည်အမှတ် ရလာသည်။

ဖခင်၏ငယ်ရုပ်တို့ကို သူ ပြန်လည်သတိရလာတော့သည်။

သေွးလက်ဝါး ချင်ဖုန်းသည် အတိတ်ဇာတ်ကြောင်း အား စတင်ပြောတော့၏။

* * *

ချင်ဖုန်းနှင့် စုံရှင်းဖုကျိုသည် သူငယ်ချင်းများ ဖြစ်ကြ၏။ သိုင်းပညာ သင်ကြားရာတွင်လည်း တစ်ဆရာတည်း ဖြစ်ကြသည်။ အခနာက်ကျွန်း သိုင်းဘုရင်သည် သူတို့၏ဆရာ ရင်း ဖြစ်၏။

ထို့ကြောင့် သွေးလက်ဝါးချင်ဖုန်းနှင့် အဆိပ်လက်ဝါး စုံရှင်းဖုဟူ၍ သိုင်းလောကဝယ် ရပ်တည်ခဲ့ကြသည်။

သွေးလက်ဝါး ချင်ဖုန်းသည် စိတ်မြန်လက်မြန်နှင့် စိတ် ဆတ်သူတစ်ဦး ဖြစ်၏။

သိုင်းပညာအားကိုးနှင့် ထစ်ခနဲရှိလျှင် သိုင်းပညာနှင့် ဖြေရှင်းတတ်၏။

သွေးလက်ဝါးနှင့် အဆိပ်လက်ဝါးတို့မှာ သူငယ်ချင်းများဖြစ်သော်လည်း စိတ်ဓာတ်ချင်းက အလွန်ကွာခြား၏။

တစ်နေ့တွင် သွေးလက်ဝါးချန်ဖုန်းက သူ ချစ်ခင်နှစ်သက်နေသည့် မိန်းကလေးတစ်ဦးအား သွားရောက်ခိုးယူရန် သူငယ်ချင်းဖြစ်သူ အဆိပ်လက်ဝါး စုံရှင်းဖုအား တိုင်ပင်သည်။

'နေစမ်းပါဦး သွေးလက်ဝါးရဲ့၊ အဲဒီ ချွေးရိမေဆိုတဲ့ မိန်းကလေးနဲ့ မင်းက ဘယ်တုန်းက ရည်းစား ဖြစ်လိုက်ကြလို့လဲကွာ'

'ဟဲ....ဟဲ.... ဒီလိုပဲပေါ့ သူငယ်ချင်းရယ် ဒီကိစ္စဆိုတာ သိတိုင်းကောင်းတာ မဟုတ်ဘူးကွ'

သို့နှင့် အဆိပ်လက်ဝါး စုံရှင်းဖုသည် သွေးလက်ဝါး ချင်ဖုန်း၏ မိန်းမခိုးရာသို့ လိုက်ပါကူညီခဲ့၏။

သို့ရာတွင် တကယ်တမ်းသွေးလက်ဝါး ချင်ဖုန်း ခိုးယူလာခဲ့သည့် ချွေးရိမေထံတွင် ချစ်သူရည်းစားအဖြစ် ဆွေနီး



မျိုးစပ်တော်သည့် မိကျောင်းမြီး ကျောက်တာချင့်ဆိုသော သိုင်းသမား ရှိခဲ့လေသည်။

သူတို့နှစ်ဦးကား သူတို့ဆရာက အပြစ်ဒဏ် ပေးသည့် သဘောနှင့် ဂူတစ်ခုထဲတွင် သီးခြား ချုပ်နှောင်ထားခဲ့လေသည်။

ထိုသို့ ဂူထဲ ချုပ်နှောင်ခံနေရစဉ်ဝယ် သွေးလက်ဝါး ချင်ဖုန်းက မိချောင်းမြီး ကျောက်တာချင့်ယောင် ဆောင်လျက် မိန်းကလေး ချွေးရိမေအား ခိုးယူပေါင်းသင်းခဲ့ခြင်းသာ ဖြစ်လေသည်။

ချွေးရိမေမှာလည်း ချစ်သူနှင့် ကွေကွင်းခဲ့သော်လည်း တစ်မျက်နှာမှ နှစ်မျက်နှာ မပြောင်းလိုသဖြင့် သွေးလက်ဝါး ချင်ဖုန်းအား မချစ်မနှစ်သက်ဘဲ ပေါင်းသင်းခဲ့ရလေသည်။

အဆိပ်လက်ဝါး စုံရှင်းဖုက သွေးလက်ဝါး ချင်ဖုန်း၏ အပြုအမူအား ပြစ်တင်ရှုတ်ချခဲ့လေသည်။

'မင်းဟာ အင်မတန် ညာဏ်များတဲ့ကောင်ပဲ သွေးလက်ဝါး၊ မင်းက တစ်ဖက်သတ်ကြိုက်နေတဲ့ ချွေးရိမေကို တစ်

ပတ်လှည့်ခိုးယူပြီး သူ့ရည်းစားကဲ ခိုးသယောင်ယောင် သူ့ရည်းစားအတွက် ဂူထဲက ကယ်တင်သယောင်နဲ့ မိန်းကလေးကို လိမ်ညာခဲ့တယ်၊ ငါ့ကိုလဲ မင်းရည်းစားလိုလို လုပ်ပြီး ပူးပေါင်းပါဝင်စေတယ်၊ ဒေသချော်ချော် မင်းစဉ်းစားစမ်းကွ တစ်ဖက်က ခံရတဲ့ မိန်းကလေးရဲ့ချစ်သူမိကျောင်းမြီး ကျောက်တာချင့်ဆိုရင် ဘယ်လောက် ခံစားရမလဲကွာ၊ မိန်းကလေးဆိုရင် မင်းကို မျက်နှာမမျှားချင်လို့သာ ပေါင်းနေရပေမယ့် တကယ့်မေတ္တာစစ် မေတ္တာမှန် မဟုတ်ဘူးကွ'

ထိုသို့ သူငယ်ချင်းဖြစ်သူ သွေးလက်ဝါးကို ပြစ်တင်ဝေဖန်သကဲ့သို့ အဆိပ်လက်ဝါး စုံရှင်းဖုသည် ချွေးရိမမိန်းကလေးကိုလည်း ဖျောင်းဖျနှစ်သိမ့်၏။

'တကယ်တော့ သူ့ခမျာလဲမင်းကို အင်မတန် ချစ်လွန်းလို့ ဒီလိုလှည့်ဖျားပြီး ကယ်တင်ခိုးယူခဲ့တာပဲ ဖြစ်တယ် ချွေးရိမေ၊ ဖြစ်ပြီးမှတော့ လင်ရယ် မယားရယ် သားမှတ်မှတ်မယားမှတ်မှတ်သာ ပေါင်းကြတော့ ကိုယ့်မှာလဲ ကိုယ်ဝန်တွေ ဘာတွေရမှပဲကွယ်၊ လိမ်လိမ်မာမာ ချစ်ချစ် ခင်ခင်သာ နေကြ'

အဆိပ်လက်ဝါး စုံရှင်းဖုက ထိုသို့ ချွေးရိမေအား ဖျောင်းဖျ သွန်သင် ဆုံးမနေသည်အား သွေးလက်ဝါက





အထင်လွဲပြန်သည်။ သူ့မိန်းမအား အဆိပ်လက်ဝါးက သူမကောင်းကြောင်းပြစ်တင်ကာ ဖျားယောင်း သိမ်းသွင်းနေခဲ့သည်ဟု ထင်မှတ်၏။

ထိုအချိန်တွင် စုံရှင်းဖုမှာ မန်ချူး ကေရာဇ်အား တော်လှန်နေခဲ့သည့် တော်လှန်ရေးသိုင်းသမား တစ်ဦးဖြစ်၏။

သူက သွေးလက်ဝါးတို့လင်မယားကိုလည်း စည်းရုံးပြီး တော်လှန်ရေး သိုင်းသမားများ ဖြစ်လာစေခဲ့သည်။

အနောက်ကျွန်းသိုင်း ဘုရင် ဝှာချိန်ဟိုက်မှာ အဆိပ်လက်ဝါး စုံရှင်းဖု၏ကိုယ်ကျင့်တရားနှင့် ဖြောင့်မတ်မှုကိုသဘောကျပြီး သွေးလက်ဝါး၏ ထင်ရာလုပ်သည့် စိတ်ဓာတ်ကို မနှစ်သက်ပေ။ ထို့ကြောင့် လျှို့ဝှက်သည့် အကြောင်းအရာ သိုင်းပညာစသည်တို့ကို သွေးလက်ဝါးချင်ဖုန်းအား မပြောကြား၊ မသင်ကြား ဒါကိုလည်း သွေးလက်ဝါးချင်ဖုန်က အဆိပ်လက်ဝါးစုံရှင်းဖု၏ ချောက်တွန်းမှုထင်သည်။

အိမ်ထောင်ရေးမှာလည်းတစ်ဦးနှင့်တစ်ဦးသားဦးရင်သွေး ပင်ရခဲ့ကြသည်။ အစေးမကပ်ကြချေ။

ထိုစဉ်မမျှော်လင့်ပဲ သူတို့ လင်မယားက ကျောက်စိမ်းသိုင်းကျမ်း တစ်စောင်ကို ရရှိခဲ့ကြသည်။

ထို သိုင်းကျမ်းကို ချွေးရိမေထံက သွေးလက်ဝါးက တောင်း၏၊ ချွေးရိမေက မပေး၊ လင်ဖြစ်သူ၏စရိုက်အကျင့်ကို မကြိုက် မျိုးချစ်စိတ်ဓာတ်နှင့် ရိုးသားဖြောင့်မတ်သော အဆိပ်လက်ဝါး စုံရှင်းဖုကိုသာ ပေးလိုသည်။

ထိုသို့သော အိမ်ထောင်ရေး အခြေအနေ၌ မန်ချူး စစ်သည်များ၏ ဖမ်းဆီးခြင်းကို သူတို့ လင်မယားခံရ ပြန်သည်။

မန်ချူး အလိုတော်ရိ သံခြေထောက် ကျောင်းရှောင်ရိ၏ စုံနက်ဖြင့် အဖမ်းဆီးခံရခြင်း ဖြစ်သည်။

သို့ရာတွင် ကျောင်းရှောင်၏ အယုံသွင်း လှည့်စားမှုနှင့် ထို စနက်မှာ အဆိပ်လက်ဝါး စုံရှင်းဖုကြောင့်ဟု သွေးလက်ဝါးမှတ်ယူသွားခဲ့သည်။

ကျောင်းရှောင်ရိက မန်ချူးအလိုကျ တော်လှန်ရေး သိုင်းသမားများ၏ စုစည်းညီညွတ်မှုကို သွေးလက်ဝါး၏ မဆင်မခြင်မိုက်မဲမှုများဖြင့် ဖြိုခွင်း ပျက်ပြား စေခဲ့လေသည်။ သွေးလက်ဝါး ချင်ဖုန်းသည် မန်ချူး ကေရာဇ်၏ သူ့လူ ကိုယ့်ဘက်သား အသုံးချခံတစ်ဦးဖြစ်မှန်း မသိဖြစ်ခဲ့ရတော့သည်။ သိုင်းလောက၌ ထင်စန်းအောင် တော်လှန်ရေး



သိုင်းသမား များအား ယမ်းဗုံးခွဲ သတ်ဖြတ်မှု၏ အဓိက ပြစ်မှု ကျူးလွန်သူမှာ သွေးလက်ဝါး ချင်ဖုန်းသာလျှင် ဖြစ်ခဲ့သည်။

အဆိပ်လက်ဝါးစုံရှင်းဖုက ကြားမှတန် ဆာခံ သက်သက် ဖြစ်လျက် သူ့နာမည်သူ့ အယောင်ဆောင်ကာ အမျိုးသား သစ္စာဖောက်တစ်ဦးအဖြစ် သေဆုံးသည်ထိ နာမည်ပျက်ကာ လူတောမတိုးပဲ ကိုယ်ပျောက်လျှိုဝယ်ဇာတ်မြှုပ် နေခဲ့ရရှာသည်။

ချွေးရိမေကား မန်ချူးကေရာဇ်၏ စစ်သည်များလက်မှ ထွက်ပြေးလွတ်မြောက်၍ ဂိုဏ်းတစ်ဂိုဏ်း တည်ထောင်ကာ ထားရှိနိုင်ခဲ့၏။ သူတို့နှစ်ဦးအဖမ်းခံရစဉ်က ကျန်ရစ်ခဲ့သော ရင်သွေးအား အဆိပ်လက်ဝါး စုံရှင်းဖုက စောင့်ရှောက် မွေးခဲ့ရလေသည်။

ချွေးရိမေက အဆိပ်လက်ဝါး စုံရှင်းဖု့ထံ ပေးအပ်လိုက်သော ကျောက်စိမ်းသိုင်းကျမ်း မှာလည်း ချွေးရိမေ၏ တပည့် ဖြစ်သူ၏ လိမ်မှု ပါးနပ်မှုကြောင့် သူ့လက်ထဲသို့ မရောက်နိုင်ခဲ့သေးပဲရှိလေသည်။

ထိုကျောက်စိမ်းသိုင်းကျမ်းကိုရလျှင် သူ၌ပြီးပြည့်စုံသော သိုင်းကျမ်းတစ်စုံရကာ သိုင်းလောကအား စိုးမိုးနိုင်တော့

မည်ဟု သွေးလက်ဝါး မှတ်ယူလျက်လှုပ်ရှား နေခဲ့ခြင်းသာ ဖြစ်လေသည်။

ထို့ကြောင့် အဆိပ်လက်ဝါး စုံရှင်းပူအဖြစ် ပြန်လည်ပေါ်ပေါက်လာရကာ ကျောက်စိမ်း သိုင်းကျမ်းကို မရရအောင် လိုက်နေခြင်းပင်ဖြစ်သည်။

* * *

'အဲဒါပါပဲသားရယ် အဖေ့ရဲ့အဖြစ်က သားကိုတွေ့လို့မှ သားလို့ မခေါ်နိုင်တဲ့အဖြစ်မျိုး ရောက်နေတဲ့ဘဝ ဖြစ်နေခဲ့တယ်ကွယ့် နောက်ပြီးသားရဲ့ သိုင်းပညာ ထက်မြက်မှုတွေကို မြင်တွေ့ရပြန်တော့ ဒါတွေအားလုံးဟာ သားနဲ့ပဲ ထိုက်သင့်တယ်လို့ အဖေဆုံးဖြတ် လိုက်မိတယ် သားရယ်'

သွေးလက်ဝါးချင်ဖုန်းက ကြေကွဲနေသော ရဟန်းများနှင့် ချင်ရိအား အိတ်ထဲမှ ပစ္စည်းတစ်ခုကို ထုတ်ယူပြီးပေးသည်။

ကျောက်ဖြူသိုင်းကျမ်း

'အဲဒါ ဝူထိုင်ဂိုဏ်းချုပ်ကြီးရဲ့ လက်ရုံး မျက်လုံးစိမ်းလောက်ချိုင်းဆီကအဖေရအောင်တိုက်ခဲ့တဲ့ကျမ်းပဲကွ၊ သားမိခင်က ပေးလိုက်တဲ့ ကျောက်စိမ်းကျမ်းကတော့ သားဆီမှာ





ရောက်နေပြီပဲ၊ အင်း ဒီကျောက်စိမ်းကျမ်းနဲ့ ကျောက်ဖြူကျမ်းကိုပေါင်းပြီး တတိယကျမ်းဖြစ်တဲ့ အကောင်းကျမ်းရဲ့ အစွမ်းထက်မြက်မှုတွေကိုတော့ ငါ့အား သိုင်းလောကမှာ လိုအပ်သလိုသာ အသုံးချပေးတော့ကွယ်'

'ဒါနဲ့သားရယ် ယောကျ်ား တစ်ယောက်ဆီမှာ အရေးကြီးဆုံး အရာကဘာလဲကွယ်'

'ပေးထားတဲ့ ကတိပါပဲ ခင်ဗျာ'

ချင်ရိက လျင်မြန်စွာ ဖြေကြားလိုက်လေသည်။

'အေး သားဟာ သားဆရာရဲ့ထံမှာ ဘယ်လိုကတိပေးထားခဲ့လဲကွယ်၊ သားဆရာ အပေါ် တန်ဆာခံ လုပ်ပြီး မကောင်းကြံတဲ့ သူကို လက်စားချေမယ် ဆိုတာများပါသလား ဟင်'

ချင်ရိ ချက်ချင်း အဖြေပေးလိုက် ပြန်ပါသည်။

'ဟုတ်ဲ့အင်း အဖေ ကျွန်တော် ကတိ ပေးထားတာက အမုန်တရားကို ဖော်ထုတ်ပေးပါ့မယ်ဆိုတာပါပဲ ခင်ဗျား၊ လက်စားချေတာမျိုးမပါဘူး အဖေ'

'အေး အေး သားကတိပေးထားတဲ့ အတိုင်း သား ဆောင်ရွက်ပါသားရယ် အဖေတစ်ဦးရဲ့ မိုက်မဲမှု ဆိုပြီးတော့ မထိန်ချန် မဖော်ထုတ်ပဲမထားပါနဲ့ကွယ်'

'သားဆုံးဖြတ်ပြီးပါပြီအဖေ'

'ဘယ်လိုများ ဆုံးဖြတ်ထားသလဲ သားရယ်'

'သိုင်းလောကသားတွေရှေ့မှာကျွန်တော့်ဆရာအယောင်ဆောင် သိုင်းသမားကို ကျွန်တော် တွေ့ဆုံသုတ်သင်နိုင်ခဲ့ပြီး ယောဒီ အလွန်တန်ဖိုးရှိတဲ့ သိုင်းကျမ်းနှစ်စောင်ကိုလဲ ရရှိလိုက်တယ်ဆိုပြီး ဝူထိုင်ဂိုဏ်းထံ ပြန်လည်အပ်နှံလိုက်ရင် ကျွန်တော့်အပေါ်လဲ ယုံကြည်လို့ ကျွန်တော့်စကားကိုလဲ လက်ခံသွားကြမှာ အမှန်ပဲအဖေ'

သွေးလက်ဝါး ချင်ဖုန်းသည် တိတ်ဆိတ်ငြိမ်သက်စွာ ခပ်ဝေးဝေးရှိရာက သက်ပြင်းတစ်ချက်ကို ရှည်လျားစွာ ချလိုက်လေသည်။

'ဟင်း'

'အဖေကတော့ သားကို သိုင်းလောကမှာ အလွန်ထူးချွန်တဲ့ ထက်မြက်တဲ့ သိုင်းပညာရှင်ကြီးတစ်ဦး ဖြစ်စေချင်တာပါပဲ၊ ဒါကလဲပဲ ဒီသိုင်းကျမ်းနှစ်စောင်ရှိမှ ပြည့်စုံနိုင်မှာလေ၊ ဒါပေမယ့် သားက တစ်မျိုးဆုံးဖြတ်တယ်ဆိုတော့





လဲ့ အဖေ ဘာမှမပြောလိုတော့ပါဘူး သားရယ် ကဲသားလဲ လုပ်စရာရှိတာလုပ်ဦး အဖေလဲ သွားစရာရှိတာ သွားဦးမယ်'

သွေးလက်ဝါးချင်ဖုန်းသည် ချင်ရိတို့အား ကျောခိုင်းလျက် ကိုယ်ပျောက်လျှိုမှ တရွေ့ရွေ့ထွက်ခွာသွားခဲ့တော့၏။

ချင်ရိသည် ကျောက်ဖြူသိုင်းကျမ်းအား လက်ဝယ်ကိုင်လျက် လျှိုထဲမှ တရွေ့ရွေ့ထွက်ခွာသွားသော ဖခင်ရင်း သွေးလက်ဝါးချင်ဖုန်း၏ကျောပြင်ကို ငေးမောကြည့်ရှုလျက် မျက်ရည်များ ဝဲဝေ့ကျန်ရစ်ခဲ့လေသည်။

တစ်သက်တွင် တစ်ကြိမ်သာတွေ့ဖူးပြီးတစ်ခါသာစကားပြောဖူးသည့် ဖခင်သည် သူ့အား ထားရစ်ကာ ထွက်ခွာသွားခဲ့ပြန်လေပြီ နောင်နှစ်ပေါင်း မည်မျှကြာမှ ဖခင်အား တစ်ကြိမ်ပြန်တွေ့ဦးမည် မသိနိုင်။

'ဪ....ဖခင်....ဖခင်'

* * *

## မျိုးချစ်ခေတ်လွန်ရေးသိုင်းဆရာ အဆိပ်လက်ဝါး စုံရှင်းဖု

ချင်ရိုဘည် နောက်တစ်နေ့၌ သိုင်းလောကသားများအား ချိန်းဆိုထားရာ ကျောက်တစ်လုံးတောင်ကို ကျားကြီးဝူးတောင်းဝီးနှင့် တက်ရောက်ခဲ့လေသည်။

သိုင်းလောကသားများအား မျက်မမြင်ဂူထဲမှ သေဆုံးနေခဲ့သည့် ဆရာအဆိပ်လက်ဝါးစုံရှင်းဖု၏ အလောင်းအား လိုက်လံပြသလိုက်သည်။

ထို့ပြင် ယခုတလော အဆိပ်လက်ဝါးစုံရှင်းဖု သိုင်းလောကထဲ ပြန်လည် ပေါ်ပေါက်နေသည့်အကြောင်းအား ဆုံတွေ့ခဲ့သည့်သူများက သက်သေဝင်ရောက်ခံမှာ ဖြစ်သည်။





ထိုအခါ မိမိက သုတ်သင်ပစ်လိုက်ပြီဟု ပြောလျက် ဤသိုင်းလောကသားများ အလွန်လိုချင်တပ်မက်သည့်ကျောက်သိုင်းကျမ်းနှစ်စောင်အား ဂူထိုင်ဂိုဏ်းချုပ်ထံ ပြန်လည်အပ်နှံလိုက်မည်ဆိုပါက သိုင်းလောကသားများမှာ သူ့အပေါ် ရန်ငြိုးရန်စ ပျောက်ကွယ်သွားမည့်အပြင် ဆရာဖြစ်သူ အဆိပ်လက်ဝါးစုံရှင်းဖုအပေါ် စွပ်စွဲတင်ကျန်ခဲ့သည့် အမျိုးသားသစ္စာဖောက် အဆိပ်လက်ဝါးစုံရှင်းဖုံဆိုသည့် အမည်ဆိုသည်လည်း ကြေပျက်သွားခဲ့မည်မှာ အမှန်ဖြစ်သည်။

ချင်ရိုသည် ကိုယ့်စိတ်ကူးနှင့်ကိုယ် သိုင်းလောကသားများအား ရှင်းလင်းပြသမည့် အစီအစဉ်များကို ကျေနပ်အားရလျက် ရှိသဖြင့် ကျောက်တစ်လုံးပေါ်သို့ တက်ရောက်ရာတွင် ပေါ့ပါးသွက်လက်နေ၏။

ထိုစဉ် ကျောက်တစ်လုံးတောင်ပေါ်ဘက်မှ ဆင်းသက်လာကြသည့် သိုင်းလောက ထိပ်သီးများကို လှမ်းမြင်တွေ့လိုက်ရသဖြင့် ရင်ထဲ ထိတ်ခနဲဖြစ်သွားမိလေသည်။

မိမိအား မစောင့်နိုင်ကြတော့တဲ့ လက်စားချေဖို့ ဆင်းသက်လာကြခြင်း ဖြစ်မည်ဟု ထင်မိလိုက်၏။

သိုင်းထိပ်သီး အကျော်အမော်များမှာ စကားတပြော ပြောနှင့် ဆင်းသက်လာကြ၏။

ရှောင်လင်ဂိုဏ်းချုပ်ကြီး ဘုန်းတော်ကြီး ကျရှောင်း။

ဝူထိုင်ဂိုဏ်းချုပ်ကျန်းဝါမိ။

စွန်လွန်ဂိုဏ်းချုပ် ကျောက်တာ။

နှင်းတောင်ဂိုဏ်းချုပ် တောင်ပျော်မြေခွေးစိုယွင်တင်း။

ငိုမိဂိုဏ်းချုပ် လိမ့်တုံ–

စသည့် သိုင်းဂိုဏ်းချုပ်များနှင့် သိုင်းသမားများမှာ ချင်ရိတို့အား တွေ့ရှိသွားကြကာ လေးစားဖော်ရွေစွာ နှုတ်ဆက်ကြ၏။

'ဟေး....မျိုးချစ်တော်လှန်ရေး သိုင်းသမားကြီး အဆိပ်လက်ဝါးစုံရှင်းဖုရဲ့ တပည့် ချင်ရိပါလားကွယ့်'

ရှောင်လင်ဂိုဏ်းချုပ် ဘုန်းတော်ကြီး ကျရှောင်းက စထင်နှုတ်ဆက်လိုက်သဖြင့် ချင်ရိမှာ အံ့အားသင့်သွားလေသည်။





'တို့များတောင် မင်းနဲ့ဆရာအလောင်းထားရှိတဲ့ မျက်မမြင်ဂူထဲရောက်ခဲ့ကြသေးတယ်ကွယ့်'

'ခင်ဗျာ'

ငူထိုင်ဂိုဏ်းချုပ်ကြီး ကျန်းဝါမိကလည်း ဖော်ရွေစွာ ပြောကြား၏။

'ဆရာလေးအပေါ်မှာ အထင်လွဲပြီး မကောင်းတဲ့စိတ်ခေတ်တွေနဲ့ ရိုင်းစိုင်းတဲ့အပြုအမူတွေအတွက် တောင်းပန်ပါရစေခင်ဗျာ'

နှင်းတောင်ဂိုဏ်းချုပ် တောင်ပျော်မြေခွေးစို့ယွမ်ထင်းကလည်း လှိုက်လှဲစွာ တောင်းပန်၏။

ထို့နောက် တစ်ဦးပြီးတစ်ဦး ချင်ရိအား နှုတ်ဆက်ကြ၏။

'အင်း....နှစ်ပေါင်းများစွာက တစ်လွဲမြင်ပြီး ရန်ကြွေးဆပ်ဖို့ ရှာဖွေနေခဲ့တဲ့ အလုပ်တစ်ခု ပျောက်ပျက်သွားတာပေါ့ဗျာ'

ချင်ရိ သူတို့အား ကျော်ခိုင်းပြီး တောင်ပေါ်ဆက်တက်လေတော့ နောက်ဖက်မှ ကြားလိုက်ရသည့် သိုင်းလောကသားတစ်ဦး၏စကား ပဲ့တင်ရိုက်ခတ်မှုက ချင်ရိ၏ နှလုံးသားကို လာရောက် ထိမှန်သည်။

ချင်ရိ၏မျက်လုံးအစုံမှာ ကြီးကန်တစ်ကောင်၏မျက်လုံးကဲ့သို့ ဟိုဟိုသည်သည်ကြည့်လျက် ရှိသဖြင့်—

'အစ်ကိုချင်ရိ ဘာကို ရှာနေတာလဲ'

ကျားကြီး ဝူးကောင်းစီးက သိချင်လှသဖြင့် မေးမြန်းလိုက်ရာ—

'သိုင်းလောကသားတွေကိုရှင်းဖို့ ဖိတ်တာက ကျုပ်များခု ကျုပ်တောင်မရောက်သေးဘူး၊ ကျုပ်ရှင်းမဲ့ကိစ္စကို ဘယ်သူများ ကြားက ဝင်ရှင်းသွားသလဲမသိဘူး'

ကျောက်တစ်လုံး တောင်ထွတ်ပေါ် ရောက်ရှိသွားသဖြင့် လေက ဟူးခနဲတိုက်ခြင်းကို ခံလိုက်ကြရသည်။

'ဟင်....ဟိုမှာ ခရမ်းရောင်ဂိုဏ်းချုပ်ကြီး'





ခရမ်းရောင်ဂိုဏ်းချုပ်မှာ သူတို့အား ကျောခိုင်းထားသဖြင့် သူမ၏ ရှည်လျားနက်မှောင်သော ဆံပင်များက လေဝယ် တဖျပ်ဖျပ် လွင့်ဝဲနေခဲ့သည်။

ချင်ရိသည် ရင်ထဲ၌ ဒိတ်ကနဲ ခုန်သွားခဲ့ပြီး သူမက တောင်တစ်ဖက်သို့ မျှော်ငေးနေဟန်ရှိသည်။

ကျားကြီးဝူးကောင်းစီက အခြားတစ်ဖက်သို့ ထွက်သွားသဖြင့် ချင်ရိသည် ခရမ်းရောင်ဂိုဏ်းချုပ်ထံ လျှောက်သွားသည်။

'ဂိုဏ်းချုပ်ကြီး'

ချင်ရိက နောက်ဖက်မှ တိုးသက်စွာခေါ်လိုက်သဖြင့် သူမက ဖြေးညှင်းစွာ လှည့်ကြည့်လာသည်။

'ဟင်....ကျန်းချင်ချင်'

ချင်ရိနှုတ်မှ ဝမ်းမြောက်ပျော်ရွှင်စွာ နာမည်လေးက ခုန်ထွက်သွားသည်။ သူမက အပြုံးမြမြလေးတစ်ခု ပြုံးပြ၏။

'ကျွန်းချင်ချင် ဘယ်ကိုငေးကြည့်နေတာလဲဟင်'

'ဩြော်...စောစောတုန်းကဲ အဆိပ်လက်ဝါး စုံရှင်းဖို့ အတုရဲ့ ထူးခြားတဲ့အပြုအမူအတွက် စိတ်မကောင်းလို့ ငေးမျှော်ကြည့်နေတာပါ၊ အစ်ကိုချင်ရိကိုလဲ စောင့်ရင်းပေါ့'

'ဘယ်....ဘယ်လို....အဆိပ်လက်ဝါး စုံရှင်းဖွဲ့အတု ဟုတ်လား....'

'ဟုတ်တယ် အစ်ကိုချင်ရိ၊ သိုင်းလောကသားတွေထံ သူရောက်လာတယ်၊ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်ကျော်က ထင်စန်းတောင်မှာ ယမ်းဗုံးနဲ့ တော်လှန်ရေးသိုင်းသမားတွေကို သတ်ခဲ့လူဟာ သူပါတဲ့ အဆိပ်လက်ဝါးအစစ်က မျက်မမြင်ဂူထဲမှာရှိတယ်တဲ့၊ အခုလာတာလဲ သိုင်းလောက သားတွေကို အစ်ကိုချင်ရိရောက်မလာခင် သတ်ရအောင်လာတာတဲ့-

ဒါနဲ့ သူနဲ့သိုင်းသမားတွေ ရင်ဆိုင်တိုက်ကြတယ်၊ ဒါပေမယ့် သူက တစ်ချက်လေးမှ မခုခံသွားရှာဘူး၊ ဟောဒီတောင်ပေါ်က ထိုးကျသွားလေရဲ့'

ချင်ရိ မည်သို့မျှ နှုတ်တုန့်မပြန်လေတော့။ မျက်ရည်များ ရစ်ဝဲလာခဲ့တော့သည်။ သူအံကိုကြိတ်လိုက်၏။ မျက်အိမ်ဝယ်



ပြည့်နေသည့် မျက်ရည်စများကို သူမ မမြင်အောင်ခေါင်းကို ခါရမ်းရင်း ဖျောက်လိုက်၏။

'ခရမ်းရောင်ဂိုဏ်းချုပ်ကြီးအတွက်ကျုပ်လက်ဆောင်ပါ'

သူက ကျောက်သိုင်းကျမ်း နှစ်စောင်ကို လက်ဝါးတွင် ဖြန့်ပြလိုက်၏။

'ခရမ်းရောင်ဂိုဏ်းချုပ်ကြီးက ဘယ်မှာလဲရှင်၊ ကျွန်မက ကျွန်းချင်ချင်ပါ'

'ဟင်....'

ထိုစဉ် ခရမ်းရောင်ဂိုဏ်းသားများ တောင်ပေါ်ရောက်လာကြပြီး။

'ခရမ်းရောင်ဂိုဏ်းကြီး'

သူတို့က ခေါ်ရင်းလျှောက်လာကြ၏။

'ဟဲ....မင်းရဲ့ဂိုဏ်းသားတွေလာပြီ၊ ဘာပြင်းချင်သေးလဲ'

'ဘယ်သူ့ ဂိုက်းသားတွေလဲ'

'ဂိုဏ်းချုပ်ကြီး ချင်ရိခင်ဗျာ တောင်ခြေမှာ ဂိုဏ်းကိုပြန်ဖို့ စီးနှင်းရန် စီးတော်မြင်း အဆင်သင့် ရှိနေပါပြီခင်ဗျာ'

ဂိုဏ်းသားများက သူ့ခြေရင်းတွင်ဒူးထောက် အရိုအသေ ပေးလိုက်ကြ၏။

ကျွန်းချင်းချင်းက ကြည်နူးစွာပြုံးနေသည်။

ချင်ရိမှာ လက်ထဲ၌ ကျောက်စိမ်းကျမ်းနှင့် ကျောက်ဖြူကျမ်း နှစ်စောင် ကို ကိုင် လျက် တ တိ ယ ကျမ်း ဖြစ် သည့် 'အကောင်းကျမ်း' ကို မည်သို့ အသုံးပြုရမည်နည်းဟုစဉ်းစား နေလေသတည်း။

( ပြီးပါပြီ )

စာရှုသူများအားလုံး ရှင်လန်းချမ်းမြေ့ ကြပါစေ။

အောင်ရဲလင်း

ကွင်းစာပေ
မင်းစာပေ